

www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

- ပုံနှိပ်သူ
ဦးကျော်ဌေးမင်း (၀၅၉၉၂)
အောင်သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

- ထုတ်ဝေသူ
ဦးအောင်မိုး(ယာယီ-၁၄၆၃)
အမှတ်-၁၁၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

- ဖြန့်ချိရေး
ရတနာသိုက်စာပေတိုက်
အမှတ်-၁၅၂(ပ-ထပ်)၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၀၀၆၉၉၊ ၀၉ ၅၅၀ ၆၁၃၈၊ ၀၉ ၅၁ ၉၆၁၂၃

မျက်နှာဖုံးဒီဇိုင်း
အောင်မိုး

ကွန်ပျူတာ
ဆုအေးအောင်၊ ကြည်စိုးဟန်

ဖလင်
Empire

စာအုပ်ချုပ်
ကိုတင်အေး(လှိုင်)

ပုံနှိပ်ခြင်း
၂၀၁၃၊ ဇွန်လ


အုပ်ရေ
၁၀၀၀

တန်ဖိုး
၂၀၀၀ ကျပ်

၈၉၅.၈၃
သတိုးတေဇ စာရေးဆရာ
ဖဲမှော်ကျိန်စာ
သတိုးတေဇ၊ ရန်ကုန်၊
ရတနာသိုက် စာပေ၊ ၂၀၁၃
စာ - ၂၀၀၊ ၁၂.၅ × ၂၀ စင်တီမီတာ
ဖဲမှော်ကျိန်စာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# ဖဲမှော်ကျိန်စာ

သတိုးစော

BURMESE CLASSIC .com

## နိဒါန်း

ငုပ်လျှိုးပျောက်ကွယ်စပြုနေသော နေလုံးနီနီက အိမ်အနောက်ဘက်မှ မြေတလင်းပြင်ပေါ်တွင် နီစွေးစွေး ကျနေ၏။ ထို တလင်းပြင်ပေါ်တွင်တော့ ခေါင်းတလားအတွင်းသို့ မသွတ်သွင်းရသေးသော အသုဘ ရုပ်အလောင်းကြီးက ဒေါက်ထောက်ထားသည့် နွားလှည်းပေါ်တွင် ဆန့်ဆန့်ကြီး ငြိမ်သက်တောင့်တင်းနေ၏။

ထိုနွားလှည်း၏ ဘေးတစ်ဖက်တစ်ချက်မှ လက်ရန်းတိုင်များပေါ်တွင်လည်း တောပန်းတွေကို ဝေနေအောင် ချည်နှောင်အလှဆင်ထားပြီး အမွှေးနံ့သာတိုင်များကိုလည်း အငွေ့တထောင်းထောင်းထအောင် ထွန်းညှိထား၏။ ရွာမှ ကာလသားတစ်စုမှာ ခွေးတစ်လုံးသံတစ်လုံးဖြင့် ခေါင်းတလား ရိုက်သူကရိုက်၊ ကနားဖျင်း ထိုးသူကထိုး၍ နွားလှည်းကြီးဘေးတွင် အလောင်းစောင့်ရင်း ဖဲဝိုင်းလုပ်သူတွေကလည်းရှိ၍ ရှုတ်ရှုတ်သဲသဲပင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ...

ကောင်းကင်ပြင်တစ်ခုလုံးမှာ တစ်စထက်တစ်စ အမှောင်ထု အောက်သို့ တိုးဝင်လာပြီဖြစ်သည်။ အလောင်းပြင်ထားသည့် နွားလှည်း ဘေးမှ ကာလသားတွေ၏ ဖဲဝိုင်းကလည်း အောက်လင်းမီးရောင် တထိန်ထိန်အောက်တွင် ဟေးခနဲ၊ ဝါးခနဲ စီစီညံညံဖြစ်နေကြသည်။

''ဖြောင်း...''

''ကိုး...၊ ကိုးဖဲကွ...''

ဒိုင်လုပ်သူ၏ 'ကိုး'ဟု အော်သံနှင့်အတူ အခြား ဖဲကစားသူ တွေမှာလည်း တစ်ယောက်တစ်ပေါက်နှင့် ကျွက်ကျွက်ညံကုန်သည်။ ထိုဖဲသမားများထဲမှ ပွဲစဉ်တိုင်းလိုလို ဒိုင်အစားခံနေရသော ဖဲသမား တစ်ယောက်က

''ဟာ.. သေလိုက်ပါတော့ကွာ။ ငါနယ် 'ကိုးမီး'ကစားပါတယ် ဆိုမှ ဖဲတွေက အလှည့်တိုင်း ဆယ်ဖဲတွေချည်း ကျနေတော့ တာပဲ''

ထိုဖဲဝိုင်းမှာ အသုဘစောင့်ရုံ အပျော်သက်သက်ဟုဆိုသော် လည်း တဖြည်းဖြည်းနှင့် ငွေစတွေပါလာကာ တကယ့်စီးပွားဖြစ် ကစား ဝိုင်းကြီးတစ်ခုလို ဖြစ်လာသည်။

စောစောက ပျဉ်ချပ်တွေစပ်ပြီး ခေါင်းတလားပြုလုပ်နေကြ သော ကာလသားတချို့နှင့် ကနားဖျင်းထိုးနေကြသူတွေပါ ဖဲဝိုင်းဘေး တွင် ဒူးတစ်ဖက်ထိုးဝင်ထိုင်ကာ ငွေတိုငွေစလေးတွေကို ဘေးမှ ဖြည့်ပြီး လိုက်ထိုးနေကြ၏။



BURMESE CLASSIC .com



ညဦးပိုင်းက မသာစောင့်ဖဲဝိုင်းကို လက်ဖက်တွေ၊ ကွမ်းတွေနှင့် ညှော်ခံနေကြသော ရွာထဲမှ ကာလသမီးတွေမှာလည်း အခုလို မိုးချုပ် လာသည်နှင့် အလျှိုအလျှို ကိုယ့်အိမ်ကိုယ် ပြန်ကုန်ကြသည်။ ပိုဆိုး သည်က ယခုသေဆုံးသွားသည့် ဘကြီးဘိုးဖြူမှာ ရွာထဲတွင် ပယောဂ ဆရာလိုလို၊ ဆေးဆရာလိုလိုနှင့် နားလည်ရခက်သည့် လုပ်ပုံကိုင်ပုံများ ကြောင့် သူ့ကို ကလေးရော လူကြီးပါမကျန် အားလုံးက ကြောက်ကြောက် နှင့် ဘာသိဘာသာနေကြသည်။

အခုလည်း ဘကြီးဘိုးဖြူတစ်ယောက် သေဆုံးသွားသည်မှာ ကောက်ကာငင်ကာကြီး ဖြစ်သွားသဖြင့် တစ်ရွာလုံးက စိတ်ဝင်တစား နှင့် ဖြစ်ကုန်ကြသည်။ တချို့က ဘကြီးဘိုးဖြူ ကျွေးမွေးထားသည့် တစ္ဆေသရဲက သူ့ကိုပင် ဒုက္ခပြန်ပေးသွားခြင်း ဖြစ်လိမ့်မည်ဟု ပြောဆို နေကြ၏။ တချို့ကတော့ ဘကြီးဘိုးဖြူတစ်ယောက် သူဖော်စပ်ထား သည့် ဆေးမြီးတိုကို စမ်းပြီးသောက်ရာမှ အခုလို ဖြစ်သွားတာ ဖြစ်လိမ့် မည်ဟု အမျိုးမျိုးထင်ကြေးတွေ ပေးနေကြသည်။

ဘာပဲပြောပြော ဘကြီးဘိုးဖြူတစ်ယောက်ကတော့ နွားလှည်း ကြီးပေါ်တွင် ပိတ်ဖြူစောင်ပါးတစ်ထည် လွှမ်းခြုံထားရင်း ငြိမ်သက် တောင့်တင်းနေပေပြီ။

''ဘကြီးဘိုးဖြူရေ ကျုပ်ဖဲကို ကိုးဂဏန်းလေး ဘာလေး ကျ အောင် လုပ်ပေးစမ်းပါဗျာ။ ဒီမှာ ခွက်ခွက်လန်အောင် ရှုံးနေ ပြီ''

စောစောက ဒိုင်အစားခံနေရသည့် ဖဲသမားက ဘေးမှ ဘကြီး ဘိုးဖြူ၏ ရုပ်အလောင်းကြီးကို လှမ်းကြည့်ကာ စည်းမဲ့ကမ်းမဲ့ ပြောဆို



www.burmeseclassic.com

www.burmeseclassic.com



နေပြန်သည်။ သို့သော် သူ့ဖဲတွေက အံ့သြစရာကောင်းလောက်အောင်ပင် အလှည့်တိုင်းလိုလို ဒိုင်အစားခံနေရသည်။

ညနက်လာသည်နှင့်အမျှ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်။ တစ်ခါတစ်ရံ လယ်ကွင်းတွေအပေါ်ဖြတ်ပြီး တိုက်လာသည့် လေအေးတွေက ဟူးဟူးဟဲဟဲဖြင့် သူတို့ဖဲဝိုင်းအလယ်သို့ တရစပ်တိုးဝှေ့နေသည်။

"ကျွတ်... ဒုက္ခပါပဲကွာ။ ဖဲကလည်း ဆွဲလိုက်သမျှ ဆယ်ဖဲတွေချည်း ကျနေတော့တာပဲ"

စုတ်တစ်ချက်သပ်ရင်း တညည်းညည်း၊ တညူညူဖြစ်နေသည့် စောစောက ဖဲသမားမှာ သူ့လက်ထဲမှ ဖဲနှစ်ချပ်ကို ဝိုင်းအလယ်သို့ ပစ်ချလိုက်၏။ ပြီးတော့ သူ့ရှေ့မှာထိုးထားသည့် ငွေစတွေကိုလည်း ဒိုင်ဖြစ်သူကို ပေးလျော်လိုက်ရသည်။ ပိုဆိုးသည်က ဒီတစ်ခါ ထိုးဖို့ငွေစတွေက သူ့အတွက် အနည်းအကျဉ်းသာ ကျန်တော့သည်။ ထိုအချိန်မှာပင်

"ကျွိ. ကျွိ... ကျွိ"

စိမ့်ခနဲ တိုက်လိုက်သည့်လေကြောင့် အသုဘကြီး တင်ထားသည့် နွားလှည်း၏ လှည်းတံပိုးမှာ ဘယ်ညာ နိမ့်ချည်၊ မြင့်ချည်နှင့် လှုပ်ရှားသွား၏။

"ကဲ ဘကြီးဘိုးဖြူရေ၊ ကျုပ်တော့ ဒီတစ်လှည့်မနိုင်ရင် မဖြစ်တော့ဘူး။ ကျုပ်ကို ကိုးဖဲသာကျအောင် လုပ်ပေးပေတော့"

ပြောပြောဆိုဆို ထိုဖဲသမားက ဒိုင်လုပ်သူ ဝေပေးထားသော ဖဲနှစ်ချပ်ကို မကြည့်သေးဘဲ နွားလှည်းပေါ်က ရုပ်အလောင်းကြီးကို လှမ်းကြည့်လိုက်၏။





"ဟင်..."

အသုဘရုပ်အလောင်းကြီးပေါ် လွှမ်းခြုံထားသော စောင်က လည်ပင်းအထိ လျှောကျနေပြီး ဘကြီးဘိုးဖြူ၏ မျက်နှာကြီးတစ်ခုလုံးမှာ အတိုင်းသားမြင်နေရသည်။ ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာကြီးနှင့် ဟောင်းလောင်းပွင့်ဟနေသော ပါးစပ်ပေါက်ကြီးက ဘယ်လိုမှ ကြည့်ပျော်၊ ရှုပျော်မကောင်းတော့သည့် မြင်ကွင်းတစ်ခုပင် ဖြစ်သည်။

'ဒါ... ဒါ လေတိုက်လို့ အပေါ်ကခြုံထားတဲ့စောင်ကြီး လန်သွားတာပဲနေမှာ...'

ထိုစဉ်မှာပင် အလှည့်တိုင်းရှုံးနေသော ဖဲသမားက သူ့လက်ထဲမှ ဖဲနှစ်ချပ်ကိုကိုင်ကာ အလောင်းတင်ထားသည့် လှည်းဘီးကို တဖတ်ဖတ် လှမ်းရိုက်လိုက်ပြီး တတွတ်တွတ် ရေရွတ်လိုက်၏။

"ကျုပ်ဖဲကို မပေတော့ ဘကြီးဘိုးဖြူရေ"

သူ့လက်ထဲမှာ ကိုင်ထားသည့် အပေါ်ဖဲတစ်ချပ်မှာ စပိတ်ကင်းဖြစ်နေပြီး ထိုဖဲ၏အောက်မှ နောက်ထပ်ဖဲတစ်ချပ်မှာ ကိုးဖဲဖြစ်ရန်သာ ချောနေပြီဖြစ်၏။

ထို့နောက်...

လက်ထဲမှ ဖဲနှစ်ချပ်လုံးကို ထိုသူက တရှုံ့ရှုံ့နှင့်နမ်းကာ လက်ဖဝါးထဲသို့ ရိုက်လှန်ချလိုက်စဉ်မှာတော့

"ဝုန်း..."

"ဟာ..."

ရုတ်တရက်ကြားလိုက်ရသော လဲပြိုကျသံကြီးနှင့်အတ အသုဘတင်ထားသည့် နွားလှည်း၏ လှည်းဦးမှာ မြေကြီးပေါ် စိုက်ကျ

www.burmeseclassic.com



သွား၏။ တစ်ချိန်တည်းမှာပင် လှည်းပေါ်မှ အသုဘ အလောင်းကြီးမှာ လည်း မြေပြင်ပေါ်သို့ နှစ်ပတ်၊ သုံးပတ် လိမ့်လျှောကျသွားသည်။

"အောင်မလေး..."

"လုပ်... လုပ်ကြပါဦး"

"ပြေး... ပြေး..."

ကြောက်မက်ဖွယ်ရာ ထိတ်လန့်တကြား အော်သံ၊ ဟစ်သံတွေ ကြောင့် ဘာရယ်မှန်းမသိဘဲ ဖဲဝိုင်းတစ်ခုလုံး ကယောင်ကတမ်းဖြင့် ပြေးမိပြေးရာ ထပြေးမိကြတော့သည်။ တချို့ကလည်း မြေပြင်ပေါ်တွင် ပက်လက်ကြီးဖြစ်နေသော အလောင်းကြီးကိုပင် တက်နင်းမိကြ၏။ အလဲလဲ အပြိုပြိုဖြစ်သွားသော အောက်လင်းမီးအိမ်မှာလည်း အလင်း ရောင် ခပ်မှိန်မှိန်သာရှိတော့၏။

ထိုသို့ ပြေးမိပြေးရာကို ခြေကုန်သုတ်ပြီး ပြေးကြသူ ဖဲသမား များအထဲတွင် စောစောက တစ်ချိန်လုံး ဖဲရှုံးပြီး ညည်းညူနေသည့် ဖဲသမားတစ်ယောက်ကတော့ အသုဘ အလောင်းကြီး၏ ပွင့်ဟနေသော ပါးစပ်ထဲမှ ထွက်ကျလာသည့် တစ်စုံတစ်ရာကို မြင်လိုက်မိသည်နှင့် သူ့ခြေလှမ်းတွေ တုံ့ဆိုင်းသွားမိသည်။

ထိုအသုဘအလောင်းကြီး၏ ပါးစပ်ထဲမှ ထွက်ကျလာသည့် အရာက တလိမ့်လိမ့်နှင့် လိမ့်လာပြီး ထိုသူ၏ ခြေအစုံနားတွင် ရပ်တန့် သွား၏။

"ဟင်..."

ထိုအရာကတော့ ကြေးဝါရောင် ဒင်္ဂါးပြားလေးတစ်ချပ်ပင်...။

ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း သူနှင့်အတူ အသုဘ





အလောင်းကြီးသာ ကျန်နေရစ်တော့သည်။ ဖဲဝိုင်းမှ ကျဲပြန့်နေသော ဖဲချပ်တွေက မြေပြင်ပေါ်တွင် လေတိုက်ခတ်လိုက်တိုင်း ဝဲလွင့်နေကြ၏။

ထိုသူက ကြေးဝါရောင် ဒင်္ဂါးပြားလေးကို ကောက်ယူကာ အင်္ကျီအိတ်ကပ်ထဲသို့ ထိုးထည့်လိုက်သည်။

❑



www.burmeseclassic.com

www.burmeseclassic.com











## အခန်း ( ၁ )

''မှတ်ကြီး...၊ ဟဲ့ မှတ်ကြီး...၊ ဘယ်အချိန်ရှိပြီလဲ ထတော့။ အမလေးတော့၊ ပြောမပြောချင်ဘူး။ တစ်နေ့တစ်နေ့ ရွာရိုးကိုးပေါက်လျှောက်၊ ဖဲဝိုင်းတကာ၊ ကြက်ဝိုင်းတကာ လှည့်ရှာ၊ ပြန်လာပြန်တော့လည်း အချိန်မရှိ အချိန်ရှိနဲ့။ နင့်အလုပ်က ဘယ်မှာ အဆံတစ်ပြားရတဲ့ အလုပ်လဲ....''

အိမ်ခေါင်းရင်းမှ ဖရိုဖရဲနှင့် မညီမညာပိုင်းပြတ်နေသော ထန်းချောဖျာစုတ်ပေါ်တွင် ကွေးကွေးလေးအိပ်ပျော်နေသည့် မှတ်ကြီးမှာ ယောက္ခမဖြစ်သူ ဒေါ်ဒေါင်းစိန်၏ အာခေါင်ခြစ်ပြီး အော်လိုက်သည့်အသံကြောင့် လန့်နိုးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



မြေပိုင် ယာပိုင်မရှိ၊ လယ်ပိုင် နွားပိုင်မရှိသည့် ဒေါ်ဒေါင်းစိန်မှာ ယောကျ်ားဖြစ်သူ ဆုံးပါးသွားကတည်းက သူ့သမီး မထွေးခင်နှင့်အတူ ချို့ချို့ငဲ့ငဲ့ နေလာခဲ့ရသူဖြစ်သည်။ အခုလည်း မထွေးခင်က ကိုမှတ်ကြီးနှင့် အိမ်ထောင်ကျပြီး သူတို့ဘဝက ဘာတစ်ခုမှ ထူးထူးခြားခြား ပြောင်းလဲမလာ။ နေ့စဉ် အရက်ကလေးတမြမြနှင့် ဖဲဝိုင်းတကာလှည့်ပြီး သုံးဖြုန်းနေသည့် သားမက်ဖြစ်သူ မှတ်ကြီးကိုသာ ဒေါ်ဒေါင်းစိန်က အမြဲတမ်း ဆူပူကြိမ်းမောင်းနေရတော့သည်။

မှတ်ကြီးမှာ ဒေါ်ဒေါင်းစိန်ထံမှ နေ့စဉ်ကြားနေရမြဲဖြစ်သည့် စကားတွေကို အလွတ်နီးပါးပင်ရနေပြီ ဖြစ်၏။ သူက မထချင်၊ ထချင်နှင့် ဇတ်တုတ်ထထိုင်ကာ အိပ်ရာဘေးမှ နှုတ်ခမ်းပန်းနားတွေ စုတ်နေသည့် အုန်းမှုတ်ခွက်ထဲမှ ရွှေဒေါင်း မပါးတံဆိပ် ဆေးလိပ်တိုကို မီးညှိဖွာရှိုက်လိုက်သည်။ ဒေါ်ဒေါင်းစိန်က သူ့စကားကို အရေးမစိုက်သည့် အမူအရာနှင့် လုပ်နေသော မှတ်ကြီးကို

"ဒီမှာ မှတ်ကြီး၊ အခုဆိုရင် နင့်မိန်းမ ထွေးခင်မှာလည်း ကိုယ်ဝန်အရင့်အမာကြီးနဲ့။ မွေးဖို့ ဖွားဖို့ဆိုတာ ဆယ့်လေးငါးရက်လောက်ပဲ လိုတော့တာ။ ဘယ်မှာလဲ မီးဖွားဖို့စရိတ်၊ ထမင်းတောင် နပ်မှန်အောင် မနည်းစားနေရတယ်။ ဒါကလည်း နင်ရှာတဲ့အဆံနဲ့ ငါတို့စားနေတယ် မထင်နဲ့။ ငါတို့သားအမိ ကိုယ့်ဘာသာကိုယ်ရှာပြီး စားသောက်နေရတာ၊ နင် သိလား"

ထိုစဉ် မှတ်ကြီး၏ဇနီး ထွေးခင်မှာ ကိုယ်ဝန်ကြီးတကားကားနှင့် သစ်ကိုင်းခြောက်များကို ခါးစောင်းပေါ် ပွေ့ပိုက်ယူလာပြီး မီးဖိုဘေးသို့ ဆောင့်ကြီးအောင့်ကြီးနှင့် ပစ်ချလိုက်၏။ တကယ်တော့ ထွေးခင်ကလည်း သူ့ယောကျ်ား မှတ်ကြီး၏ လုပ်ရပ်တွေကို နည်းနည်းမှ သဘောမကျဘဲ ကြိတ်မှိတ်မျိုသိပ်ရင်း နေလာခဲ့ရသည်မှာ သူနှင့် အိမ်ထောင်စပြီး ကျကတည်းကပင် ဖြစ်သည်။

မှတ်ကြီးကတော့ ဒေါ်ဒေါင်းစိန် ပြောဆိုနေသည့် စကားတွေကို ဘာတစ်ခုမှ အရေးမလုပ်သလိုနှင့် ဆေးပေါ့လိပ်တိုကိုသာ အငွေ့တထောင်းထောင်းထအောင် ဖွာရှိုက်နေ၏။ သူ့အတွေးတွေထဲမှာလည်း မနေ့ညက ခွက်ခွက်လန်အောင် ရှုံးခဲ့သည့် ဖဲဝိုင်းမှအဖြစ်တွေကို ပြန်စဉ်းစားနေရင်း ခေါင်းတစ်ခုလုံး မီးတောက်နေသည်။ ဒီကြားထဲ ဖဲဒိုင်ကိုင်သူ ကိုထွန်းဝေ၏ "လေ့မျောရင် လေ့နဲ့လိုက်၊ ငွေမျောရင် ငွေနဲ့လိုက်"ဆိုသည့်စကားကြောင့် ကိုထွန်းဝေထံမှယူခဲ့သည့် ဖဲကြွေး ပိုက်ဆံတွေက အပူပေါ် အပူဆင့်ရုံမက တဟုန်းဟုန်းပင် တောက်လောင်နေသည်။

"ဟူး..."

သက်ပြင်းနှင့်အတူရောပြီး လွှတ်လိုက်သည့် ဆေးလိပ်မီးခိုးတွေက ထရံပေါက်မှ ထိုးကျနေသည့် နေရောင်ပြောက်တွေကြားတွင် လူးလာခတ် ရှုပ်ထွေးတွန့်လိပ်သွားကြသည်။

ခဏအကြာ မှတ်ကြီး၏ဇနီး ထွေးခင်က

"ကဲ... ကိုမှတ်ကြီး ရှင်ကလည်း ရှင်ပဲ၊ အကျီ ချေးသေးကြီးနဲ့ ထိုင်နေတာကြာပြီ၊ ရေချိုးမှာလား၊ ထမင်းစားမှာလား။ လုပ်စရာရှိတာကို လုပ်၊ ပြီးရင် ရွာမြောက်ပိုင်းက ဒွေးလေးတင်မြတို့အိမ်က ရှင့်ကို မြက်ရိတ်ဖို့ လာခေါ်ထားတယ်၊







www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်ဦး။ ကျုပ်တို့မှာ ထိုင်ပြီး တွေဝေနေလို့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး။ တစ်နေ့လုပ်မှ တစ်နေ့စားရမှာ''

မှတ်ကြီးမှာ အင်္ကျီချေးသေးနှင့် (အပေါ်အင်္ကျီ ဗလာကျင်းလျက်) ငုတ်တုတ်ထိုင်ပြီး တွေဝေစဉ်းစားနေရာမှ ထွေးခင်၏အသံကြောင့် ဆေးပေါ့လိပ်တိုကို အုန်းမှုတ်ခွက်အတွင်းသို့ ထိုးစိုက်လိုက်သည်။ တကယ်တော့ သူ့မိန်းမ ထွေးခင်ကို အခုလို ချို့ချို့ငဲ့ငဲ့ဘဝမျိုးသူ မထားချင်။ သူများထက်မသာလျှင်တောင် တန်းတူအဆင့်မျိုးလောက်တော့ ထားချင်သည်။ ထွေးခင်ကလည်း သူ့အပေါ် ဒုက္ခတွေကြိတ်မှိတ်ခံခဲ့ရပြီး တစ်ရွာလုံးရဲ့ ကဲ့ရဲ့အငြူအဆူခံကာ ပေါင်းသင်းလာခဲ့သူပင် ဖြစ်သည်။

''အင်း... တစ်ခါလောက်တော့ အချိုကြီး ရလိုက်ချင်တယ်ကွာ။ သိပ်များများကြီး မရစမ်းပါနဲ့။ ထောင်ဂဏန်းလောက်ဆိုတော်ပါပြီ။ အဲဒီကျရင် ထွေးခင်လည်း ဘာမှ ပင်ပင်ပန်းပန်း မလုပ်ရတော့ဘူး။ ယောက္ခမကြီးကိုလည်း တောင့်တောင့်တင်းတင်း အိမ်လေးတစ်လုံး ပြန်ဆောက်ပေးရမယ်။ နောက်ပြီး ရှိသမျှအကြွေးတွေ အကုန်ဆပ်၊ နွားလေး၊ လယ်လေး ဝယ်ပြီး အေးအေးပဲ နေတော့မယ်''

ထိုအတွေးတွေကြောင့် မှတ်ကြီး၏ ရင်ထဲတွင် အနည်းငယ် ပေါ့ပါးသွားသလို ထင်ရသည်။ ထို့နောက် ပုဆိုးနံ့ငယ်ပိုင်းတစ်ထည်ကို ပခုံးပေါ် လှမ်းတင်လိုက်ပြီး ရွာအလယ်ပိုင်းမှ ရေတွင်းရှိရာဆီသို့ ထွက်လာခဲ့သည်။





''ဟော့ကောင် မှတ်ကြီး၊ မင်းကို ဟိုဘက်ရွာက မင်းဒင်တို့အဖွဲ့တွေ လိုက်ရှာနေကြတယ်။ မင်း သူတို့နဲ့ ဘာအချိတ်အဆက်တွေ ရှိထားလို့လဲ''

မှတ်ကြီး ရေတွင်းနားသို့အရောက်တွင် ကျော်အေးနှင့် ဘတူတို့က လှမ်းပြီး မေးလိုက်၏။ ကျော်အေးနှင့် ဘတူမှာ မှတ်ကြီးကဲ့သို့ပင် ထန်းရည်လေးတမြမြ၊ အရက်ကလေး တမြမြနှင့် လောင်းကစားကိုလည်း ဝါသနာပါကြသူများဖြစ်ကြပြီး တစ်ရွာတည်းသားတွေလည်း ဖြစ်၏။ ဘတူက ရေတွင်းဘောင်ပေါ်မှ ရေပုံးကြိုးကို လှမ်းယူလိုက်ပြီး

''မင်း အဲဒီကောင်တွေနဲ့တော့ ပတ်ပတ်သက်သက် သွားမလုပ်နဲ့နော်။ ဒီကောင်တွေက ထစ်ခနဲရှိ သတ်ချင်ဖြတ်ချင်နေတဲ့ လူမိုက်တွေကွ။ ခေတ်ကာလကလည်း ကောင်းတာမဟုတ်ဘူး။ လက်သည်မပေါ်ဘဲ တော်ကြာတစ်လောင်း၊ တော်ကြာတစ်လောင်းနဲ့ မင်းမိန်းမ ထွေးခင်တစ်ယောက် ကိုယ်ဝန်ကြီးနဲ့ ဒုက္ခဖြစ်ပြီး ကျန်ခဲ့ပါဦးမယ်''

ဘတူ၏စကားကြောင့် မှတ်ကြီးရင်ထဲတွင် ဒိတ်ခနဲပင် ဖြစ်သွား၏။ ထို့နောက် မှတ်ကြီးက မျက်စိပျက်၊ မျက်နှာပျက်နှင့်

''အေးကွာ၊ ငါ မင်းဒင်ကို ဖဲကြွေးသုံးရာ ပေးစရာရှိတယ်ကွာ။ ဒီကောင်တွေအုပ်စု ငါ့ကိုလိုက်ရှာနေတာ အဲဒီကိစ္စပဲ နေမှာပေါ့။ ဒုက္ခပါပဲကွာ''

မှတ်ကြီး၏မျက်နှာမှာ ချက်ချင်းပင် ငိုက်ကျသွားပြီး ညည်းညည်းညူညူနှင့် ပြန်ပြောလိုက်သည်။ ဟိုဘက်ရွာမှ ကြွေးရှင် မင်းဒင်ဆိုသူမှာ ကျော်အေးနှင့် ဘတူတို့ပြောသလို တပည့်တပန်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



ပေးကမ်းကျွေးမွေးပြီး မကျေနပ်သူကို အစဖျောက် ကိစ္စတုံး ခိုင်းပစ်လေ့ရှိသူပင် ဖြစ်၏။ သူ့တပည့်တွေ ခြေလွန်လက်လွန်တွေ ဖြစ်သွားပြီး ရုံးရောက်၊ ဂါတ်ရောက်ဖြစ်လျှင်ပင် နောက်မှာကျန်ခဲ့သည့် မိသားစုကိုပါ ထောက်ပံ့ပေးကမ်းလေ့ရှိသူ ဖြစ်သည်။

"ငါ ဒီည ငွေရှာမှဖြစ်မယ်"

မှတ်ကြီးရင်ထဲတွင် ဗလောင်ဆူနေ၏။ ဒီအချိန်တွင် သူမိန်းမ မီးဖွားဖို့ထက် မင်းဒင်၏ အကြွေးတွေကိုသာ ပြန်ဆပ်နိုင်ရန် သွေးရူးသွေးတန်းဖြစ်နေသည်။

ဘတူက ရေတွင်းကိုကျောမှီကာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သော မှတ်ကြီး၏အနားသို့ကပ်ကာ လေသံတိုးတိုးနှင့်

"မင်းကို လက်တို့ပြီးတော့ ပြောရဦးမယ် မှတ်ကြီး။ ဒီည ညောင်နီကုန်းရွာက ချက်ကြီးတို့အိမ်မှာ ကျိတ်ဝိုင်းရှိတယ်ကွ။ မြို့က စပါးပွဲစား သိန်းမောင်လည်း ဒိုင်ကိုင်ဖို့ရောက်နေတယ်လို့ ကြားတယ်"

"ဟင်... ဟုတ်လား"

လက်ခနဲဖြစ်သွားသည့် မှတ်ကြီး၏ မျက်လုံးတွေက မျှော်လင့်ချက်တစ်စုံတစ်ရာကို ဖမ်းဆုပ်ကိုင်လိုက်ရသူလို ဖြစ်သွား၏။ ဘတူက ဆက်ပြီး

"အေး...၊ အဲဒီ စပါးပွဲစား သိန်းမောင်ဆိုတဲ့လူက မင်းသိတဲ့အတိုင်းပဲ၊ ဖဲရိုက်ရမယ်ဆိုရင် အိတ်ထဲမှာ ပါရင် ပါသလောက်အောတဲ့ နဲ့ကြီးကွ။ မင်းအတွက် ဒီတစ်ခါတော့ အချိုကောင်းပဲ မှတ်ကြီးရေ"





မှတ်ကြီး၏ လင်းလက်နေသော မျက်လုံးတွေက စပါးပွဲစားသိန်းမောင်၏ မျက်နှာကိုသာ ပြေးပြီး မြင်ယောင်နေမိသည်။ စပါးပွဲစားသိန်းမောင်မှာ ဘိုကေကို ဆီနှင့်ကြော့နေအောင် အမြဲဖြီးလိမ်းထားသူဖြစ်ပြီး ဘန်ကောက်လုံချည်ကို ခါးပတ်ပတ်ကာ ထည်လဲဝတ်တတ်သူဖြစ်၏။ ငွေကြေးချမ်းသာသလောက် အငယ်အနှောင်း မိန်းမများမှာလည်း လက်ချိုး၍ပင် မရေမတွက်နိုင်အောင် များပြားလှ၏။

သိန်းမောင်က အခုလို စပါးပေါ်ချိန်မျိုးတွင် ရွာနီးချုပ်စပ်မှ ရွာတွေကိုလှည့်ပြီး ငွေကြိုပေးစနစ်ဖြင့် စပါးကောက်လေ့ရှိသည်။ ဘာပဲပြောပြော မှတ်ကြီးမှာ ဒီညအဖို့ ပွဲစားသိန်းမောင်၏ငွေကို ဖြည်းဖြည်းချင်း သဲ့ပြီးယူဖို့သာ ရှိတော့သည်။

"ဖျောက်"

" ဟုတ်ပြီ၊ ဒီညတော့ အချိုကြီးပဲ ဘတူ"

မှတ်ကြီးက လက်ဖျောက်တစ်ချက် တီးလိုက်ပြီး သူ့ပခုံးပေါ်တင်ယူလာသည့် ပုဆိုးနံ့ယပ်ပိုင်းစ၏ အစွန်းနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ဆွဲဆန့်ရင်း ကျောပြင်မည်းမည်းကြီးကို လွှဆွဲသလို နောက်ပြန်တဖျင်းဖျင်းနှင့် ပွတ်သပ်လိုက်သည်။

သူတို့ပြောဆိုနေသည့် စကားတွေကြောင့် ရေတွင်းမှရေကို တဗွမ်းဗွမ်းခပ်ပြီး ချိုးနေသည့် ကျော်အေးက

"သိပ်လည်း လောဘစိတ်ထားပြီး ဖဲမရိုက်နဲ့ကွာ မှတ်ကြီးရ။ တော်ရုံလောက်နိုင်ရင်လည်း ပွဲကို ရပ်ပစ်လိုက်၊ လောဘဇောတိုက်နေရင် မင်းနိုင်မှာ မဟုတ်ဘူး။ ဖဲဆိုတာက နတ်ကြီးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖွ... ဟဲ့၊ မပြောကောင်း မဆိုကောင်း။ မင်း ပါးစပ်ပုပ်ကြီး နဲ့ မပြောစမ်းပါနဲ့ကွာ"

ပြောပြောဆိုဆို မုတ်ကြီးက လက်ထဲမှ ပုဆိုးနံ့ယ်ပိုင်းစနှင့် ကျော်အေးပခုံးကို လှမ်းပြီး ရိုက်လိုက်၏။

"ဟား... ဟား... ဟား"

သူတို့သုံးယောက်၏ ရယ်သံတွေက ရေတွင်းထဲမှ ပဲ့တင်ထပ်ပြီး ပြန်ကြားလိုက်ရသည်။

❑





ရေတွင်းမှ အပြန်လမ်းတစ်လျှောက်လုံး မုတ်ကြီး၏ အတွေးတွေက ဒီညအတွက် အရင်းအနှီးရဖို့ ကိစ္စကိုသာ ရှာဖွေစဉ်းစားနေမိသည်။

ဘာပဲပြောပြော အခုလိုအချိန်တွင် အိမ်ကမိန်းမထံမှ လက်ဖြန့်တောင်းရမည်မှာလည်း ဘယ်လိုမှ မဖြစ်နိုင်သည့်ကိစ္စ။ ရွာထဲမှ မိတ်ဆွေအပေါင်းအသင်းတွေမှာလည်း မုတ်ကြီး မချေးငှားဖူးသူဟူ၍ မရှိသလောက်ပင်။ ထိုသူတွေက ပိုက်ဆံချေးပြီး ဘယ်တော့မှ ပြန်မဆပ်သည့် မုတ်ကြီးကို ဝေးဝေးကသာ ရှောင်နေကြပြီး အရေးတယူ အဖက်လုပ်၍ပင် လှည့်မကြည့်ကြတော့။ အထူးသဖြင့် ဘာအလုပ်တစ်ခုကိုမှ လက်ကြောတင်းအောင် မလုပ်ဘဲ ဖဲရိုက်၊ အရက်သောက်နေသည့် သူ့ကို တစ်ရွာလုံးက ချဉ်ဖတ်ဖြစ်နေကြသည်။

မုတ်ကြီး၏ ခြေလှမ်းတွေက ရွာလမ်းကလေးအတိုင်း ခပ်သုတ်သုတ် လျှောက်ပြန်လာနေရသော်လည်း မရေရာသည့် သူ့အတွေးတွေက ဖွာလန်ကြဲပြီး ဗလောင်ဆူနေ၏။



www.burmeseclassic.com

www.burmeseclassic.com



''အမလေး ကိုမှတ်ကြီးရယ်။ ရေတစ်ခါသွားချိုးတာကလည်း နေတောင် စောင်းနေပြီ။ ဒွေးလေးတင်မြ အိမ်က မြက်ရိတ်ဖို့ လာခေါ်ထားတာ ဘယ်အချိန်သွားပြီး လုပ်မှာလဲ''

အိမ်အဝင်ဝမှ ထွေးခင်၏စကားကြောင့် မှတ်ကြီး၏အတွေးစတွေ လွင့်ပြယ်ကုန်၏။ ဒီအချိန်မှာ မှတ်ကြီး၏အသွေးအသားတွေက ဘာအလုပ်တစ်ခုမှ လုပ်ချင်ကိုင်ချင်စိတ်တွေ မရှိတော့။ ပါးစပ်ထဲတွင် ပျို့ချင်သလိုလို၊ ဘာလိုလိုနှင့် တောအရက်ကလေးတစ်ပိုင်းလောက်သောက်ပြီး ဖဲပွင့်တွေကိုသာ ရင်တထိတ်ထိတ်နှင့် ပွတ်ပြီး ကြည့်နေချင်တော့သည်။

''မသွားတော့ပါဘူးကွာ၊ ခဏနေရင် ဟိုဘက်ရွာက ချက်ကြီးတို့နဲ့ ချိန်းထားတဲ့ဆီကို သွားရဦးမှာ''

ထွေးခင်က ချက်ကြီးဟု ဆိုလိုက်သည်နှင့် ကိုမှတ်ကြီးကို မျက်မှောင်ကုတ်ပြီး ကြည့်လိုက်၏။ ထို့နောက် ထွေးခင်က

''ဘာ… ချက်ကြီးတို့ဆီကို ဟုတ်လား… ကိုမှတ်ကြီး။ ဘာလဲ… ချိန်းထားတဲ့ကိစ္စဆိုတာ ဖဲရိုက်ဖို့မဟုတ်လား။ တစ်နေ့တစ်နေ့ ရှင်ကတော့ ဖဲရိုက်ဖို့ပဲ စဉ်းစားနေ။ ဒီမှာ ကျုပ်တို့တွေလည်း ငတ်ပြီး သေဖို့ပဲရှိတော့တယ်''

ထွေးခင်၏စကားကြောင့် မှတ်ကြီးမှာ မျက်လွှာကိုချထားရင်း လေပြေကလေးနှင့်

''အေးပါ ထွေးခင်ရယ်၊ ငါ့ကို ဒီတစ်ခါတော့ ခွင့်လွှတ်ပါ။ ငါလေ ဟို… ချက်ကြီးတို့အိမ်မှာ မြို့က စပါးပွဲစား သိန်းမောင်တို့နဲ့ ကစားဖို့ ချိန်းထားတာဟ။ ဒီလူက လက်ဖျားမှာ ငွေသီး





နေတဲ့ လူဆိုတော့ ငါ့အတွက် အခွင့်အရေးပဲ။ နောက်ပြီး သိန်းမောင် ဆိုတဲ့လူက ငါ့လောက် လက်စလက်နရှိတဲ့သူ မဟုတ်တော့ သူ့မှာပါသမျှ ပိုက်ဆံဟာ ဟောဒီက ငါ့မိန်းမ ထွေးခင်လေး အတွက်ပဲ ဖြစ်မှာ သေချာတယ်''

ကိုမှတ်ကြီး၏ လေသံတွေက ခါတိုင်းနှင့်မတူဘဲ ပျော့ပျောင်းနူးညံ့လွန်းနေ၏။ တစ်ရှိုက်မက်မက် ငြိတွယ်နေသော မကောင်းသည့်စိတ်တွေကလည်း တစ္ဆေ သရဲတစ်ကောင် ပူးကပ်နေသလို အစွယ် တငေါငေါ နှင့် ဖြစ်နေ၏။

''တော်ပါတော့ ကိုမှတ်ကြီးရယ်။ ရှင့်ရဲ့ ပျားရည်နဲ့ ဝမ်းချတဲ့ စကားတွေက ကျွန်မနားမှာ ကြားရလွန်းလို့ ရိုးနေပါပြီ။ ဘာလဲ ရှင်က ဖဲရိုက်ဖို့အတွက် အရင်းမရှိလို့ ကျွန်မဆီကပိုက်ဆံကို ညှစ်ပြီး လာတောင်းနေတာ မဟုတ်လား။ ဒီမှာ တစ်ခါတည်း ပြောလိုက်မယ်၊ မနက်ဖြန် မနက်အတွက် ထမင်းစားဖို့ ဆန်တောင် ဘယ်သူ့အိမ်က တောင်းစားရမှန်းမသိသေးဘူး''

ကိုမှတ်ကြီးက သူတို့၏ တဲသာသာ အိမ်ငယ်ကလေးအတွင်းကို မျက်လုံးဝေ့ယမ်းပြီး ယောက္ခမ ဒေါ်ဒေါင်းစိန်ကို ရှာဖွေကြည့်လိုက်၏။ ဒေါ်ဒေါင်းစိန်ကတော့ အိမ်အတွင်း ရှိမနေ။ ထို့နောက် ထွေးခင်၏ ခေါင်းမှ ဆံပင်များကို လက်ဖြင့် အသာအယာပွတ်သပ်လိုက်ရင်း

''ထွေးခင်… နင့်အမေ ဘယ်သွားလဲ၊ ငါ့ကို ဟို… နင့်အမေ စုထားတဲ့ ဝါးစုဘူးလေး…''

''ဘာ… မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး။ အဲဒါ ဘယ်လိုမှ မဖြစ်နိုင်ဘူး… ကိုမှတ်ကြီး''



www.burmeseclassic.com

www.burmeseclassic.com





ထွေးခင်က သူ့ခေါင်းမှ ဆံနွယ်စတွေကို ပွတ်သပ်နေသည့် မှတ်ကြီး၏လက်ကို ပုတ်ချလိုက်ပြီး ကပျာကယာနှင့် ငြင်းဆန်လိုက်၏။

''လုပ်ပါဟာ... ခဏကလေးပါ။ မနက်ကျရင် ပြန်ရမယ့်ဥစ္စာပဲ။ နင့်အမေ မသိလောက်ပါဘူး''

''အို... ဘယ်လိုမှ မဖြစ်နိုင်ဘူး ကိုမှတ်ကြီး။ အမေက ရွာဦးကျောင်းက ဆရာတော်ကို သင်္ကန်းထပ်ဖို့စုထားတဲ့ ပိုက်ဆံတွေ။ ဟင့်အင်း... ဟင့်အင်း... ဘယ်လိုမှ မဖြစ်နိုင်ဘူး...''

ထွေးခင်ကတော့ လက်တွေရော ခေါင်းတွေပါ တတွင်တွင်ခါယမ်းရင်း မှတ်ကြီးကို ခါးခါးသီးသီး ငြင်းနေသည်။ မှတ်ကြီးကလည်း အခုလိုအခြေအနေမျိုးတွင် သရဲဘီလူးစီးနေသူတစ်ယောက်လို ဘာကိုမှ ဂရုမစိုက်ချင်တော့။ မရမကယူဖို့သာ ရှိတော့သည်။

မှတ်ကြီးက ချက်ချင်းဆိုသလို သူ့ဘေးမှ ဆေးလိပ်တိုတွေထည့်ထားသည့် အုန်းမှုတ်ခွက်ကို ခြေထောက်နှင့် အားကုန်လွှဲပြီး ကန်လိုက်၏။

''ဖြောင်း...''

''ခွမ်း...''

ပွက်ပွက်ဆူနေသည့် ရမ္မက်ဇောတွေက မှတ်ကြီး၏ နားထင်ရင်းတွင် တဒိတ်ဒိတ်တိုးဆောင့်နေပေပြီ။

''မလိုချင်ဘူး... ငါ့ကို အခုသွားယူပေးစမ်း။ နင်သွားမယူရင် ငါ့ဘာသာ သွားယူမယ်''

ပြောပြောဆိုဆို မှတ်ကြီးက ထွေးခင်၏အနားမှနေ၍ အိပ်ခန်းအတွင်းသို့ ဖွတ်အတင်း ပြေးဝင်သွား၏။ ထွေးခင်မှာလည်း ကိုယ်ဝန်ကြီး



တကားကားနှင့် မှတ်ကြီး၏နောက်မှ ပုဆိုးစကို ငိုယိုပြီး လိုက်ဆွဲကာ ပါးစပ်မှ အမျိုးမျိုးတောင်းပန်စကားတွေ ဆိုနေမိသည်။

''မ.. မလုပ်ပါနဲ့ ကိုမှတ်ကြီးရယ်၊ ကျွန်မ တောင်းပန်ပါတယ်''

အိပ်ခန်းအတွင်းတွင်တော့ အဖာအထေးများ ဗရပွဖြစ်နေသော ခြင်ထောင်ညစ်နွမ်းနွမ်းက ဘေးမှ ဝါးထရံပေါ်ကို တစ်ဖက်ရပ်လိပ်တင်ထား၏။ ထိုခြင်ထောင်၏အောက်တွင်တော့ ထန်းခေါက်ဖာအသေးလေးနှစ်လုံးကို ဆင့်လျက်သား တွေ့လိုက်ရသည်။ မှတ်ကြီးက ထန်းခေါက်ဖာများကို ဆွဲဖွင့်လိုက်သည်။

သူရှာဖွေနေသည့် ဝါးစုဘူးကို ထဘီအဟောင်းများအောက်တွင် လွယ်လင့်တကူပင် တွေ့လိုက်ရ၏။ မှတ်ကြီးက သူ့နား‌နားသို့ကပ်ကာ ဝါးစုဘူးကို ကပျာကယာ လှုပ်ယမ်းခါကြည့်လိုက်၏။

''ဂလောက်... ဂလောက်... ဂလောက်''

အတွင်းမှ ငွေအကြွေစတွေ၏ အသံကြောင့် မှတ်ကြီး၏မျက်နှာမှာ ပတ်ဝန်းကျင်တစ်ခုလုံးကိုပင် မေ့လျော့သွားသလို ဖြစ်သွားသည်။ ထိုအချိန်မှာပင် ထွေးခင်၏ရှိုက်သံက အိပ်ခန်းအတွင်း ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာလေတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



ဝါးစုဘူးကို မှောက်ကာ အကြိမ်ကြိမ် ခါချကြည့်လိုက်တော့ သူ့လက်ဖဝါးထဲတွင် ငွေအကြွေစေ့တွေက နှစ်ဆယ်အစိတ်ခန့်ပင် တချွင်ချွင်နှင့် ကျလာသည်။

''ဟာ... ပွတာပဲ။ ဒီလောက် အရင်းရရင် ဟိုကောင် သိန်းမောင်ဆီက ပိုက်ဆံတွေကို ကောင်းကောင်း မျှားယူလို့ ရပြီ''

မှတ်ကြီးက ဝါးစုဘူးကို နောက်ထပ်တစ်ကြိမ် လှုပ်ခါကြည့်လိုက်ပြန်၏။ စုဘူးအတွင်းမှ ငွေအကြွေစတွေ၏အသံကတော့ ဘာ တစ်ခုမှ မကြားရတော့။ ထို့နောက် သူ့လက်ဖဝါးထဲမှ အကြွေစေ့တွေကို အင်္ကျီအိတ်ကပ်ထဲသို့ ထိုးထည့်လိုက်ပြီး အိမ်ထဲမှ ခပ်သုတ်သုတ် ပြေးထွက်လာခဲ့သည်။

မှတ်ကြီး၏မိန်းမ ထွေးခင်မှာတော့ ဘယ်လိုမှ မတတ်နိုင်သည့် အဆုံး မျက်ရည်စတွေကို လက်မောင်းရင်းမှ အင်္ကျီစဖြင့် သုတ်လျက် မှတ်ကြီးပစ်ချခဲ့သော ဝါးစုဘူးအလွတ်ကို ကြမ်းပြင်ပေါ်မှ ကောက်ယူ ပွေ့ပိုက်ရင်း ကျန်ခဲ့တော့၏။

❑







အခန်း ( ၂ )

မှောင်ရိပ်ပျိုးစ ညနေခင်း၏ လေပြည်တွေက မြစ်ရေပြင်ပေါ်မှာ လျှပ်တိုက်ဆော့ကစားနေသလို ဖြစ်နေ၏။ ထိုမြစ်ပြင်ကျယ်ကြီး၏ ကမ်းနဖူးပေါ်တွင်တော့ ရေစည်တိုက်လာကြသော နွားလှည်းတွေက မှတ်ကြီး အရက်ထိုင်သောက်နေစဉ်အချိန်ကာလအတွင်းမှာပင် တစ်စ ထက်တစ်စ နည်းပါးစပြုလာပြီဖြစ်သည်။

အချိန်တွေ ကုန်ဆုံးလာသည်နှင့်အမျှ မှတ်ကြီး၏ ရှေ့စားပွဲ ပေါ်မှ ချက်အရက်ပုလင်းက တစ်ပိုင်းသာသာခန့် ကျိုးကျသွားပြီဖြစ် သည်။ ခါတိုင်းဆိုလျှင် ဆိုင်ရှင်ဒေါ်ထွားဆိုသည့် မိန်းမကြီးက မှတ်ကြီး ကို တော်ရုံသာသောက်ပြီး အိမ်ပြန်ဖို့ပြောနေကျဖြစ်သော်လည်း ဒီတစ်ခါ တွင်ကား မှတ်ကြီး၏ အိတ်ကပ်ထဲမှ ငွေအကြွေစတွေကိုမြင်ပြီး လိုလေ သေးမရှိ ညှော်ခံနေ၏။



www.burmeseclassic.com

ဒီအရက်ပုန်းရောင်းသည့်ဆိုင်နှင့် ချက်ကြီးတို့ရွာမှာ နာရီဝက်ကျော်ကျော်မျှ လမ်းလျှောက်သွားလျှင် ရောက်နိုင်သော်လည်း အမှောင်ကို စောင့်ပြီး သောက်နေရသဖြင့် တဖြည်းဖြည်းခွက်ရေက များလာသည်။

တစ်မနက်လုံး ဘာမှမစားရသေးသည့် အစာအိမ်ကလည်း ချက်အရက်ပြင်းပြင်းကြောင့် ချဉ်စုတ်စုတ်လေချဉ်တွေ ပြန်ပျို့တက်လာ၏။

ညသည် တဖြည်းဖြည်းနှင့် အမှောင်ထုအောက်သို့ ငုပ်လျှိုးစပြုလာပြီဖြစ်သည်။ ဟိုမှဒီမှ ပုရစ်သံတွေ၊ ဖားအော်သံတွေကလည်း တစီစီနှင့် ကြားနေသည်။ ဆိုင်ရှင် ဒေါ်ထွားကလည်း ကိုမှတ်ကြီးမြင်သာအောင်ပင် အမှောင်ထဲတွင် တဝါးဝါးနှင့် သမ်းဝေပြနေသည်။ ဆိုင်အတွင်းမှ အခြားဝိုင်းများမှာလည်း ညနက်လာသည်နှင့် အလျှိုလျှိုယိမ်းထိုးပြီး ထပြန်သွားကြလေပြီ။ ဒေါ်ထွားအဖို့ အခုအချိန်အထိ သောက်လို့ မဝနိုင်သေးသည့် မှတ်ကြီး၏ အရိပ်အခြည်ကိုကြည့်ကာ ဆိုင်သိမ်းရန် ဖင်တကြွကြွဖြစ်နေ၏။

ခဏအကြာ မှတ်ကြီးက လျှာလေး အာလေး လေသံကြီးဖြင့်

"ဒေါ်ထွား... ခင်ဗျားက ဒီနေ့တော့ ကျုပ်ကို မူးမယ်လေးဘာလေး မပြောပါလားဗျ။ ဘာလဲ... ကျုပ်အိတ်ကပ်ထဲက ငွေတွေကြောင့် ခင်ဗျား စေတနာတွေ ဗရုပ္ပဖြစ်နေတာ မဟုတ်လား"

"မ... မဟုတ်ပါဘူး မှတ်ကြီးရယ်။ နင်သာ သောက်နိုင်ရင် ပိုက်ဆံပေးပြီးသောက်တာပဲ။ ဘယ်လောက်သောက်သောက်ပေါ့၊ ပိုက်ဆံမပေးဘဲသောက်ရင်သာ..."





မှတ်ကြီးက ဒေါ်ထွား၏စကားကြောင့် ရှေ့မှစားပွဲကို လက်ဖြင့် ထုလိုက်ရင်း

"ဒုန်း..."

"တော်စမ်း ဒေါ်ထွား...၊ ခင်ဗျားတို့လို လူတွေကို တစ်နေ့ကျုပ် ငွေနဲ့ပေါက်ပြီး ဆက်ဆံပြဦးမယ်... ကြည့်နေ"

အရက်ကလေး ဝင်လာသည်နှင့် မှတ်ကြီး၏လေသံတွေက ကြမ်းတမ်းခက်ထန်လာသည်။ ထို့နောက် မှတ်ကြီးက သူ့အင်္ကျီအိတ်ကပ်ထဲမှ အကြွေစေ့နှစ်စေ့ကို ထုတ်ယူလိုက်ပြီး...

"ရော့... ဒီမှာ အရက်ဖိုး၊ နောက်တစ်ခါ ကျုပ်ကို ငွေစကားကြေးစကား မပြောနဲ့၊ ကြားလား..."

မူးကလည်း မူး၊ ဖဲဝိုင်းမရောက်ခင်ကတည်းက စိတ်ကူးနှင့်သွေးနားထင်ရောက်ပြီး ဘဝင်မြင့်နေသည့် မှတ်ကြီး၏စကားတွေက ဗလုံးဗထွေး ဖြစ်နေသည်။ ဆိုင်ရှင် ဒေါ်ထွားမှာလည်း မှတ်ကြီး စကားပြော ရှည်နေဦးမည်စိုးသဖြင့် အလိုက်သင့်သာ နေလိုက်ရသည်။

ဆိုင်ရှေ့သို့ ယိုင်ထိုးပြီးထွက်သွားသည့် မှတ်ကြီး၏ ခြေလှမ်းတွေက ဒီတစ်ခါတော့ သွက်လက်မြန်ဆန်လွန်းနေသည်ဟုပင် ထင်ရသည်။

ဒေါ်ထွားက မှတ်ကြီးသောက်သွားသည့် စားပွဲပေါ်မှ ပုလင်းခွံနှင့် ခွက်တို့ကို သိမ်းနေစဉ် ဆိုင်ရှေ့ရောက်ခါမှ နောက်သို့ ပြန်လှည့်လာသော မှတ်ကြီးကို တွေ့လိုက်ရ၏။

"ဟင်..."

www.burmeseclassic.com



တစ်ချိန်တည်းမှာပင် သူ့အတွေးထဲတွင်လည်း မုတ်ကြီး တစ်ယောက် သူ့ကို ပြဿနာလာရှာပြန်ပြီလားဟု တွေးလိုက်မိသည်။

မုတ်ကြီးက ဒေါ်ထွားအနီးသို့ ရောက်သည်နှင့်

"ဒီမှာ... ဒေါ်ထွား... ကျုပ် အခု ဟိုဘက်ရွာက ချက်ကြီးတို့ အိမ်မှာ ဖဲသွားရိုက်မလို့၊ အဲဒါ ကျုပ်ကို နိုင်အောင် ဆုတောင်း ပေးစမ်းပါ..."

'ဩော်... အင်း..."

ရုတ်တရက် ကြားလိုက်ရသော မုတ်ကြီး၏စကားကြောင့် ဒေါ်ထွားမှာ ဘာပြောလို့ ပြောရမှန်းပင် မသိတော့...။

"ဘာ...ဩော်တွေ...အင်းတွေ လုပ်နေတာလဲ၊ဆုတောင်းလေ"

မုတ်ကြီး၏ ခပ်ပြတ်ပြတ်လေသံက အနည်းငယ် ကျယ်လောင် သွားပြီး သူ့ခန္ဓာကိုယ်ကြီးက ရှေ့သို့ လဲပြိုကျလာတော့မလိုဖြစ်နေကာ ဒေါ်ထွားကို မျက်ထောင့်နီကြီးနှင့် စိုက်ကြည့်နေ၏။ ဒေါ်ထွားမှာလည်း တုန်တုန်ယင်ယင်အသံနှင့်

"အေး... အေးပေါ့၊ မောင်မင်းကြီးသား ဟိုဘက်ရွာကို ဖဲသွား ရိုက်တာ နိုင်ပါစေတော်..."

"ဒီလိုမှပေါ့... အေ့.."

ဒေါ်ထွားက ဆိုင်အတွင်းမှ ကျေကျေနပ်နပ်ကြီး ပြန်လှည့်ထွက် သွားသော မုတ်ကြီး၏ကျောပြင်ကို ကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့်

"ငါ့နှယ်နော်... ဘယ်လို ဖဲသမား၊ အရက်သမားနဲ့မှ လာတွေ့ နေတယ် မသိပါဘူး"

❑







လယ်ကွင်းပြင်တွေကိုဖြတ်ပြီး တဟူးဟူးတိုက်ခတ်လာနေသည့် လေက မုတ်ကြီး၏ ယိုင်ထိုးနေသည့် ခန္ဓာကိုယ်ကြီးကို ပိုပြီး ဆွဲခါ လှုပ်ယမ်းသလို ဖြစ်နေသည်။ မုတ်ကြီး၏ကိုယ်ပေါ်မှ အင်္ကျီစ နှစ်ဖက်မှာ လည်း ဖြုတ်ထားသော ကြယ်သီးများကြောင့် လေထဲတွင် တဖတ်ဖတ် လွင့်နေ၏။ တစ်ခါတစ်ရံ သူ့ခြေထောက်တွေက ကန်သင်းရိုးဘေးမှ လယ်ကွက်တွေထဲသို့ ချော်ကျသွားပြီး မြေစိုင်ခဲတွေ၊ ထယ်ခဲတွေကို နင်းမိနေသည်။

လကွယ်ညဖြစ်သောကြောင့် ကြယ်တွေကြောင့်သာ မြေပြင်ကို ဝိုးတဝါးမြင်နေရသည်။ လယ်ကွက်တွေထဲမှ လေတိုက်တိုင်း တရှဲရှဲမြည် နေကြသော ကုက္ကိုပင်ကြီးများ၊ ညောင်ပင်ကြီးများက ညအမှောင်ထဲတွင် မှုန်ရီမှုန်ဝါးနှင့် လှုပ်ရှားယိမ်းထိုးနေကြသည်။ ထိုကုက္ကိုပင်ကြီးများ၊ ညောင်ပင်ကြီးများမှာ နှစ်ပေါင်းများစွာတည်းက လယ်ကွက်တွေထဲတွင် ရှိနေခဲ့ကြသဖြင့် လယ်ပိုင်ရှင်တွေက မခုတ်ရဲ၊ မလှဲရဲ။ သူတို့အတွက် တစ်စုံတစ်ရာအန္တရာယ်ကျရောက်လာမည်ဟု ယုံကြည်ကြသူတွေ ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်ရရဆိုရလျှင် ဒီနေရာတစ်ဝိုက်ကား မကြာသေးသော တစ်ချိန်က လက်နက်ကိုင်ပြီး ထင်တိုင်းကြဲခဲ့သော ခားပြ ဗိုလ်ရွှေစွန်ညို အဖွဲ့၏ အနိုင်ကျင့်သတ်ဖြတ်သည့် လူသတ်ကုန်းဟုပင် ဆိုနိုင်ပေသည်။ ထိုစဉ်က မှတ်ကြီး၏ သူငယ်ချင်းဖြစ်သူ မောင်တိုးကိုလည်း ခားပြဗိုလ် ရွှေစွန်ညိုက ဒီကုက္ကိုပင်ကြီးတွင်ပင် ဖောက်ထိုးဆွဲကာ ရက်ရက်စက်စက် သတ်ဖြတ်ပစ်ခဲ့ဖူး၏။

ထိုနေရာသို့ရောက်ခါမှ မှတ်ကြီး၏အတွေးတွေက လူမိုက် မင်းဒင်တို့ကို ဖြုန်းခနဲ သတိရသွားမိသည်။

"အခုနေသာ မင်းဒင်တို့အဖွဲ့နဲ့တွေ့ရင်... ဒီကောင့်တွေ ငါ့ အသက်ကို ချမ်းသာပေးမယ် မထင်ဘူး။ မင်းဒင်ဆိုတဲ့ကောင် က ပုလိပ်တွေ၊ ရဲဗြာနတွေကိုလည်း ပေါင်းတာတ်၊ သင်းတတ် တော့ ဘယ်သူ့ကိုမှ လူထင်တဲ့ကောင် မဟုတ်ဘူး"

ကုက္ကိုပင်ကြီးအောက်မှ လယ်ကွက်တွေက အမှောင်ရိပ်များ ပြောက်တိပြောက်ကျားကျနေပြီး ထိုနေရာတစ်ဝိုက်မှ မြေစိုင်ခဲတွေက မညီမညာနှင့် ထိုးထိုးထောင်ထောင်တွေ ဖြစ်နေပုံမှာ တစ်ချိန်က အကြောင်းမဲ့ သတ်ဖြတ်ခံခဲ့ရသည့် လူသေအလောင်းကောင်တွေ၏ ကျောကုန်းတွေလို ဖြစ်နေ၏။ ရွာနှင့် အလှမ်းဝေးသော ဒီနေရာကို နေ့လယ်နေ့ခင်းတွင်ပင် လူသူမလာရဲကြ...။ နွားကျောင်းသားတွေက ဒီကုက္ကိုပင်ကြီးအောက်သို့ သူတို့နွားတွေ ရောက်နေလျှင်ပင် အဝေးမှ လေးခွဖြင့်သာ ပစ်ပြီး မောင်းလေ့ရှိသည်။

"ဂီး... ဂစ်... ဂစ်... ဂစ်..."





ငိုက်မြည်းနေသော ကုက္ကိုပင်ကြီး၏ အကိုင်းအခက်တို့ပေါ်မှ အာခေါင်ကိုခြစ်ပြီး အော်လိုက်သည့် ညငှက်တစ်ကောင်၏ အသံကို ကြားလိုက်ရသည်။ မှတ်ကြီး၏ ခြေလှမ်းတွေက ဖော့နှင့်သာ လျှောက် နေရသော်လည်း အခုလို လူသူအသွားအလာမရှိသည့် ဖုန်းဆိုးတော ကြီးမှ ဖြတ်လာမိသည်ကိုပင် အနည်းငယ်ထိတ်လန့်နေမိ၏။

ထိုကုက္ကိုပင်ကြီးကို အတော်လေးလွန်လာသည်နှင့် မှတ်ကြီး၏ နှာခေါင်းအတွင်းသို့ ညှီစို့စို့အနံ့ကြီးက ရှူးခနဲ တိုးဝင်လာ၏။ မှတ်ကြီး က ယိုင်ထိုးနေသော ကိုယ်ကို အနည်းငယ်တည့်မတ်လိုက်ရင်း မည်းမှောင်အုံ့ဆိုင်းနေသည့် သူ့ရှေ့မှအရာတွေကို မျက်လုံးအတင်းဖြဲပြီး ကြည့်လိုက်သည်။

လေတိုက်တိုင်း တရှဲရှဲအော်မြည်နေသည့် ညောင်ပင်ကြီးများ၊ ကုက္ကိုပင်ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းတွေက တောကြီးတစ်ခုလို ဖြစ်နေ ၏။ ထိုအပင်ကြီးများ၏ အောက်တွင်တော့ ဖြူဖြူဖွေးဖွေးအုတ်ဂူများ ကို ဟိုနားတစ်ခု ဒီနားတစ်ခုနှင့် တွေ့လိုက်ရသည်။

"ဟင်... ဘာလိုလိုနဲ့ သုသာန်ကိုတောင် ရောက်လာမှကိုး။ ဒါဆို ချက်ကြီးတို့ရွာနဲ့ သိပ်မဝေးတော့ဘူး။ အခုလောက်ဆို ဟိုကောင်ပွဲစား သိန်းမောင်လည်း ရောက်နေရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးနှင့်အတူ မှတ်ကြီး၏ခြေလှမ်းတွေက သချိုင်းမြေအတွင်းမှ ခပ်သုတ်သုတ် ဖြတ်လျှောက်လာ၏။ မထင်မရှားဖြစ်နေသည့် လူသွားလမ်းကျဉ်းကလေး၏ တစ်ဖက်တစ်ချက်တွင် ဟောင်းနွမ်းကျိုးပျက်နေသည့် အုတ်ဂူပျက်များ၊ အလောင်းတင်ထားသည့် ဝါးကပ်များက ဟိုနားတစ်စု၊ ဒီနားတစ်စုနှင့် တွေ့နေရသည်။ တစ်ခါတစ်ရံ ကျီးများ၊ ခွေးများကလည်း ဒီသချိုင်းကုန်းကြီးထဲမှ အုတ်ဂူတွေ၊ မြေပုံတွေကြားတွင် ရှာဖွေမွှေနှောက်ထားကြသဖြင့် လူသေတွေ၏ အရိုးစုတွေက သုသာန်ထဲတွင် ကျဲပြန့်လျက်ရှိနေသည်။

ကိုမှတ်ကြီးအဖို့ တစ်ဖက်ရွာသို့ အချိန်မီရောက်ရန်သာ ဇောကပ်နေသည်။ နောက်ပြီး ယခုကဲ့သို့ အချိန်မတော်ကြီး ဒီသချိုင်းထဲမှ ဖြတ်လျှောက်လာခဲ့မိသည့် သူ့ကိုယ်သူလည်း အံ့သြမိနေ၏။ သူ့မျက်လုံးများက မည်းမှောင်နေသော ပတ်ဝန်းကျင်တစ်ခုလုံးကို ပြူးတူးပျာတာနှင့် ကြည့်မိနေ၏။ သူမြင်နေရသည့် မြင်ကွင်းတွေကလည်း ဝိုးတဝါးနှင့် မသဲမကွဲသာ...။

ထိုစဉ်...

"ဝုန်း...၊ ဖလမ်း...၊ ဖြန်း... ဗျမ်း... ဗျမ်း"

ကျယ်လောင်သော မြည်ဟီးရိုက်ခတ်သံကြီးကြောင့် မှတ်ကြီး၏ တစ်ကိုယ်လုံး တသိမ့်သိမ့်တုန်ခါသွားပြီး ခြေလှမ်းတွေက ရှေ့သို့ပင် ဆက်မလျှောက်နိုင်လောက်အောင် အကြောတွေတုံ့ဆိုင်းသွား၏။

"ဟင်..."

ယိုင်နဲ့ ပြိုလဲတော့မလိုဖြစ်နေသည့် ဇရပ်အိုပေါ်မှ သွပ်ပြားတွေက သံချက်တွေဟနေကြသဖြင့် လေတိုက်တိုင်း တဗျမ်းဗျမ်း မြည်





နေကြသည်မှာ တစ္ဆေတစ်ကောင်က ရိုက်ပုတ်ထုနှက်နေသလို ဖြစ်နေသည်။

ချက်ချင်းဆိုသလို ချွေးသီးချွေးပေါက်တွေကျလာသည့် မှတ်ကြီး၏ ခန္ဓာကိုယ်က ကြက်သီးမွေးညှင်းတွေ တဖြန်းဖြန်းထနေ၏။ ရင်တစ်ခုလုံး ပြောင်းဆန်အောင် လှုပ်ရှားနေကာ စောစောကသောက်ထားသည့် အရက်တွေပင် အမူးပြေမတတ် ဖြစ်ကုန်သည်။

ထို့နောက် မှတ်ကြီးက ဇရပ်အိုဘေးမှ ကွေ့ဝိုက်သွားသော လမ်းကျဉ်းကလေးကို မဝံ့မရဲခြေလှမ်းများဖြင့် ဖြတ်လျှောက်ပြီး အုတ်ဂူကြို၊ အုတ်ဂူကြားမှနေ၍ လယ်ကွင်းတွေဘက်ဆီသို့ ပြေးထွက်လာခဲ့သည်။

သုသာန်ထဲမှ ထွက်လာခဲ့ပြီး လယ်ကွင်းအစပ်သို့ ရောက်သောအခါ မှတ်ကြီးက နဖူးပေါ်မှစီးကျလာသည့် ချွေးတို့ကို လက်နှင့်သပ်ပြီး ချလိုက်မိသည်။

"ဟူး..."

သူ့သက်ပြင်းချသံ၏အဆုံးတွင် နွားလှည်းတစ်စီးက သချိုင်းကုန်းကြီး၏ဘေးမှ လှည်းလမ်းအတိုင်း အပြင်းမောင်းနှင်လာသံ ကြားလိုက်ရသည်။

"ဟင်၊ ဒါ နွားလှည်းတစ်စီး ရေးကြီးသုတ်ပျာနဲ့ မောင်းလာတဲ့အသံပဲ။ ကြည့်ရတာ ချက်ကြီးတို့ရွာဘက်ကိုသွားမယ့် လှည်းများ ဖြစ်နေမလား။ ဘာပဲပြောပြော လှည်းကြုံလိုက်စီးသွားရင် အနည်းနဲ့အများတော့ ခြေညောင်းသက်သာမှာပဲ"

မှတ်ကြီး တွေးနေစဉ်မှာပင် ထိုနွားလှည်းက ချက်ကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



ညောင်နီကုန်းရွာဘက်ဆီသို့ ဦးတည်ပြီး မောင်းသွား၏။ ချက်ချင်းဆိုသလို မုတ်ကြီးက အမှောင်ရိပ်ထဲမှ ပြေးထွက်ပြီး ခပ်လှမ်းလှမ်းသို့ပင် ရောက်သွားသောလှည်းကို လှမ်းအော်ပြီး တားလိုက်၏။

"ရပ်ပါဦးဗျို့... လမ်းကြုံလိုက်ချင်လို့။ ဗျို့ ဆရာကြီး ဟိုဘက်ရွာကိုကြုံရင် လိုက်ခဲ့ချင်လို့..."

မုတ်ကြီး၏အသံကို ကြားလိုက်သည်နှင့် လှည်းပေါ်မှ အညာစောင် အနီကွက်ကျားကြီးကို ခေါင်းမြီးခြုံထားသော လှည်းမောင်းသူမှာ လှည်းကို ရပ်တန့်ပေးလိုက်၏။

လှည်းလမ်းကြောင်းအတိုင်း ပြေးလိုက်လာသည့် မုတ်ကြီးမှာ ရပ်စောင့်နေသည့် လှည်းနောက်မြီးကို ဆွဲခိုပြီး နောက်ပြန် ဖင်ထိုင်လျက် လှမ်းတက်လိုက်သည်။ သူ လှည်းပေါ်တက်လိုက်သည်နှင့် စောင်အနီကွက်ကျားကြီး ခြုံထားသည့် လှည်းဆရာ၏ 'တောက်'ခနဲ တောက်ခေါက်သံနှင့်အတူ နွားနှစ်ကောင်ကလည်း ငေါက်ခနဲပင် ဆက်ထွက်သွားတော့သည်။

လှည်းနောက်မြီးတွင် ခြေထောက်နှစ်ချောင်းကို တွဲလောင်းချရင်း လိုက်ပါလာသည့် မုတ်ကြီးက သူ့ခြေထောက်မှ ဖုန်အလိမ်းလိမ်းတက်နေသည့် ရာဘာဖိနပ်ကို ဆွဲချွတ်လိုက်ပြီး လှည်းဘေးလက်ရန်းတိုင်တွင် စွပ်လိုက်၏။ ထို့နောက် မုတ်ကြီးက ကျောခိုင်းပြီး ဒုန်းစိုင်းမောင်းနေသည့် လှည်းဆရာကို စကားရောဖောရောနှင့် ပြောလိုက်သည်။

"ဒီက နောင်ကြီးက ဘယ်အထိသွားရမှာလဲဗျ။ ကျုပ်ကတော့ ရှေ့က ညောင်နီကုန်းရွာအထိပဲ ဆိုပါတော့ဗျာ"

ခြုံစောင်အနီကွက်ကြီးကို ခေါင်းမြီးခြုံထားသည့် လူကတော့





မုတ်ကြီးပြောနေသည့်စကားကို ဘာတစ်ခွန်းမှ ပြန်မပြောဘဲ လှည်းကိုသာ ဒုန်းစိုင်းပြီး မောင်းနေ၏။

"တော်သေးတယ်ဗျာ၊ ခင်ဗျားလှည်း ရောက်လာပေလို့ပေါ့။ နို့မို့ဆို ကျုပ်တစ်ယောက်တည်း ညောင်နီကုန်းကို ခြေလျင်လျှောက်ရတော့မှာ။ နောက်ပြီး အခုအချိန်က လူဆိုးဓားပြတွေ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေတော့ အရေးဆို နောင်ကြီးနဲ့ ကျုပ် အဖော်ရတာပေါ့ဗျာ၊ မဟုတ်ဘူးလား"

ထိုလှည်းမောင်းသူကတော့ မုတ်ကြီးစကားတွေကို အင်းလည်း မလုပ်၊ အဲလည်း မလုပ်။ ပိုဆိုးသည်က မုတ်ကြီး လှည်းပေါ် စပြီးတက်ထိုင်လိုက်ကတည်းက တစ်ချက်ကလေးမှပင် လှည့်မကြည့်သူဖြစ်သည်။

ထိုစဉ်...

အလွန်အမင်း ပုပ်ဟောင်နေသော အနံ့ဆိုးကြီးက မုတ်ကြီး၏ နှာခေါင်းထဲသို့ တိုးဝင်လာ၏။

"ဟင်... ဘယ်က အပုပ်နံ့ကြီးလဲ။ ဒီနားက လယ်ကွက်ထဲမှာ ခွေးတွေဘာတွေများ သေနေတာလား"

သူ့နှာခေါင်းကို လက်တစ်ဖက်နှင့် ပိတ်ပြီး ဘေးမှလယ်ကွက်ထဲကို မမြင်မစမ်းနှင့် ရှာဖွေကြည့်နေမိသည်။ ထိုအနံ့ကြီးက သူတို့လှည်းသွားရာနောက်သို့ တကောက်ကောက်လိုက်လာသလိုပင် ဖြစ်နေသည်။

"ဗျို့ လှည်းဆရာ ...ခင်ဗျားရော အပုပ်နံ့ကြီး မရဘူးလားဗျ"

မုတ်ကြီးက ပြောပြောဆိုဆို လှည်းဦးဆီသို့ လှည့်ကာ ခြုံစောင်အနီကွက်ကျားနှင့် လှည်းမောင်းသူကို လှည့်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com





"ဟင်..."

လှည်းမောင်းသူ၏ ခေါင်းကိုလုံအောင် ခြုံထားသောစောင်မှာ အရိုးပြိုင်းပြိုင်းထနေသော ပခုံးပေါ်သို့ လျှောကျနေပြီး ခန္ဓာကိုယ်က ကျောခိုင်းထားလျက်ပင်။ မျက်နှာကြီးတစ်ခုလုံးက နောက်သို့ တစ်ပတ်လည်လာ၏။ ထို့နောက် အတွင်းသို့ ချိုင့်ဝင်နေသော မျက်စိကြောင်ကြီးများဖြင့် မှတ်ကြီးကို စိုက်ကြည့်လိုက်ပြီး...

"အဲဒီအပုပ်နံ့ကြီးက... ငါ့ဆီကအနံ့ပဲ..."

"အား..."

❑





အခန်း ( ၃ )

"ဟောဟဲ... ဟောဟဲ... ဟောဟဲ..."

"ဝုန်း..."

"ဖြောင်း..."

မှတ်ကြီး၏ ခန္ဓာကိုယ်က ချက်ကြီးတို့အိမ်ရှေ့ ဖိနပ်ချွတ်မှာ အရုပ်ကြိုးပြတ် ခွေကျသွား၏။ သူ့ပါးစပ်ကလည်း လေကို အလုအယက် ရှူသွင်းနေရသဖြင့် ဘာစကားမှ ပြန်မပြောနိုင်...

"ဟဲ့... အိမ်ရှေ့က ဘယ်သူလဲ"

"ဟင်... ဘာဖြစ်တာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



ချက်ကြီးတို့အိမ်ထဲမှ ဖဲဝိုင်းမှာ ဝရုန်းသုန်းကားတွေ ဖြစ်ကုန် ၏။ ပွဲစား ကိုသိန်းမောင်နှင့်အတူ အခြားဖဲသမားတွေမှာလည်း ဝိုင်းထဲမှ အကြွေစေ့များကို အလုအယက်ကောက်ရင်း

"ပုလိပ်တွေ ဝင်ဖမ်းတာကွ... ပြေး... ပြေး"

"အိမ်နောက်ဘက်က ဝါးရုံပင်တွေဘက်ကို ပြေးဟ..."

အိမ်ပေါ်တွင် ပြန့်ကျဲကုန်သည့် ဖဲချပ်တွေက ဟိုနားတစ်စ၊ ဒီနားတစ်စ ဖြစ်ကုန်၏။ ခါးပိုက်ဆောင်တွင်းသို့ အလုအယက် ထိုးကြိတ်ထည့်ရင်း ပြေးမိပြေးရာတွေ ပြေးကြရသဖြင့် ငွေအကြွေစတွေက ကြမ်းပြင်ပေါ်သို့ တချွင်ချွင်နှင့် ကျကုန်သည်။

ချက်ကြီးကတော့ အိမ်ရှင်ဖြစ်သူပီပီ ထွက်ပြေးလို့ မရသဖြင့် အသံကြားရာအိမ်ရှေ့သို့ ပြေးထွက်လာ၏။ ချက်ကြီး၏ မိန်းမဖြစ်သူ ဒေါ်ကြွက်နီမှာလည်း ထဘီကို စွန်တောင်ဆွဲကာ ချက်ကြီး၏ နောက်မှ ကပ်လျက် အိမ်ရှေ့သို့ လိုက်ပါလာ၏။

အိမ်ရှေ့သို့ရောက်သောအခါ ဖိနပ်ချွတ်ခုံနားတွင် ဟောဟဲဆိုက်ပြီး ရုပ်ပျက်ဆင်းပျက်မောနေသည့် မှတ်ကြီးကို တွေ့လိုက်ရသည်။

"ဟာ.. ဟေ့ကောင်မှတ်ကြီး၊ မင်းနှယ့်ကွာ ဘယ်လိုဖြစ်လာရတာလဲ..."

"အမလေးတော့... ငါ့မှာ ပုလိပ်တွေ လာဝိုင်းပလားလို့ ရင်တွေ ပန်းတွေကို တုန်လိုက်ရတာဟယ်၊ လက်စသတ်တော့ ဒီသေနာကျိုး..."

ချက်ကြီးနှင့် ဒေါ်ကြွက်နီမှာ မှတ်ကြီးကို မြင်မြင်ချင်း ဒေါမနဿစကားတွေကို ဆိုလိုက်ကြသည်။ ထိုအခါမှ စောစောက အိမ်





နောက်ဘက်ဆီသို့ပြေးကြသော ပွဲစားသိန်းမောင်နှင့်အတူ အခြား ဖဲသမားများ ပြန်ရောက်လာကြသည်။

ဗျစ်တီးဗျစ်တောက်ရေရွတ်နေကြသော သူတို့၏ အသံက (ကျိတ်ဝိုင်းဖြစ်နေ၍သာ) လေသံတိုးတိုး ပြောနေကြသော်လည်း အားလုံးက မကျေမနပ် ဖြစ်နေမှန်း ပေါ်လွင်လှ၏။

ချက်ကြီးက ဖိနပ်ချွတ်တွင် အမောဖြေနေသော မှတ်ကြီးကို အိမ်ထဲသို့ ဆွဲခေါ်လာ၏။ ချက်ကြီးက

"ဘယ်လိုဖြစ်လာတာလဲ၊ မင်းကိုကြည့်ရတာ တခြားဖဲဝိုင်းမှာ ပုလိပ်တွေ လိုက်ဖမ်းလို့ ဒီကိုပြေးလာတာ မဟုတ်လား၊ မှတ်ကြီး"

"မ... မဟုတ်ဘူး ကိုချက်ကြီး။ ကျွန်... ကျွန်တော့်နောက်ကို သရဲ ... သရဲ ... လိုက်လို့ ..."

မှတ်ကြီး၏စကားကြောင့် ချက်ကြီးရော ကိုသိန်းမောင်တို့ ဖဲသမားများအားလုံးကပါ အံ့သြသွားကြသည်၊ ဒေါ်ကြွက်နီက ခေါင်းထောင်ထလာပြီး

"ဟင်... ဟုတ်လား... ဘယ်က သရဲလဲဟဲ့... ပြောစမ်းပါဦး"

"ဟို... ဟို... သုသာန်ရဲ့ ဒီဘက်ကိုလွန်လာတော့ ကိုသာဗျော့တို့ လယ်ကွက်နားမှာ..."

မှတ်ကြီးက သူ သေပြေးရှင်ပြေး ပြေးလာခဲ့ရသည့်အဖြစ်ကို ချွေးတစ်လုံး သံတစ်လုံးနှင့် ပြန်ပြောပြ၏။

"ဒီမှာ... ဟေ့ကောင်မှတ်ကြီး၊ မင်း မူးမူးရူးရူးနဲ့ တောပြောတောင်ပြောတွေ လျှောက်ပြောမနေနဲ့၊ ဒီနားကရွာတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



သရဲတစ္ဆေတွေရှိတယ်လို့ တစ်ခါမှ မကြားဖူးဘူး''

ချက်ကြီးတို့အိမ်မှ ကျိတ်ဝိုင်းသို့ မနေ့ကတည်းက ကြိုပြီး ရောက်နေသည့် ဖဲသမားငမိုးက အိမ်ပေါ်တွင် ပြန့်ကျဲနေသည့် ဖဲချပ်တွေကို ပြန်ကောက်ရင်း လှမ်းပြောလိုက်၏။ ပွဲစားကိုသိန်းမောင်က အခုအချိန်အထိ သူ့လွယ်အိတ်ကို ရင်ဘတ်ထဲက မချနိုင်သေးဘဲ စိုးရိမ်မကင်းဖြစ်နေသည့် မျက်နှာဖြင့်

''ဘယ်လိုလဲ ချက်ကြီး၊ မင့်အိမ်ကို ပုလိပ်တွေ၊ ရာဇဝတ်အုပ်တွေ လာမဝိုင်းလောက်ဘူးမဟုတ်လား... တော်ကြာ''

''ကိုသိန်းမောင်ကလဲဗျာ၊ ခက်ပါပြီကော။ ကျုပ်အိမ်က စိတ်ချရပါတယ်ဗျ။ မပူစမ်းပါနဲ့၊ အခုလည်း ဒီကောင်မှတ်ကြီးလုပ်လို့ အထိတ်တလန့်တွေ ဖြစ်ရတာပါ''

အိမ်ရှင်ချက်ကြီး၏အသံက ဖဲဝိုင်းထောင်စားသူတွေ၏ ပြောနေကျ လေသံအတိုင်း ဖွတ်မိုတ်ကာ အာမခံနေ၏။ ချက်ကြီး၏မိန်းမဖြစ်သူ ဒေါ်ကြွက်နီကလည်း စောစောက ဖရိုဖရဲနှင့် လုံးထွေးကာ ထရံဘေးတွင် ကပျာကယာစုပုံလိုက်ရသည့် စောင်ကို တဖျန်းဖျန်းနှင့် ခါလိုက်ပြီး ဖဲဝိုင်းပြန်စရန် ကြမ်းပြင်ပေါ် ဖြန့်ခင်းပေးနေ၏။

''တောက်..၊ မှတ်ကြီးလုပ်လို့ပေါ့ကွာ။ နို့မို့ဆိုရင် ငါ့ဖဲက ဘေးသုံးတန်း တက်နေပြီ၊ ကိုးဖဲပဲ''

ငမိုးက ပျက်သွားသောဖဲဝိုင်းမှ ဖဲပွင့်တွေကို တသသနှင့်ဖြစ်နေ၏။ ငမိုးလိုပင် ချက်ကြီးတို့ရွာမှ ဖဲသမားတင်ဖေမှာလည်း စုတ်တသတ်သတ်နှင့်

''မင်းတင်လား ငမိုးရာ... ငါ့ဖဲကလည်း စပိတ်တစ်အခံနဲ့ ပွတ်တာ... အောက်ဖဲက ထိပ်လုံးနေပြီကွ။ အဲဒီဖဲက သေချာပေါက် ရှစ်ဖဲပဲ''

သူတို့ကစားသည့် ဖဲနည်းစနစ်မှာ 'ကိုးမီး'ဖြစ်ပြီး ဒိုင်ဖြစ်သူက တစ်ကြိမ်ဖဲဝေလျှင် ဖဲနှစ်ချပ်စီ ဝေပေးရ၏။ ဒိုင်နှင့်အတူ ထိုးသားများမှာလည်း ကိုယ့်ထံမှ ဖဲပွင့်ရေမှာ ကိုးဖြစ်ရန် လိုအပ်နေသေးလျှင် အလယ်ပန်းကန်ထဲရှိ ဖဲထုပ်မှ အောက်ဖဲတစ်ချပ်ကို အလှည့်ကျထပ်ပြီး ယူနိုင်သည်။ တစ်ကြိမ်ဆွဲယူလိုက်ပြီးလျှင်တော့ ထိုသူက နောက်ထပ် အလယ်ပန်းကန်ထဲမှ ဖဲကို ထပ်ယူခွင့်မရှိတော့၊ သူ့လက်ထဲမှ ဖဲအပွင့်အရေအတွက်အတိုင်းသာ အနိုင်အရှုံးဖြစ်သည်။

''ဟဲ့ မှတ်ကြီး နင့်မှာ ပိုက်ဆံရော ပါရဲ့လားဟဲ့...''

ဒေါ်ကြွက်နီ၏အသံက ဖဲဝိုင်းဘေးသို့ တိုးကပ်လာသည့် မှတ်ကြီးကို အထင်သေး အမြင်သေးမျက်လုံးနှင့် လှမ်းကြည့်ကာ ပြောလိုက်သည်။

မှတ်ကြီးကလည်း သူ့ရင်ဘတ်ကို တမင်ရှေ့သို့ ကော့ထားပြီး အိတ်ကပ်ထဲမှ ငွေအကြွေစတွေကို အားလုံးကြားအောင် တချွင်ချွင်နှင့် ပုတ်ပြလိုက်၏။ ထို့နောက် ဒေါ်ကြွက်နီကို

''ပါပါတယ်ဗျ၊ ကျုပ်က ရေခပ်ဖို့လာတာ ခွက်မပါဘဲ ဘယ်နေလိမ့်မလဲ...''

စပါးပွဲစား သိန်းမောင်က မှတ်ကြီး၏စကားကြောင့် မျက်စောင်းတစ်ချက် လှမ်းထိုးရင်း ဖဲဝိုင်းတွင် တင်ပလ္လင်ခွေပြီး ဝင်ထိုင်လိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



သူတို့ဖဲဝိုင်းက မှတ်ကြီးတစ်ယောက် တိုးလာသဖြင့် စုစုပေါင်း ငါးယောက်ဖြစ်သွားပြီး အိမ်ပြည့်ဖြစ်သွားသည်။ ပွဲစားသိန်းမောင်မှာလည်း ထိုးသားတစ်ယောက် တိုးလာသဖြင့် ဖဲစည်းကမ်းတွေကို အစမှ ပြန်ပြောပြနေ၏။

"ဒီမှာ ကျုပ် ပြောပြမယ်နော်။ ပွဲမစခင် ကိုယ့်အိမ်အောက်မှာ ထိုးထားတဲ့ ပိုက်ဆံအတိုင်းပဲ ကျုပ်က အလျော်အစားလုပ်မှာနော်။ ခင်ဗျားတို့ အိမ်အချင်းချင်း ဘေးရိုက်တာကို လက်မခံဘူး၊ လုပ်ချင်ရင် ကျုပ်လို ငွေများများနဲ့ ဒိုင်ကိုင်။ ကျုပ်က ဖဲနာလို့ပြောတာ"

ဖဲဝိုင်းမစခင်ကတည်းက ဒိုင်လုပ်သူ သိန်းမောင်၏စကားကို အားလုံးက လက်ခံသလိုလိုနှင့် နားထောင်နေကြသည်။ ဘာပဲပြောပြော အခုလို အချိန်အခါမျိုးတွင် စပါးပွဲစား သိန်းမောင်ကဲ့သို့ ငွေထုပ်ငွေရင်းနှင့် 'ကိုးမီး'ဒိုင်ကိုင်နိုင်သည့် အရည်အချင်းက အရှေ့ခုနစ်ရွာ၊ အနောက်ခုနစ်ရွာ ဘယ်မှာမှ မရှိ။ နောက်ပြီး သိန်းမောင်လိုလူက ပြတ်သည်။ ဖဲဝိုင်းမှာ ငွေလိုလျှင် ဘယ်တော့မှ အလွတ်မချေး။ ရွှေ ငွေ တစ်ခုခု ပါမှရသည်။ နောက်ဆုံး တံဆိပ်ခေါင်းပါသည့် စာချုပ်တွေကိုပင် သူ့လွယ်အိတ်ထဲမှာ အသင့်ထည့်ယူလာ၏။

ချက်ကြီးကလည်း စပါးပွဲစား သိန်းမောင်လိုလူမျိုးက သူ့အိမ်မှာ ဝိုင်းလာထောင်တိုင်း အကောက်ငွေကို ဖောဖောသီသီရနေသဖြင့် တစ်ချက်ကလေးမှ မငြိုငြင်ရအောင် အရက်ဆို အရက်၊ ထမင်းဆို ထမင်း ဖဲသမားတွေကို တည်ခင်းဧည့်ခံရသည်။ သူ့မိန်းမ ဒေါ်ကြွက်နီ ဆိုလျှင်တော့ မပြောနှင့်၊ တစ်လှည့်ပြီးလို့ အကောက်ပန်းကန်ထဲသို့





ကိုသိန်းမောင်တစ်ယောက် ပိုက်ဆံ ဘယ်လောက်ထည့်လိုက်သည်ကိုပင် မျက်ခြည်မပြတ် စောင့်ကြည့်နေ၏။

"ဖတ်... ဖလပ်... ဖတ်... ဖတ်"

ကိုသိန်းမောင်က သူ့ရှေ့မှ ဖဲထုပ်ကို လက်နှစ်ဖက်ဖြင့် အညီအမျှ ခွဲယူလိုက်ပြီး ကုလားဖန်ထိုးကာ ရောမွှေလိုက်၏။ ထို့နောက် မှတ်ကြီးကို ကြည့်ကာ

"အဆပါတယ်နော်၊ နှစ်ချပ်ပွင့်တူရင် နှစ်ဆ၊ သုံးချပ်ပွင့်တူရင် သုံးဆ၊ သုံးချပ်စလုံး ဂဏန်းတူ ထို့ပြဖြစ်နေရင် ငါးဆရမယ်"

"ကျုပ် သိပါတယ်ဗျာ၊ ခင်ဗျားကလဲ၊ ဖဲကစားလာတာ မနေ့တစ်နေ့ကမှ မဟုတ်တာ"

မှတ်ကြီးက သိန်းမောင်ကို စိတ်အချဉ်ပေါက်လာပြီး ဘုဆတ်ဆတ်နှင့် ပြန်ပြောလိုက်၏။

ကိုသိန်းမောင်က ဖဲချပ်တွေကို သူ့စိတ်တိုင်းကျ ကုလားဖန်ထိုး ရောမွှေလိုက်ပြီးနောက် လက်အောက်အိမ်မှ ကိုတင်ဖေ၏ရှေ့သို့ ချပေးလိုက်သည်။ ကိုတင်ဖေကလည်း ကျန်ဖဲသမားများအားလုံး၏ မျက်နှာတွေကိုကြည့်ကာ ဖဲချိုးလိုက်၏။

ပွဲက စပြီ...။

မှတ်ကြီး၏မျက်လုံးတွေက ကိုသိန်းမောင် ဖဲဝေပေးနေသော လက်တွေ၏ အသွားအလာကို မျက်ခြည်မပြတ် လိုက်ကြည့်နေမိ၏။ မှတ်ကြီးမှာ ဖဲချပ်တွေကို မြင်ကတည်းက အသက်လုပြီး သေပြေးရှင်ပြေး ပြေးခဲ့ရသည့် စောစောကအဖြစ်တွေ အကုန်လုံး ဘယ်ရောက်ကုန်မှန်း မသိ။ သောက်ထားသည့် ဒေါ်ထွားဆိုင်မှ အရက်တွေပင် အမူးပြေ



www.burmeseclassic.com

www.burmeseclassic.com



ပြသွားပြီဖြစ်သည်။

ကိုသိန်းမောင်က တစ်ယောက်တစ်ချပ်စီ အိမ်ခွေ ဖဲဝေလိုက်ပြီး နောက်တစ်ချပ် မဝေခင်မှာပင် ထိုးသားများ၏ရှေ့မှ ငွေစတွေကို လိုက်ပြီး စစ်ဆေးရေတွက်ကြည့်နေ၏။

''ငမိုး နှစ်ကျပ်...၊ တင်ဖေ တစ်ကျပ်ခွဲ...၊ မှတ်ကြီး ပြား ရှစ်ဆယ်.... ဟုတ်ပြီ''

မှတ်ကြီးကတော့ သူ့ရှေ့သို့ရောက်လာသော ပထမဖဲချပ်ကို ချက်ချင်း ကောက်ယူမကြည့်သေးဘဲ မှောက်ထားသော ထိုဖဲချပ်၏ အနားထောင့်စွန်းတစ်ဖက်ကို လက်မနှင့် ဖြည်းဖြည်းချင်း ထိုးကလော်ပြီး ချောင်းကြည့်လိုက်သည်။ ထုတ်တန်းပေါ်မှာ ထွန်းထားသော အောက်လင်းမီးအရောင်က ဖဲမျက်နှာပြင်ပေါ်မှ အပွင့်အရေအတွက်ကို မသဲမကွဲနှင့် မြင်လိုက်ရ၏။

ထိုစဉ်... ကိုသိန်းမောင်က ဒုတိယဖဲတစ်ချပ်ကို ထပ်ပြီး ဝေလိုက်ပြန်သည်။ ဒီတစ်ခါတော့ မှတ်ကြီးနှင့်အတူ ထိုးသားများအားလုံးမှာ အသံဗလံတွေ ချက်ချင်းတိတ်သွားကြပြီး ကိုယ်ဖဲကိုကိုယ် ဖြည်းဖြည်းချင်း စိတ်ရှိလက်ရှိ ပွတ်သပ်ပြီး ကြည့်နေကြသည်။

''နှစ်ဆဗျာ... နှစ်ဆ...၊ ကိုးနှစ်ဆ''

ရုတ်တရက် ဖဲချပ်ကို ရွှတ်ခနဲ နှာခေါင်းနှင့်နမ်းလိုက်ပြီး ငမိုးက ကိုသိန်းမောင်၏ရှေ့တွင် သူ့ဖဲနှစ်ချပ်ကို လှန်ပြလိုက်၏။ ငမိုး၏ ဖဲကတော့ ညွှင်းတစ်နှင့် ညွှင်းရှစ်ဖြစ်နေပြီး အပွင့်တူနေသဖြင့် နှစ်ဆ ရဖို့ သေချာသွားပြီဖြစ်သည်။ ကိုသိန်းမောင်ကလည်း ထိုဖဲနှစ်ချပ်ကို သေချာကြည့်ပြီး





''ဟုတ်ပြီ... ရမယ်၊ ခဏစောင့်''

မှတ်ကြီးက သူ့လက်ထဲမှ ဖဲနှစ်ချပ်ကို ကြည့်ပြီး စိတ်ပျက်လက်ပျက်ဖြစ်နေ၏။ ထိုဖဲတွေက တစ်ချပ်မှာ ဒိုင်းမွှန်းခုနစ်ဖြစ်ပြီး ကျန်တစ်ချပ်က ဒိုင်းမွှန်းသုံးဖြစ်နေ၏။

''တောက်...!''

ရုတ်တရက် တောက်ခေါက်သံနှင့်အတူ မှတ်ကြီး၏ လက်တစ်ဖက်က အလယ်ပန်းကန်ပြားထဲမှ နောက်ဖဲတစ်ချပ်ကို လှမ်းပြီး ဆွဲယူလိုက်၏။ ထိုဖဲကတော့ မှတ်ကြီးကို အဆုံးအဖြတ်ပေးမည့် နောက်ဆုံး ဖဲတစ်ချပ်ပင် ဖြစ်သည်။ တကယ်တမ်းသာ အခုဆွဲယူလိုက်သည့်ဖဲက ဒိုင်းမွှန်းလိုင်းထဲက ဖြစ်နေခဲ့လျှင်တော့ မှတ်ကြီးအဖို့ သူထိုးထားသည့် ငွေ၏ သုံးဆရမည်ဖြစ်သည်။

ထို့နောက် မှတ်ကြီးက ဖဲကို ချက်ချင်းမကြည့်သေးဘဲ ပထမ ဖဲနှစ်ပေါ်သို့ မှောက်တင်လိုက်ပြီး နှာခေါင်းဖြင့် ဖွဖွနမ်းလိုက်သည်။ ထိုအချိန်မှာပင် ဒိုင်ဖြစ်သူ ကိုသိန်းမောင်က သူ့လက်ထဲမှ ဖဲနှစ်ချပ်ကို ဝိုင်းအလယ်တွင် လှန်ပြလိုက်တော့၏။

ကိုသိန်းမောင်၏ ဖဲနှစ်ချပ်က ဒိုင်းမွှန်းကိုးနှင့် ဒိုင်းမွှန်းခြောက် ဖြစ်နေ၏။

''ဟင်... သူ့ဖဲက နှစ်ဆ 'ငါး' ပါလား...''

မှတ်ကြီးက ကိုသိန်းမောင် လှန်ပြထားသည့် ဖဲနှစ်ချပ်ကို တစေ့တစောင်း လှမ်းကြည့်ရင်း ရင်တွေ တဒိတ်ဒိတ်တိုးဆောင့်သွား၏။ ဘာပဲပြောပြော ကိုသိန်းမောင်၏ ဖဲကိုတော့ သူနိုင်အောင် ကြည့်နိုင်မှ ရတော့မည်...။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မှတ်ကြီးက သူ့လက်ထဲမှ ဖဲချပ်တွေကို ဖြည်းဖြည်းချင်း ပွတ်သပ်ပြီး ကြည့်လိုက်သည်။ နောက်ထပ် တက်လာသည့်ဖဲက 'စပိတ်'သုံး...။

"တောက် သေရောကွာ..."

မှတ်ကြီး ကြမ်းပြင်ပေါ် ပစ်ပေါက်ချလိုက်သော သူ့ဖဲသုံးချပ်က ခုနစ်ဖဲ တစ်ချပ်နှင့် သုံးဖဲ နှစ်ချပ်၊ စုစုပေါင်းမှ သုံးသာရှိသည်။

ပထမပွဲအစမှာပင် မှတ်ကြီးက ကိုသိန်းမောင်ကို သူထိုးထားသည့်ငွေ၏ နှစ်ဆကို ပေးလျော်လိုက်ရသည်။ မှတ်ကြီးလိုပင် ဒိုင်စားခံလိုက်ရသည့် ဖဲသမားတင်ဖေမှာလည်း မျက်နှာရှစ်ခေါက်ချိုးနှင့် ဖြစ်သွားပြီး သူ့လက်ထဲမှ ဖဲချပ်တွေကို ပစ်ချလိုက်ရင်း

"ဒီကောင်မှတ်ကြီး ရောက်လာမှ... ဖဲကလည်း 'ဘူ'တွေချည်းကျနေတော့တာပဲ..."

သူတို့အားလုံး တစ်ယောက်တစ်ပေါက် ပြောနေချိန်တွင်တော့ ပွဲစားသိန်းမောင်မှာ သူ့လွယ်အိတ်ထဲသို့ ငွေအကြွေစတွေကို တချွင်ချွင်နှင့် ထည့်နေပြီး နောက်တစ်ဝိုင်းပြန်စဖို့ ပြင်နေ၏။ အိမ်ရှင်ချက်ကြီးမှာလည်း ဖဲသမားများအတွက် လိုလေသေးမရှိအောင် အရက်နှင့် ဆေးလိပ်ကို မပြတ်တမ်း တည်ခင်းဧည့်ခံနေရသည်။

မှတ်ကြီးတို့ ဖဲဝိုင်းနှင့် ထရံစုတ်တစ်ချပ်သာခြားသော အိပ်ခန်းထဲတွင်တော့ ချက်ကြီးနှင့် ဒေါ်ကြွက်နီတို့၏ ကလေးများမှာ အိပ်မောကျလျက်ပင်ရှိနေသည်။ သူတို့မိသားစုအတွက် အိမ်စရိတ်ကလည်း ယခုကဲ့သို့ ဖဲဝိုင်းလေးထောင်မှသာ အသက်ရှူချောင်ရသဖြင့် ချက်ကြီးတို့အိမ်တွင် နေ့စဉ်လိုလိုမှာ ဖဲဝိုင်းနှင့် ပြတ်သည်ဟူ၍မရှိ...။ နောက်ပြီး





ယခုကဲ့သို့ မြို့မှ စပါးပွဲစားသိန်းမောင်တို့လို ပိုက်ဆံထုပ်ပိုက်ပြီး လာကစားသူတွေများလေ ချက်ကြီးတို့လင်မယားက အကောက်ကြေးငွေပိုရလေဖြစ်သဖြင့် ကလေးများကိုပင် ဂရုမစိုက်နိုင်အားတော့။ ဖဲဝိုင်းဘေးတွင်သာ တစ်နေကုန် မိုးလင်းရတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com





အချိန်ကြာလာသည်နှင့်အမျှ အနိုင်အရှုံးတွေက ပိုကြမ်းလာသည်။ တစ်လှည့်ပြီးတစ်လှည့် အစားခံနေရသည့် ထိုးသားများမှာလည်း နိုင်ဖြစ်သူ ကိုသိန်းမောင်ကို မျက်ခြည်မပြတ်ရဲကြ။ သူ့လက်၏ အသွားအလာကိုစောင့်ပြီး ကြည့်ကြသည်။

"ဖြောင်း..."

မှတ်ကြီးက သူ့လက်ဝါးတစ်ဖက်ပေါ်သို့ ဖဲချပ်ကို ဖြောင်းခနဲမြည်အောင် လှန်ပြီး ရိုက်ချလိုက်၏။ တစ်ချိန်တည်းမှာပင် သူ့အသံကလည်း...

"ကိုးကွာ... ဟုတ်ပြီ..."

ဒီတစ်ကြိမ်တော့ ကံတရားက မှတ်ကြီးဘက်ပဲ ပါသည်ဟုပြောရမလို...၊ မှတ်ကြီးလက်ထဲမှ ဖဲချပ်တွေ 'စပိတ်တစ်'နှင့် 'စပိတ်ရှစ်'ဖြစ်နေသဖြင့် ထိုးထားသည့် ငွေ၏နှစ်ဆ အလျော်ရမည်ဖြစ်၏။ သို့သော် သူပြန်ရမည့်ငွေက ရှုံးထားသောငွေနှင့်ပင် မမျှ...။ သူတစ်ကိုယ်လုံးလည်း ချွေးစေးတို့က မြင်မကောင်းအောင် ထွက်နေသည်။





တဖြည်းဖြည်း မိုးကလည်း လင်းလုလင်းခင် ဖြစ်လာသဖြင့် မှတ်ကြီးက အရှုံးနောက်သို့ ဇောနှင့် လိုက်နေမိသည်။

ထိုစဉ်...

"ကဲ... အားလုံးပဲ ဝမ်တိမ် (Warning) သုံးလှည့်ခေါ်မယ်။

သတ္တိရှိရင် အောပြီး ထိုးလို့ရတယ်"

ကိုသိန်းမောင်၏ ဝမ်တိမ်ဆိုသည့် ဗမာသံ ဝီဝီသသကြီးကို ကြားလိုက်ရသည်နှင့် မှတ်ကြီး၏ခေါင်းတွေမှာ မီးပွင့်မတတ်ဖြစ်သွား၏။ ယောက္ခမစုဘူးထဲမှ ယူလာသည့်ငွေက သူ့လက်ထဲတွင် အနည်းအကျဉ်းသာ ကျန်တော့သည်။ ဒီအချိန်မှာ ကိုသိန်းမောင်က ပွဲသိမ်းရန် သုံးလှည့်သာ လက်ခံတော့မည်ဆိုသဖြင့် ရှိသမျှပိုက်ဆံ ပုံအောပြီး လိုက်ထိုးမှ ရှုံးထားသည့် ငွေစတွေက ပြန်ရနိုင်မည်ဖြစ်၏။ မှတ်ကြီးက အင်္ကျီအိတ်ကပ်ထဲမှ မီးခြစ်ကိုထုတ်ပြီး ဆေးပေါ့လိပ်တိုကို အားရပါးရ မီးညှိဖွာရှိုက်လိုက်၏။ ထို့နောက် မီးခိုးငွေ့တွေနှင့်အတူ လေပူတွေကိုရောပြီး မှုတ်ထုတ်လိုက်၏။

"ဟူး..."

မှတ်ကြီး၏ ပျက်နေသော အမူအရာကိုကြည့်ကာ ပွဲစားသိန်းမောင်က

"ဘယ်လိုလဲ မှတ်ကြီး... ငွေလိုရင်တော့ ချေးမယ်လေ။ ဒါပေမဲ့ မင်းမှာ ဘာပစ္စည်းပါလဲ။ ပစ္စည်းပါမှ ချေးနိုင်မယ်၊ တစ်မျိုးတော့ မထင်နဲ့နော်။ ဟဲဟဲ... ငါက ငွေရှာတာဆိုတော့ စီးပွားရေးဆန်ဆန်တော့ လုပ်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီး၏ အတွေးတွေက တစ်ခဏအတွင်းမှာပင် ဗလောင်ဆူနေ၏။ တကယ်တော့ ကိုသိန်းမောင်ပြောသလို မှတ်ကြီးမှာ ဘာကိုမှ ပေါင်စရာ၊ နှံစရာမရှိ။ ရှိစုမဲ့စု ပိုက်ဆံနှင့်သာ ငွေနောက်သို့ လိုက်ရပေတော့မည်။

''ကဲပါ... ခင်ဗျား စကားအပိုတွေ ပြောမနေစမ်းပါနဲ့။ ပွဲစမှာသာ စစမ်းပါ''

နဂိုတည်းက ဖဲရှုံးပြီးခေါင်းပူနေသည့်မှတ်ကြီးမှာ ကိုသိန်းမောင်၏ အထက်စီးနှင့်ပြောနေသည့် လေသံတွေကို မခံချင်စိတ်နှင့် ပြန်ပြောလိုက်သည်။

မှတ်ကြီးနှင့်အတူ ငမိုးတို့၊ တင်ဖေတို့ ဖဲသမားများအားလုံးမှာလည်း ဒိုင်ဖြစ်သူ ကိုသိန်းမောင်၏ လက်ထဲတွင် ကုလားဖန်ထိုးပြီး ရောမွှေနေသည့် ဖဲထုပ်ကိုကြည့်ကာ ပွဲစဖို့ တောင်းဆိုနေကြ၏။

မှတ်ကြီးက ဖဲဝိုင်းဘေးတွင် ချက်ကြီးထောင်ပေးထားသည့် အရက်ပုလင်းထဲမှ အရက်တွေကို ရေမရောဘဲ မော့ချလိုက်၏။ သူ့လိုပင် ခွက်ခွက်လန်အောင်ရှုံးနေသည့် တင်ဖေမှာလည်း ဆေးပေါ့လိပ်ကို အငွေ့တထောင်းထောင်းထနေအောင် စိတ်ပျက်လက်ပျက်နှင့် မှာရှိုက်နေသည်။

သူတို့အဖို့ တစ်ညလုံး ဖောကပ်ပြီး ရိုက်လာရသည့်ဖဲက မကြာခင်အချိန်မှာ အဆုံးသတ်ချေတော့မည်။

''ဖလပ်... ဖတ်.. ဖတ်.. ဖတ်''

ကိုသိန်းမောင်၏ ဘယ်ဘက်လက်ထဲမှ ကျလာသည့် ဖဲချပ်တွေနှင့် ညာဘက်လက်ထဲမှ ကျနေသည့် ဖဲချပ်တွေက လေထဲတွင်





တဖတ်ဖတ်နှင့် အချင်းချင်း ရောယှက်ကုန်၏။ မှတ်ကြီးက သူ့အိတ်ကပ်ထဲမှ ငွေအကြွေစတွေကို ရေတွက်ကြည့်လိုက်ရာ အားလုံးပေါင်းမှ နှစ်ကျပ်စွန်းစွန်းသာ ကျန်တော့သည်။ ဘာပဲပြောပြော ဒီငွေစတွေက သူ့အတွက် ကောက်ရိုးတစ်မျှင်အဖြစ်သာ အားထားရတော့မည်။ ထို့နောက် မှတ်ကြီးက ကျပ်စေ့တစ်စေ့ကို သူ့ရှေ့တွင်ချပြီး ထိုးပစ်လိုက်သည်။

''ကဲ... စပြီ...၊ လက်တွေ ရှောင်''

ကိုသိန်းမောင်က ထိုးသားများ၏ရှေ့မှ ပိုက်ဆံတွေကို ရေတွက်စစ်ဆေးလိုက်ပြီး ကစားပွဲကို စတင်လိုက်သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



“ဖြောင်း…”

“ဟုတ်ပြီ… နှစ်ဆ ‘ရှစ်’ကွ…”

သိမ့်ခနဲဖြစ်သွားသော ချက်ကြီးတို့အိမ်၏ အခင်းကြမ်းပြင်တွေက မှတ်ကြီး၏ အော်သံနှင့်အတူ တဂျွမ်းဂျွမ်းမြည်ကုန်၏။ တစ်ချိန်တည်းမှာပင် သူ့ဖဲနှစ်ချပ်ကိုလည်း တရှုတ်ရှုတ်နမ်းရှုံ့ရင်း ကိုသိန်းမောင်ကို လှန်ပြလိုက်၏။

ကိုသိန်းမောင်မှာ မှတ်ကြီးလှန်ပြထားသော ‘ဟတ်(တ်)’နှစ်နှင့် ‘ဟတ်(တ်)’ခြောက် ဖဲနှစ်ချပ်ကိုကြည့်ကာ ဘာတစ်ခုမှ ထူးထူးခြားခြား အံ့ဩသည့်ပုံမပေါက်ဘဲ မှတ်ကြီးထိုးထားသည့် ပိုက်ဆံကို လှမ်းယူလိုက်ကာ

“ဟောဒီမှာ… ရှစ်ထက်ကြီးတဲ့ ‘ကိုး’နဲ့စားတာ…”

“ဟင်…”

“ဟာ…”

“သေရောကွာ…”

မှတ်ကြီးနှင့်အတူ ထိုးသားများအားလုံးမှာ ပါးစပ်အဟောင်းသားတွေနှင့် ဖြစ်ကုန်ကြပြီး မွက်မွက်ညံကုန်ကြသည်။ သူတို့အဖို့ အခွင့်အရေးက နောက်ထပ် နှစ်ကြိမ်သာကျန်တော့သည်။ မှတ်ကြီး၏ နားထင်မှ စီးကျလာသော ချွေးတွေက ပိုးပိုးပေါက်ပေါက်နှင့် မြင်မကောင်းအောင်





ဖြစ်နေသည်။ သူ့မှာ ကျန်သည့်ပိုက်ဆံက ယခုတစ်ကြိမ် အလျော်ရမှ နောက်ဆုံးအချီတွင် ဖိထိုးဖို့ အရင်းရမှာဖြစ်၏။ ဒါမှမဟုတ် ဒီအချီမှာကတည်းက အရင်းပြုတ်ချင်လည်း ပြုတ်သွားနိုင်၏။

“ကဲ.. နောက်တစ်ကြိမ် စမယ်နော်…”

ကိုသိန်းမောင်၏ အသံကို အားလုံးက မကြားတော့။ သူ့အပူနှင့်သူ ဖြစ်နေကြပြီး ရှိသမျှပိုက်ဆံကို ရေတွက်ကာ ရှေ့မှာချပြီး ထိုးနေကြသည်။ မှတ်ကြီးကတော့ ရေတွက်စရာပိုက်ဆံပင် များများစားစား မရှိတော့ဘဲ လက်ကျန် ကျပ်စေ့တစ်စေ့ကို သူ့ရှေ့တွင် ချထိုးလိုက်သည်။ ထို့နောက် မှတ်ကြီးက စိတ်ပျက်လက်ပျက်လေသံနှင့်

“ဒီမှာ ကိုသိန်းမောင်၊ ကျုပ် အခုအလှည့် ဒုံးထိုးတယ်ဗျာ၊ ဆမဟုတ်ဘူး…”

“ဟုတ်ပြီ… ကျန်တဲ့လူတွေလည်း အခုတည်းက ကြိုပြောထားနော်။ ဒုံးဆို ဒုံး၊ ဆဆို ဆ၊ ပြီးတော့မှ ကျုပ်ဖဲက ဆနဲ့ကျနေလို့ မပေးနိုင်ဘဲ နေဦးမယ်… ဟဲ. ဟဲ..”

ကိုသိန်းမောင်၏ ထေ့လုံး၊ ငေါ့လုံးတွေကြောင့် အားလုံးက မျက်ထောင့်နီကြီးတွေနှင့် ဝိုင်းပြီး ကြည့်နေကြသည်။ အမှန်တော့ ဒီဝိုင်းတစ်ခုလုံးမှ ထိုးသားတွေထဲတွင် မှတ်ကြီးတစ်ယောက်သာ ငွေမလိုက်နိုင်တော့သဖြင့် ဒုံး (သူ့ဖဲက ဆနှင့်ကျလျှင်လည်း ဒိုင်က ဆနှင့်မလျော်ရ၊ ဒိုင် ဆနှင့်ကျလျှင်လည်း မှတ်ကြီးက ဆနှင့်မလျော်ရ) ထိုးလိုက်ရသည်။

“ကျုပ်တို့ကတော့ ရေဆုံးရေဖျားပဲ ကိုသိန်းမောင်။ သွေးမရှိရင် ဒီဝိုင်းကို လာတောင် မလာဘူး…”



www.burmeseclassic.com

www.burmeseclassic.com



ငွေလက်ကျန်လေး တချွင်ချွင်ရှိနေသေးသည့် ဖဲသမားငမိုးကတော့ မလျှော့...။

ကိုသိန်းမောင်က သူ့လက်ထဲမှ ဖဲတွေကို စဝေနေပေပြီ။ အားလုံးကလည်း ကိုယ့်ရှေ့သို့ ရောက်လာသည့် ဖဲချပ်တွေကို အလုအယက်နှင့် ကောက်ပြီး ကြည့်ကြ၏။

ဒီတစ်ကြိမ်တော့ ကိုသိန်းမောင်၏ ဖဲပွင့်တွေက ထိုးသားများထက် နည်းနေသဖြင့် တစ်ဝိုင်းလုံးကို လျော်လိုက်ရသည်။ ကံဆိုးသည်က မှတ်ကြီးပင် ဖြစ်၏။ သူ့ဖဲနှစ်ချပ်က ဒုံးထိုးမှ ဆနှင့်ပင် လာပြီး ကျနေသည်။

"တောက်.. သေစမ်းကွာ။ ဆိုးလိုက်တဲ့ကံ၊ ဆနဲ့ မထိုးတော့မှ ဆနဲ့ လာကျရတယ်လို့ကွာ"

မှတ်ကြီးက ပုဆိုးခါးပုံစရှည်ကြီးနှင့် သူ့မျက်နှာပေါ်မှ ချွေးတွေကို သုတ်လိုက်ပြီး ညည်းညည်းညူညူပြောလိုက်သည်။ ထို့နောက် ကိုသိန်းမောင်ထံမှ အလျော်ရသည့် ငွေတစ်ကျပ်နှင့် သူ့မှာရှိသည့် ငွေတစ်ကျပ်ပေါင်းကာ နောက်ဆုံးအချီအဖြစ် ချပြီးထိုးလိုက်တော့၏။

"ကဲ.. ဒါ နောက်ဆုံးပွဲနော်၊ သွေးမနည်းကြနဲ့"

"ဖလပ်... ဖတ်.. ဖတ်.. ဖတ်"

ပြောပြောဆိုဆို ကိုသိန်းမောင်က ဖဲထုပ်ကို ကုလားဖန်ထိုးမွှေနှောက်နေ၏။ ငမိုးတို့၊ တင်ဖေတို့မှာလည်း အိတ်ကပ်ထဲရှိသည့် ငွေစတွေကို သူတို့ရှေ့တွင် စုပုံရင်း ထိုးနေကြပေပြီ။

မှတ်ကြီးကတော့ အခုချိန်တွင် ပါသမျှငွေတွေနောက်သို့ ပြန်လိုက်နိုင်ဖို့ ဘယ်လိုမှ မတတ်နိုင်တော့။ ယောက္ခမ စုဘူးထဲမှ လုယူလာခဲ့





သော ပိုက်ဆံအစိတ်က တဖြည်းဖြည်း လုံးပါးပါးပြီး ဒီမျက်နှာကြီးနှင့် အိမ်ပြန်ဖို့ပင် သူ့အတွက် ခက်နေချေပြီ။

ခဏအကြာ...

ကိုသိန်းမောင်က နောက်ဆုံးအချီအဖြစ် ဖဲချပ်တွေကို စပြီး ဝေတော့သည်။ မှတ်ကြီးက သူ့အကျင့်အတိုင်း အရင်ရောက်လာသည့် ဖဲချပ်ကို ချက်ချင်း ကောက်ယူမကြည့်သေးဘဲ ထိုဖဲ၏ အနားစွန်းတစ်ဖက်ကို လက်မနှင့် ထိုးကော်ပြီး ချောင်းကြည့်လိုက်၏။

သူ မြင်လိုက်ရသည့်ဖဲက စပိတ်တစ်လိုလို၊ ညှင်းတစ်လိုလိုနှင့် မရေမရာဖြစ်နေသည်။ ထိုအချိန်မှာပင် နောက်ထပ် ဖဲတစ်ချပ်ရောက်လာ၏။

မှတ်ကြီးက ထိုဖဲနှစ်ချပ်ကို ရင်တထိတ်ထိတ်နှင့် ပွတ်သပ်ပြီး ကြည့်မည်အလုပ်တွင် ကိုသိန်းမောင်က သူ့ဖဲနှစ်ချပ်ကို ဝိုင်းရှေ့သို့ ဦးအောင် အရင်လှန်ပြလိုက်၏။

"အားလုံးကိုတော့ စိတ်မကောင်းပါဘူး။ ဒီမှာ 'ကိုး'ဖြစ်သွားပြီ"

"ဟာ..."

"ဟင်..."

"သေစမ်းကွာ..."

"ဒီမှာ ဖိမ်နဲ့ကြည့်မယ် ကြံကာရှိသေးတယ်ကွာ... တောက်!"

အားလုံး၏အသံက ဆူညံပွက်လောရိုက်ကုန်သည်။ ထိုအသံတွေနှင့်အတူ မတ်တတ်ရပ်ပြီး ပုဆိုးပြင်ဝတ်သံတွေ၊ ဆေးလိပ်ပြာခွက်တွေကို တက်နင်းမိသံတွေက ဝုန်းဒိုင်းကျဲနေသည်။ ဒီကြားထဲ ချက်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ ဒေါ်ကြွက်နီက အိပ်မှုန်စုန်မွှားနှင့်ထလာပြီး ဖဲနိုင်သွားသည့် ပွဲစားကိုသိန်းမောင်နားသို့ ကပ်ကာ သဒ္ဓါကြေး လိုက်တောင်းနေပြန်၏။

မုတ်ကြီးကတော့ ဘာမှမထူးတော့သည့်အတူတူ ဖဲဝိုင်းဘေးမှ အရက်ပုလင်းကို ရေပင်မရောတော့ဘဲ တဂွတ်ဂွတ်နှင့် မော့သောက်ပစ်လိုက်သည်။ သူ့ရင်ထဲမှာလည်း ရေမရောဘဲ မျိုချနေရသည့် အရက်တွေထက် တက်တက်ပြောင်အောင် ရှုံးသွားသည့် ယောက္ခမ၏ ပိုက်ဆံတွေကြောင့် သောကမီးတောက်လျက်ရှိသည်။

အားလုံးက အလျှိုအလျှို အိမ်ပြန်သွားကြပြီဖြစ်သော်လည်း မုတ်ကြီးကတော့ ထိုနေရာမှာပင် အရက်သောက်ရင်း ကျန်ခဲ့၏။ ဒီအချိန်မှ အိမ်သို့ပြန်ရင်လည်း ယောက္ခမနှင့် မိန်းမက မုတ်ကြီးကို တစ်ပြားမှ မတန်အောင် ပြောဆိုတော့မည်။ ပိုဆိုးသည်က ရွာဦးကျောင်းမှ ဆရာတော်ကို သင်္ကန်းထပ်ဖို့ စုဆောင်းထားသည့် ပိုက်ဆံတွေနှင့် ဖဲရိုက်ပစ်လိုက်သည့် သူ့ကို အိမ်ရိပ်ပင် နင်းခိုင်းတော့မည်မဟုတ်...။

ထို့နောက် မုတ်ကြီးက ပုလင်းထဲမှ လက်ကျန်အရက်တွေကို စိတ်ရှိတိုင်း တရစပ်မော့ချကာ ချက်ကြီးတို့အိမ်ရှေ့မှ ဝါးကွပ်ပျစ်ပေါ်တွင် ပုဆိုးခြုံပြီး ခွေခွေလေး အိပ်ပစ်လိုက်တော့သည်။

❑





အခန်း ( ၄ )

''ဟဲ့... မုတ်ကြီး...၊ မုတ်ကြီး...၊ ဘယ်နှယ့်တော်... နင့်ဟာက မိုးတောင် ချုပ်တော့မယ်။ သေပဲ သေနိုင်လွန်းတယ် တကတဲ။ အိမ်ရှင်ကို နည်းနည်းပါးပါးလည်း အားနာပါဦးဟဲ့။ ဖရုပ်များ အောက်မေ့နေသလား...''

မုတ်ကြီး၏ မျက်လုံးတွေက မဖွင့်ချင် ဖွင့်ချင်နှင့် ကြိုးစားပြီး ဖွင့်ကြည့်လိုက်၏။ သူ့မျက်လုံးထဲတွင် ချက်ကြီး၏မိန်းမ ဒေါ်ကြွက်နီက ဖဲဝိုင်းဘေးတွင် အကောက်ထိုင်ကောက်သည့် မျက်နှာမျိုးမဟုတ်တော့...။ ခါးပေါ်ကို လက်ထောက်ရင်း သူ့ကို အိမ်ပြန်ဖို့ နှင်နေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီးက တအင်းအင်း၊ တအဲအဲနှင့် ညည်းညူပြီး ဟိုကုတ်၊ ဒီကုတ်လုပ်ကာ မထချင်၊ ထချင်နှင့် ဝါးကွပ်ပျစ်ပေါ်မှ ငုတ်တုတ်ထထိုင်လိုက်၏။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း နေဝင်ရီတရောဖြစ်နေပြီး အိပ်တန်းတက်ရန် ဟန်ပြင်နေသည့် ငှက်တွေက ချက်ကြီးတို့ ခြံထောင့်မှ သခွပ်ပင်ကြီးပေါ်တွင် ဆူဆူညံညံ ဖြစ်နေ၏။ သောက်ထားသော အရက်အရှိန်ကြောင့် သူ့ခေါင်းတစ်ခုလုံးမှာလည်း တဆစ်ဆစ်ကိုက်ခဲနေသည်။ ချက်ချင်းဆိုသလို မနေ့ညက ဖဲရှုံးထားသည့်ကိစ္စကလည်း ခေါင်းထဲသို့ ရောက်လာ၏။ ဒူးနှစ်ဖက်ကို ပိုက်ပြီး ငေးတိငေးကြောင် ထိုင်နေရာမှ ရင်ဘတ်ထဲက တလှပ်လှပ်ပင်ဖြစ်လာသည်။ ထမင်း မစားရသည်မှာလည်း အိမ်ကစပြီး ထွက်လာကတည်းကဖြစ်သဖြင့် အူတွေက ဟောင်းလောင်းပွင့်လျက် တကြုတ်ကြုတ်မြည်နေ၏။ ထို့နောက် မှတ်ကြီးက

"ဒေါ် .. ဒေါ်ကြွက်နီ...၊ ထမင်းကြမ်းခဲလေး ဘာလေးရှိရင် ကျုပ်ကို ကျွေးပါလားဗျာ။ ကျုပ် ရင်ထဲမှာ ပူစပ်ပူလောင်ကြီး ဖြစ်နေလို့..."

"အမလေးတော့်... လာ လာချည်သေး...၊ ငါ့အိမ်က ဖဲရှုံးလို့ စားရမဲ့သောက်ရမဲ့ဖြစ်နေတဲ့ နှင့်လိုလူတွေကိုသာ ကျွေးမွေးနေရရင် ခေါင်းမွေးတောင် ကျန်မှာမဟုတ်ဘူး။ ဘယ်နှယ့်တော် ဒီခေတ်ကြီးမှာ လုံးတီးဆန်တစ်အိတ်တောင် ဆယ့်နှစ်ကျပ် ဖြစ်နေပြီ၊ လူတစ်ယောက်ကို ထမင်း အလကား ကျွေးဖို့ဆိုတာ စဉ်းစဉ်းစားစားလည်း ပြောပါဦး"





ဒေါ်ကြွက်နီ၏ မဲ့ကာရွဲ့ကာနှင့် ပြောဆိုနေသည့် စကားတွေကြောင့် ကိုချက်ကြီးက အိမ်ထဲမှ ပြေးထွက်လာပြီး သူ့မိန်းမကို မျက်နှာတည် မျက်နှာထားနှင့် ဘာတွေကို တီးတိုးပြောဆိုလိုက်သည် မသိ။ ဒေါ်ကြွက်နီမှာ ဆောင့်ကာအောင့်ကာနှင့် အိမ်အနောက်ဘက်ဆီသို့ ဝင်သွားပြီး မှတ်ကြီးအတွက် မြေပဲဆန် လေးငါးဆယ်စေ့နှင့် ထမင်းကြမ်းကို ပန်းကန်ပြားတစ်ချပ်နှင့် ထည့်ယူလာသည်။

ဒေါ်ကြွက်နီချကျွေးသည့် ထမင်းကြမ်းခဲနှင့် မြေပဲဆန်တွေက ခဏအတွင်းမှာပင် ပြောင်ခနဲကုန်သွား၏။ အနည်းငယ် နေသာထိုင်သာရှိသွားသော မှတ်ကြီးမှာ ပါးစပ်ကိုပင် စင်အောင်မသုတ်နိုင်တော့ဘဲ ချက်ကြီးတို့အိမ်မှ ထွက်လာခဲ့သည်။

ထိုအချိန်မှ မနေ့ညက နွားလှည်းပေါ်မှ အသက်လုပြီး ခုန်ဆင်းပြေးလာတုန်း လှည်းလက်ရန်းတိုင်တွင် ချိတ်လျက်ပါသွားသည့် သူ့ဖိနပ်ကို ပြန်သတိရမိတော့သည်။

နေဝင်ရီတရောဆည်းဆာက ညို့ညို့မှိုင်းမှိုင်းဖြစ်နေသော လယ်ကွင်းတွေပေါ်တွင် ပုစွန်ဆီရောင် ခပ်ကျဲကျဲ ရေးခြယ်ထားသလို ဖြစ်နေ၏။ မြေစိုင်မြေခဲတွေကြားတွင် ထိုးထိုးထောင်ထောင်ဖြစ်နေသော ရိုးပြတ်တွေက မွဲခြောက်နေပြီး ပျံလွှားငှက်တွေက ရိုးပြတ်တွေပေါ်တွင် ကပ်ပြီး ပျံဝဲနေကြသည်။

မှတ်ကြီးက ထိုမြင်ကွင်းတွေမြင်တိုင်း ကလေးဘဝတည်းက ဆိုးဆိုးပေပေ နေခဲ့ဖူးသည့် သူ့ဘဝကို သူ ပြန်မြင်ယောင်နေမိ၏။ ထိုစဉ်က အခုလို ညနေဆည်းဆာအချိန်မျိုးတွင် လယ်ကွက်တွေပေါ်ကပ်ပြီး ပျံဝဲနေသည့် ပျံလွှားငှက်တွေကို ဝါးလုံးရှည်တစ်ချောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ယမ်းကာ ရိုက်ခဲ့ဖူး၏။ ဆရာတော်မသိအောင် ရွာဦးကျောင်းဝင်းအတွင်းမှ မန်ကျည်းပင်ကြီးပေါ် တက်ပြီး ငှက်သိုက်တွေ နှိုက်ခဲ့ဖူး၏။ တဖြည်းဖြည်း အရွယ်ရောက်လာသည်နှင့် ကျောက်ဒိုးရိုက်၊ အံစာလှိမ့်၊ လောင်းကစားအမျိုးမျိုးကိုလည်း လုပ်တတ်လာသည်မှာ ဖဲသမားကြီးလုံးလုံးဖြစ်နေသည့် အခုအချိန်အထိပင် ဖြစ်နေသည်။

ထိုအတွေးများနှင့်အတူ မကြာခင် ကလေးအဖေဖြစ်ရတော့မည့်အကြောင်း ခေါင်းထဲရောက်လာပြီး မိန်းမဖြစ်သူ ထွေးခင်ကို သတိရသွား၏။

''ဒီအချိန်ဆို ထွေးခင်နဲ့ ယောက္ခမကြီးတော့ ငါ့ကြောင့် ဘယ်လောက်တောင် သောကရောက်နေကြပြီလဲ မသိဘူး။ နောက်ပြီး ခြစ်ခြစ်ကုတ်ကုတ်နဲ့ စုထားတဲ့ ပိုက်ဆံတွေကိုမှ ယူပြီး ဖဲရိုက်ပစ်လိုက်တဲ့ငါ့ကို ယောက္ခမက အိမ်ရိပ်တောင် နင်းခိုင်းပါတော့မလား''

သူ့ခြေလှမ်းတွေက တုံ့ဆိုင်းလေးလံနေပြီး ကန်သင်းရိုးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ထိုစဉ် ခပ်လှမ်းလှမ်းမှ နွားတစ်အုပ်ကို မောင်းပြီးပြန်လာသော ရွာမှ ကိုဘတူကို လှမ်းတွေ့လိုက်ရသည်။ ကိုဘတူက မှတ်ကြီးကို မြင်မြင်ချင်း

''ဟာ.. ဟေ့ကောင် မှတ်ကြီး... ဘယ်လိုလဲကွ၊ ညက ချက်ကြီးတို့အိမ်က ကျိတ်ဝိုင်းမှာ အခြေအနေကောင်းရဲ့လား''

''မပြောပါနဲ့ကွာ... ပါသမျှ တက်တက်ကိုပြောင်ရော...''

သူ့အသံတွေက လည်ချောင်းဝတွင် တစ်ဆို့ဆို့ကြီးပင် ဖြစ်နေသည်။ ဘတူက မှတ်ကြီးဘေးသို့ ဝင်ထိုင်ရင်း...





''ဩော်.. ဒါနဲ့... ညက ဟိုကောင် မင်းဒင်တို့၊ မင်းဆီကို အကြွေးတောင်းမယ်ဆိုပြီး ချက်ကြီးတို့ရွာဘက်ကို လိုက်သွားကြတာ မင်းနဲ့ မတွေ့ဘူးလား''

''ဘာ...''

ဘတူ၏စကားကြောင့် မှတ်ကြီး၏ ကျောပြင်တစ်ခုလုံး စိမ့်ခနဲဖြစ်သွား၏။ တစ်ချိန်တည်းမှာပင် မင်းဒင်၏ နိုင်ထက်စီးနင်း လူမဆန်သည့် လုပ်ရပ်တွေကိုလည်း မျက်လုံးထဲတွင် ပြေးမြင်မိသည်။ နောက်ပြီး ဘယ်သွားသွား သူ့လွယ်အိတ်ထဲတွင် အသင့်ဆောင်လေ့ရှိသည့် ဓားမြှောင်ကလည်း နေရာ အချိန်မရွေး မှတ်ကြီး၏ အသက်ကို ဆွဲနှုတ်ယူငင်သွားနိုင်သည်။

''ငါ... ငါ အခုလောလောဆယ်တော့ မင်းဒင်ကို ပေးစရာ ပိုက်ဆံမရှိသေးဘူး။ ဒီအချိန်မှာ အကောင်းဆုံးကတော့ သူ့ကို ရှောင်နေမှဖြစ်မယ်''

မှတ်ကြီး၏စကားတွေက လေသံပင် သိပ်မမှန်ချင်တော့။ အချိန်မရွေး ကျရောက်လာမည့် အသက်အန္တရာယ်က သူ့ကို ခြိမ်းခြောက်နေပေပြီ။ မှတ်ကြီးအဖို့ အခုအချိန်တွင် ကိုယ့်ရွာမှာကိုယ် ပြန်ပုန်းနေရသည်ထက် လုံခြုံသည့်နေရာ မရှိဟုလည်း အကြိမ်ကြိမ်စဉ်းစားနေမိသည်။

သူ့အတွေးတွေက ဘယ်အထိ မျောသွားသည်မသိ။ ကိုဘတူ သူ့အနားမှ ထွက်သွားသည်မှာ ခပ်ဝေးဝေးသို့ပင် ရောက်နေပေပြီ။

ထို့နောက် မြင်သာထင်သာ ရှိနေသေးသည့် အချိန်ကြောင့် ပုဆိုးကို ခေါင်းမြီးခြုံကာ ခပ်သုတ်သုတ်ခြေလှမ်းများဖြင့် သူတို့ရွာဘက်



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ဆက်လျှောက်သွားလိုက်သည်။ စိုးရိမ်မကင်းဖြစ်နေသည့် သူ့စိတ်တွေက မလုံမခြုံဖြစ်နေသေးသည့် ကျေးရွာအုပ်ချုပ်ရေးနှင့် ကြက်ကလေး၊ ငှက်ကလေးတစ်ကောင်လို အစဖျောက်ပြီး သတ်တတ်သည့် မင်းဒင်တို့အုပ်စုကြောင့် ရတက်မအေးဘဲ ဖြစ်နေရသည်။

မကြာခင်... ကောင်းကင်ကြီးတစ်ခုလုံးမှာ ကြယ်တို့ လင်းလက်စပြုလာပြီး အမှောင်ထုအောက်သို့ တဖြည်းဖြည်း တိုးဝင်လာပြီဖြစ်၏။ တစ်လမ်းလုံး ခပ်သုတ်သုတ်နှင့် မပြေးရုံတမည် လျှောက်လာရသော သူ့ခြေလှမ်းတွေက နည်းနည်းမှ မသယ်ချင်လောက်အောင် လေးလံလာ၏။ ထိုအချိန်မှ သူရောက်နေသောနေရာမှာ မနေ့ညက ခြုံစောင်အနီကွက်ကျားနှင့် တစ္ဆေတစ်ကောင်၏ လှည်းကြိုကို လိုက်စီးမိသည့်နေရာ သုသာန်အစပ်သို့ပင် ရောက်နေမှန်း သိလိုက်ရသည်။

"ဟင်..."

ဖြန်းခနဲထသွားသော ကြက်သီးမွေးညင်းတွေက တစ်ကိုယ်လုံး ဖိန်းတိန်းတိန်းပင် ဖြစ်သွား၏။

ထိုစဉ်...

"ဟေ့ကောင် မှတ်ကြီး... ပြေးဖို့မစဉ်းစားနဲ့"

သူ့နောက်ကျောဆီမှ ကြားလိုက်ရသည့် အသံနက်ကြီးကြောင့် သူ့တစ်ကိုယ်လုံး လျှပ်စီးလက်သလို ဖြန်းခနဲဖြစ်သွားပြီး နောက်သို့ လှည့်ကြည့်လိုက်သည်။

သူနှင့် မလှမ်းမကမ်းတွင်တော့ မင်းဒင်နှင့်အတူ မင်းဒင်၏ တပည့်နှစ်ယောက်ကိုပါ တွေ့လိုက်ရသည်။

"ဟင်..."





"မင်းက ငါ့ကို ခြေရာဖျောက်ဖို့ ကြိုးစားနေတာလား မှတ်ကြီး"

ပြောပြောဆိုဆို မင်းဒင်တို့သုံးယောက်က မှတ်ကြီးရှိရာဆီသို့ ဒေါနှင့် မာန်နှင့် လျှောက်လာကြ၏။ သူတို့အားလုံး၏ မျက်လုံးတွေထဲမှာလည်း မှတ်ကြီးကို အစိမ်းလိုက် ဝါးစားတော့မလို ခက်ထန်နေကြ၏။

မှတ်ကြီး၏ရင်က တဒုန်းဒုန်း ခြောင်းဆန့်ပြီး ခြေဖျား လက်ဖျားတွေက အေးစက်တောင့်တင်းကုန်၏။ ဒီအချိန်မှာ အကောင်းဆုံးက သူ့ ထွက်ပြေးဖို့သာ ရှိသည်။ နောက်ပြီး ဒီနေရာက သုသာန် တစပြင်ဖြစ်နေသဖြင့် မင်းဒင်တို့အုပ်စုက သူ့ကိုသတ်ပြီး အစဖျောက်ပစ်ဖို့က လွယ်လွယ်လေးပင်ဖြစ်သည်။

ထိုအတွေးတွေနှင့်အတူ မှတ်ကြီး၏ခြေထောက်တွေက တစ်ကြိမ်တစ်ခါမှ မကြုံဖူးသော ခြေလှမ်းကြဲကြီးတွေနှင့် ခြေဦးတည့်ရာသို့ စွတ်ပြီး ပြေးတော့သည်။

"ဟေ့ကောင်တွေ... လိုက်စမ်း၊ လိုက်စမ်း... အဲဒီကောင်ကို မိအောင်ဖမ်း"

ညာသံပေးပြီးလိုက်နေသည့် အသံတွေက မှတ်ကြီး၏နောက်မှာ ထက်ကြပ်မကွာ...။ ပြေးရင်း၊ လွှားရင်း တိုက်မိပြီး တဖြောင်းဖြောင်း ကျိုးကျနေသည့် သစ်ကိုင်းသစ်ခက်တို့၏ အသံက သူ့နောက်မှာ ဆူညံနေ၏။ တစ်ခါတစ်ရံ မှောင်မှောင်မည်းမည်းထဲ ပြေးမိပြေးရာ ပြေးနေရသော ခြေထောက်တွေက ကျောက်တုံး၊ ကျောက်ခဲတွေကို နင်းမိ၊ တိုက်မိပြီး တဗိုင်းဗိုင်းပစ်လဲနေ၏။ သူ အားယူပြီး ပြန်ထရသည့်နေရာက အုတ်ဂူဖြူဖြူတွေ၏ အနားအစွန်းအပိုင်းအစတွေ ဖြစ်နေသည်။ ဒီအချိန်မှာ မင်းဒင်တို့ သူ့ကို မမိဖို့သာ အရေးကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



''ပစ်ကွာ... လေးခွနဲ့ပစ်စမ်း အဲဒီကောင်ကို''

မင်းဒင်က မုတ်ကြီးနောက်သို့ ပြေးလိုက်နေရာမှ သူ့တပည့်တွေကို လေးခွနှင့်လှမ်းပြီး ပစ်ခိုင်းနေ၏။

''ရွှီး... ဖောက်''

''အား...''

ပူခနဲဖြစ်သွားသည့် ကျောပြင်ကြောင့် မုတ်ကြီးမှာ ရှေ့သို့ ဝမ်းလျားမှောက် လဲကျသွား၏။ ထိုစဉ်မှာပင် နောက်ထပ်တစ်ချက် လှမ်းပစ်လိုက်သော လောက်စာလုံးက သူ့ပေါင်ကို လာပြီးမှန်သည်။

''ဘုတ်...''

''အား...''

ကြိုးစားပြီး ပြန်ထသော်လည်း မုတ်ကြီး၏ခန္ဓာကိုယ်က ဘယ်လိုမှ မလှုပ်ရှားနိုင်တော့...။ မကြာခင်မှာပင် တဖုံးဖုံးနှင့် ပြေးလိုက်လာသည့် ခြေသံတွေက သူ့အနားသို့ ရောက်လာ၏။

''ဖြောင်း...''

''အား...''

အရှိန်ပြင်းပြင်းနှင့် ပြေးကန်လိုက်သည့် ခြေထောက်တစ်ဖက်က မုတ်ကြီး၏မေးရိုးကို ထိသွား၏။ ပြာခနဲဖြစ်သွားသော မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်စဉ်မှာပင် မင်းဒင်နှင့်အတူ သူ့တပည့်နှစ်ယောက်က မုတ်ကြီး၏အပေါ်မှ တရှူးရှူးတရှားရှားဖြင့် ငုံ့ကြည့်နေကြသည်။ ထို့နောက် မင်းဒင်က

''ဟေ့ကောင် မုတ်ကြီး ဘယ်မလဲ ငါ့အကြွေး...။ နေ့ရွှေ့ ညရွှေ့လုပ်နေတာ ဘယ်လောက်ကြာပြီလဲ၊ ပေး... အခုပေး''





မင်းဒင်က လဲကျနေသော မုတ်ကြီး၏ အင်္ကျီကော်လံစကို ဆောင့်ဆွဲပြီး မေးလိုက်၏။

''ဟို... ဟို တောင်း... တောင်းပန်ပါတယ်ဗျာ... ကျွန်တော်..''

မုတ်ကြီး၏ တုန်တုန်ယင်ယင်နှင့် စကားသံ မဆုံးခင်မှာပင် မင်းဒင်၏ တပည့်တစ်ယောက်က သူ့ပန်းတွင်လွယ်လာသော လွယ်အိတ်ထဲမှ ဓားမြှောင်တစ်ချောင်းကို လက်ခနဲ ဆွဲထုတ်လိုက်၏။ ထိုသူက မုတ်ကြီး၏အနားသို့ ကပ်လာစဉ်မှာပင် မင်းဒင်က လက်ကာပြီး တားသလို လုပ်လိုက်၏။

''မင်း မနေ့က ချက်ကြီးတို့အိမ်မှာ ဖဲသွားကစားတာ ငါတို့ သိတယ်။ အဲဒါကျတော့ မင်းမှာ ပိုက်ဆံရှိသလား''

မင်းဒင်၏ အမေးစကားနှင့်အတူ ကြမ်းတမ်းသန်မာသည့် လက်သီးတစ်ချက်က သူ့မျက်နှာပေါ်သို့ ကျလာပြန်၏။

''ခွမ်း...''

''အား... သေပါပြီ...''

နှုတ်ခမ်းထောင့်စွန်းမှ ဖြာပြီးကျလာသည့် သွေးတွေက မုတ်ကြီး၏မျက်နှာပေါ်တွင် မြင်မကောင်းအောင် ရဲရဲနီလျက်ရှိသည်။ ထို့နောက် မုတ်ကြီးက ပါးစပ်ထဲရှိရာတွေ၊ ပြောမိပြောရာတွေ ပြန်ပြောလိုက်၏။

''အဲဒါ... ကို... ကို မင်းဒင်ကို အကြွေးဆပ်ချင်လို့ ပိုက်ဆံ သွားရှာတာပါ''

မုတ်ကြီး၏စကားကြောင့် မင်းဒင်မှာ မေးကြောကြီးငွေ့ ထောင်ထလာပြီး မီးဝင်းဝင်းတောက်နေသည့် မျက်လုံးတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



"ဒါ... နမူနာပဲရှိသေးတယ်။ မင်း ငါ့အကြွေးကို တစ်ပတ်အတွင်း ပြန်ဆပ်ရင်ဆပ်၊ မဆပ်ရင်တော့ ဒီသချိုင်းထဲမှာ မင်းသေတွင်းကို မင်းဘာသာ လာပြီးတူးထားပေတော့ မှတ်ကြီး"

ထိုစကားပြောပြီး မင်းဒင်နှင့် သူ့တပည့်နှစ်ယောက်မှာ မှတ်ကြီးအနားမှ လှည့်ထွက်သွားကြသည်။ တအင်းအင်း၊ တအဲအဲနှင့် ညည်းတွားရင်း ကျန်ခဲ့သည့် မှတ်ကြီး၏မျက်လုံးတွေက ဝေဝါးနေ၏။ မျက်နှာတစ်ခုလုံးမှာလည်း သွေးချင်းချင်းရဲလျက် တစ်ချက်တစ်ချက် မှူးခနဲ၊ မိုက်ခနဲပင် ဖြစ်နေ၏။ ကျောကုန်းနှင့် ပေါင်မှာလည်း စပ်ဖျဉ်းဖျဉ်းနှင့် အထိပင်မခံနိုင်လောက်အောင် နာကျင်နေ၏။ သူ့ကိုယ်သူလည်း ထိုနေရာတွင် မတ်တတ်ထပြီး ရပ်နိုင်အောင်ပင် မနည်းကြိုးစားနေရသည်။

ထို့နောက် သူနှင့် မလှမ်းမကမ်းတွင် လှမ်းမြင်နေရသော ဇရပ်အိုကြီးဆီသို့ ကိုယ်ကို တရွတ်တိုက်ပြီး တွားသွားလိုက်၏။

ဇရပ်ပေါ်သို့ မှတ်ကြီးရောက်သောအခါ သူ့ခန္ဓာကိုယ်ကြီးက ဘယ်လိုမှ တည့်မတ်လို့မရတော့...။ မှူးနောက်ပြာဝေနေသော မျက်လုံးတွေက ဘာကိုမှ သဲသဲကွဲကွဲမမြင်ရဘဲ တင်းထားသည့် စိတ်တွေကို လျှော့ချလိုက်သည်နှင့် တစ်ပြိုင်နက် မှတ်ကြီးမှာ သတိလစ်မေ့မြော သွားတော့သည်။

❑







## အခန်း ( ၅ )

"အား... ကျွတ်... ကျွတ်'

အချိန် ဘယ်လောက်ကြာအောင် မှတ်ကြီး သတိလစ်မေ့မြောသွားသည် မသိ။ တဆစ်ဆစ်နာကျင်နေသော ကိုယ်ပေါ်မှ ဒဏ်ရာတွေကြောင့် သတိပြန်ဝင်လာ၏။ သူ့နှာခေါင်းထဲသို့ ဆိုးရွားပုပ်ဟောင်နေသည့် အနံ့ဆိုးကြီးကလည်း တိုးဝင်နေလျက်ရှိသည်။ သူ့စိတ်ထဲမှာ ယခုရနေသည့် အပုပ်နံ့ကြီးနှင့် ရင်းရင်းနှီးနှီးရှိခဲ့ဖူးသလို စိတ်က ထင်နေ၏။

ထိုအချိန်မှာပင် ညည်းသံကြီးတစ်ခုကို သူရှိနေရာ ဇရပ်အိုပေါ်မှာ ကြားလိုက်ရသည်။

"အင်း... ဟင်း... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



လရောင်ခပ်မှိန်မှိန်က လေတိုက်တိုင်း တဖျတ်ဖျတ်လန်နေသော ဇရပ်အမိုးများကြားမှ ဖြာပြီးကျနေ၏။ မှတ်ကြီးက သူ့ကိုယ်သူ အားယူပြီး ထထိုင်လိုက်ကာ ကြားနေရသည့် ညည်းညူသံကြီးကို ဟိုဟို ဒီဒီ ရှာကြည့်နေမိ၏။ တစ်ချိန်တည်းမှာပင် သူ့စိတ်တွေကလည်း ချောက်ချားတုန်လှုပ်နေမိသည်။

"ငါ.. ရောက်နေတဲ့နေရာဟာ သင်္ချိုင်းထဲက ဇရပ်အိုကြီး ဆိုတော့ တစ္ဆေ သရဲတွေ ရှိနိုင်တဲ့နေရာပဲ။ အခုကြားနေရတဲ့ ညည်းသံကြီးက မဟုတ်မှလွဲရော..."

ထိုစဉ်...

"အင်... ဟင်း... ဟင်း"

ထောင်းထောင်းထနေသော အပုပ်နံ့ကြီးနှင့်အတူ ညည်းသံကြီးကလည်း မည်းမှောင်နေသော ဇရပ်အိုပေါ်တွင် အဆက်မပြတ်ပင် ကြားလာရသည်။ ထိုအသံက မှတ်ကြီးအနားသို့ တဖြည်းဖြည်း တိုးကပ်လာနေသည်ဟုလည်း စိတ်က ထင်နေရသည်။

သွေးပျက်မတတ် ကြောက်လန့်နေသည့် မှတ်ကြီးမှာ တုန်ယင်နေသော လက်များဖြင့် သူ့အင်္ကျီအိတ်ကပ်ထဲမှ ကျားတံဆိပ် မီးခြစ်ကို စမ်းပြီး ရှာဖွေနေ၏။

"ဖျန်း... ဖလမ်း ၊ ဗျမ်း... ဗျမ်း"

ရုတ်တရက် ဝှေ့တိုက်လိုက်သော လေက ဇရပ်အို၏ ခေါင်မိုးတွေကို ဆွဲလှန်ပစ်လိုက်သလို ဖြစ်သွားပြီး မှတ်ကြီး လက်ထဲမှ ကျားတံဆိပ်မီးခြစ်က ဟုတ်ခနဲ ပြန်ပြန်ငြိမ်းနေသဖြင့် အကြိမ်ကြိမ် ခြစ်နေရသည်။





ထိုစဉ် ဇရပ်အို၏ ထောင့်တစ်နေရာတွင် စောင်ခြုံထားသော သဏ္ဌာန်တစ်ခုကို ရိုးတိုးရိပ်တိတ် လှမ်းမြင်လိုက်ရ၏။

"ဟင်.. ဒီ... ဒီစောင်က"

ချက်ချင်းဆိုသလို မှတ်ကြီးက သူနှင့် ပြီးခဲ့သည့်ညက ဆုံလိုက်ရသည့် လှည်းသမား၏စောင်ကို သတိထားမိသွားသည်။ အခု သူ မြင်လိုက်ရသော စောင်ကလည်း ဒီအတိုင်းပင်၊ အနီကွက်ကျားဖြစ်နေ၏။

"ဒါ... ဒါ ဟိုအပုပ်နံ့တွေနဲ့ လှည်းသမား..."

ထိုအတွေးနှင့်အတူ မှတ်ကြီးမှာ ဇရပ်ပေါ်မှဆင်းပြေးရန် ချက်ချင်းသတိဝင်လာပြီး နောက်ဆုတ် နောက်ဆုတ် ခြေလှမ်းများဖြင့် လှည့်ထွက်လိုက်သည်။ သူ့တစ်ကိုယ်လုံးမှာလည်း ဒဏ်ရာတွေက ဗရပွဖြစ်နေပြီး ပေါင်မှ လေးခွမှန်ထားသောနေရာက ခြေတစ်လှမ်း လှမ်းလိုက်ဖို့ပင် တော်တော်ကြိုးစားနေရသည်။ တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်တွေက ချက်ချင်းဆိုသလို ဝေါခနဲ ပြိုကျစီးဆင်းလာသည်။ အသက်ရှူဖို့ပင် မေ့နေ၏။

ထိုအချိန်မှာပင်

"ကယ်ပါ... ကယ်ကြပါဗျာ"

စောစောက သူမြင်လိုက်ရသည့် ခြုံစောင်အနီကြီး၏အောက်မှ ခြောက်ကပ်ကပ်ရှနေသည့် အသံသြသြကြီးကို ကြားလိုက်ရသည်။

"ဟင်... ဒီအသံဟာ ငါ့ကို တစ်ခုခုခြောက်လှန့်ဖို့ လှည့်စားနေတဲ့ အသံကြီးပဲ။ ဟုတ်တယ်၊ ငါ ဒီက အမြန်ဆုံးထွက်ပြေးမှ ဖြစ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးနှင့်အတူ မှတ်ကြီးက သေလောက်အောင် နာကျင်နေသည့် သူ့ဒဏ်ရာတွေကိုပင် ဂရုစိုက်မနေတော့ဘဲ ခြေကုန်သုတ်ပြေးရန် အားယူလိုက်၏။

"မှတ်ကြီး... မှတ်... မှတ်ကြီး၊ ငါ့ကို ကယ်ပါဦး... ကွာ"

"ဟင်..."

ကြားလိုက်ရသည့် တိုးတိုးလျလျအသံက သူ့နာမည်ကို သိပြီး ခေါ်နေသည့်အသံ...။

မှတ်ကြီး၏ ခြေလှမ်းတွေက တုံ့ခနဲဖြစ်သွားပြီး ရှိသမျှခေါင်းမှ ဆံပင်မွေးတွေပင် ထောင်ထသွား၏။

"တစ္ဆေက ငါ့နာမည်ကို သိနေတာပဲလား...၊ မဖြစ်နိုင်ဘူး"

ကြောက်ကြောက်လန့်လန့်နှင့် မှတ်ကြီးက အသံလာရာဆီသို့ ပြန်လှည့်ကြည့်လိုက်၏။ ထိုအခါမှ စောစောက စောင်အနီကွက်ကျားထဲမှ ပိန်လှီပြီး အရိုးပေါ် အရေတင်ဖြစ်နေသည့် လက်တစ်ဖက်က တိုးထွက်လာကာ ခေါင်းပေါ်ခြုံထားသည့် စောင်ကို ဖယ်ခွာချလိုက်သည်။ ထိုအချိန်မှ အပုပ်နံ့ကြီးကလည်း ထောင်းခနဲ ထွက်လာပြန်၏။

"ဟင်..."

စောင်ကြားထဲမှ ပေါ်လာသည့် မျက်နှာကတော့...

လူတစ်ယောက်၏ မျက်နှာဟုပင် ပြောလို့မရအောင် ရုပ်ပျက်ဆင်းပျက်ဖြစ်နေပြီး သွားတွေက ရှေ့သို့ ငေါထွက်နေ၏။ မျက်လုံးတွေက အတွင်းသို့ အလွန်အမင်း ချိုင့်ဝင်နေကြသည်။ ခေါင်းပေါ်မှ ဆံပင်တွေကြားတွင် အနာစိမ်းများ ပွထနေပြီး တိုနံ့နံ့နှင့် ကျိုးတိုးကျဲတဲဖြစ်နေသည်။





မှတ်ကြီးက ထိုရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် မျက်နှာကြီးကို အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ ဘယ်သူဘယ်ဝါဆိုသည်ကို ပုံဖမ်းမိသွား၏။

"ဟင်... ခင်.. ခင်ဗျား ကိုဘဆောင်မဟုတ်လား"

မှတ်ကြီး၏ တအံ့တသြနှင့် အမေးစကားကြောင့် စောင်အနီကွက်ခြုံထားသော လူမှာ နှေးကွေးလေးလံစွာဖြင့် ခေါင်းကို ညိတ်ပြလိုက်၏။ မှတ်ကြီးက ကိုဘဆောင်အနီးသို့ တိုးကပ်သွားရင်း

"ကိုဘဆောင်... ခင်ဗျား ဘယ်လိုဖြစ်ရတာလဲဗျာ..."

မရိုတရိုကဲနှင့်သာ မေးနေရသော်လည်း မှတ်ကြီးက ဘဆောင်ဆီမှ ထွက်ပေါ်နေသည့် အပုပ်နံ့တွေကြောင့် သူ့နှာခေါင်းကိုပင် လက်နှင့် ပိတ်ထားမိသည်။

တကယ်တော့ ကိုဘဆောင်ဆိုသူမှာ ဖဲဝိုင်ဗွာတစ်ယောက်အဖြစ် ရွာနီးချုပ်စပ်မှာ လျှမ်းလျှမ်းတောက် နာမည်ကြီးခဲ့သူတစ်ယောက်ဖြစ်သည်။ လူပုံစံက တောသားဟုသာဆိုရသော်လည်း ဖြူဖြူနွဲ့နွဲ့နှင့် အဝတ်အစားဆိုလျှင်လည်း ဘလေဇာကုတ်အမျိုးမျိုးနှင့်တွဲပြီး ပမ်းရှူးတွေ၊ မာဖလာတွေကို ထည်လဲဝတ်လေ့ရှိသည်။ နောက်ပြီး အဖိုးတန်ဘန်ကောက်လုံချည်တွေက တစ်ထည်နှင့်တစ်ထည်ပင် မထပ်ရဘဲ ဘိုကေကို ကြော့နေအောင် ကော့စမစ်တွေနှင့် ဖြီးလိမ်းထားလေ့ရှိသည်မှာ မြို့က ဓာတ်ရှင်မင်းသားလားဟုပင် အောက်မေ့ရသူဖြစ်သည်။

အခုတော့ မှတ်ကြီး အံ့သြလျှင်လည်း အံ့သြလောက်စရာပင်။ သချိုင်းကုန်းထဲက ဇရပ်အိုပျက်ကြီးပေါ် မှာ ရောဂါတွေဖြစ်ပြီး လဲနေပုံက တစ်ချိန်က ဘဆောင်ဟုပင် ထင်စရာ တစ်စက်ကလေးမျှ မရှိ...။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘဆောင်ရယ်... ဘယ်လိုဖြစ်ရတာလဲ၊ ကျုပ်တို့က ခင်ဗျား မြို့မှာ အတော့်ကို ကြီးပွားနေပြီလို့တောင် အောက်မေ့နေတာဗျာ"

မှတ်ကြီး ထပ်မေးနေသည့် မေးခွန်းတွေကြောင့် ကိုဘဆောင်မှာ သူ့ခေါင်းကို မသက်မသာနှင့် ဖြည်းညင်းစွာ ခါယမ်းနေတော့သည်။ တကယ်တော့ မှတ်ကြီး မေးမည်ဆိုလည်း မေးစရာပင်။ ကိုဘဆောင်က လွန်ခဲ့သည့်ဆယ်နှစ်ကျော် မှတ်ကြီးတို့ လူပျိုဘဝသာသာလောက်က ဖဲဝိုင်းတွေမှာ မယုံကြည်နိုင်လောက်အောင် နိုင်ပွဲတွေဆက်ခဲ့ရသူဖြစ်ပြီး ဖဲသမားအချင်းချင်းပင် ကြည်ညိုလေးစားရလောက်အောင် ဂုဏ်ရှိန်ကြီးခဲ့သူဖြစ်သည်။ ထိုခေတ်က ဖဲဝိုင်းတွေကို ဆက်တိုက်နိုင်ခဲ့သည့် ငွေရှစ်ထောင်လောက်မှာ လူတစ်ယောက်၏ဘဝကို အပြောင်းလဲကြီး ပြောင်းလဲပစ်နိုင်စေသည့် အချိန်ဖြစ်သည်။

ထိုသို့ ဘဆောင်က အနိုင်ကြီးနိုင်ပြီးကတည်းက မြို့ကိုတက်သွားပြီး ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်တော့မည်ဟုဆိုကာ ရွာကနေ ပျောက်သွားလိုက်သည်မှာ အခုကျမှ မမျှော်လင့်သည့် အခြေအနေဖြင့် ပြန်တွေ့လိုက်ရခြင်းပဲဖြစ်သည်။

"ကျွတ်... ကျွတ်... ကျွတ် ဖြစ်မှဖြစ်ရလေဗျာ၊ ကျုပ် ခင်ဗျားကို ဘာအကူအညီပေးရမလဲ ကိုဘဆောင်"

ဖဲဝိဇ္ဇာ ကိုဘဆောင်မှာ ခေါင်းကိုသာ တတွင်တွင် ခါယမ်းနေ၏။ ငေါထွက်နေသည့် သူ့မေးရိုးများအောက်မှ ဖြူလျော်နေသည့် နှုတ်ခမ်းတစ်စုံကတော့ တစ်ခုခုပြောချင်နေပုံရသည်။ သူ့ကိုယ်မှ ထွက်နေသည့် အပုပ်နံ့တွေနှင့် အခြားအနံ့ပေါင်းစုံတို့ကလည်း ထောင်းထောင်းထနေကာ အော်ဂလီဆန်စရာကြီး ဖြစ်နေ၏။





မှတ်ကြီးမှာ ပြောသာပြောနေရသော်လည်း ကိုဘဆောင်အနီးသို့ ကပ်ရန်ပင် သူ့စိတ်တွေက မသိုးမသန့်ဖြစ်နေ၏။

ထိုစဉ်မှာပင် ကိုဘဆောင်၏ ပိန်လှီသေးကွေးနေသော လက်တစ်ဖက်က တုန်တုန်ယင်ယင်နှင့် ရှေ့သို့ဆန့်ထွက်လာပြီး မှတ်ကြီး၏ လက်ကို ဆုပ်ကိုင်လိုက်သည်။

မှတ်ကြီးက သူ့လက်ကို ဆုပ်ကိုင်ထားသော ကိုဘဆောင်၏ လက်ကိုကြည့်ကာ ရင်ထဲမှာ ပျို့တက်လာပြီး အန်ချင်သလိုဖြစ်လာသည်။ ချေးအထပ်ထပ်တက်နေသည့် ကိုဘဆောင်၏လက်တွေမှာ အနာတွေကလည်း ဗရပွနှင့်ဖြစ်နေပြီး ထိုအနာတွေက သွေးပြည်တွေ တရွဲရွဲဖြစ်နေ၏။

"ငါ... ငါ... မင်းကို ပစ္စည်းတစ်ခုပေးခဲ့ချင်လို့..."

ကိုဘဆောင်၏ အသံတွေက မပွင့်တပွင့်နှင့် အားယူပြီး ပြောလိုက်သည်။ ထို့နောက် သူ့လည်ပင်းတွင်ဆွဲထားသော ညစ်ပတ်ပေရေနေသည့် ရှုံ့ကြိုးလေးအတွင်းမှ ဒင်္ဂါးပြားလို ကြေးပြားအဝိုင်းလေး တစ်ခုကို ထုတ်ယူလိုက်ပြီး မှတ်ကြီး၏လက်ဖဝါးထဲသို့ ထည့်ပေးလိုက်၏။

ထိုကြေးပြားဝိုင်းလေးမှာ ကြေးညှိတွေတက်နေပြီး အနည်းငယ် ပုံ့ပုံ့ရွဲ့ရွဲ့ပင် ဖြစ်နေသည်။

"ဒီအဆောင်ကို... ဖဲကစားတိုင်း... မင်းပါးစပ်ထဲမှာ ထည့်ပြီး ငုံထား..."

"ဝေါ့..."



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုမှ ကိုဘဆောင်ကိုကြည့်ပြီး ရွှံ့ရှာနေသည့်အထဲ သူ့လည်ပင်းထဲတွင်ဆွဲထားသည့် ကြေးပြားညစ်ညစ်ပတ်ပတ်ကို ပါးစပ်ထဲမှာ ငုံထားရမည်ဟုဆိုသောအခါ ချက်ချင်းဆိုသလို မှတ်ကြီး တစ်ယောက် ပျို့အန်ထွက်သွား၏။ ကိုဘဆောင်က ဆက်ပြီး

"အဲဒီလို ပါးစပ်ထဲမှာ ငုံထားပြီး ဖဲရိုက်တိုင်း မင်းနိုင်လိမ့်မယ်"

"ဗျာ... ရိုက်တိုင်း နိုင်မယ် ဟုတ်လား ကိုဘဆောင်"

ချက်ချင်းဆိုသလို မှတ်ကြီး၏ မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားပြီး လက်ဖဝါးထဲမှ ကြေးပြားအဝိုင်းလေးကို ကြည့်ကာ အံ့သြနေမိ၏။

"ဟုတ်တယ်...၊ ကိုးရက်တိတိ ကိုးဂဏန်းနဲ့ပဲ မင်းနိုင်လိမ့်မယ်"

မှတ်ကြီး၏ ရင်ထဲတွင် ဘယ်လိုမှ နားမလည်နိုင်အောင်ပင် ဖြစ်နေ၏။ နောက်ပြီး သူ့အတွက် ဒီအချိန်တွင် ဖဲနိုင်ရမည်ဆိုပါက ဘယ်လိုအခြေအနေအမျိုးမဆိုလုပ်ရန် အဆင်သင့်ဖြစ်နေသည်။ သူ့လက်ထဲမှ ကြေးပြားအဝိုင်းလေးက ကိုဘဆောင်၏ ပါးစပ်ထဲတွင် တစ်ချိန်က ငုံထားပြီး ဖဲရိုက်ခဲ့လို့သာ ပွဲတိုင်း အနိုင်ရခဲ့ခြင်းဖြစ်လိမ့်မည်ဟုလည်း တွေးကြည့်နေမိ၏။

ထို့နောက် ကိုဘဆောင်က

"အေး... ဒါပေမဲ့ တစ်ခုတော့ရှိတယ် မှတ်ကြီး။ တစ်နေ့ကို နေ့ ဆယ့်နှစ်နာရီနဲ့ ည ဆယ့်နှစ်နာရီကြားမှာ ကိုးပွဲပဲကစား။ ကိုးရက်တိတိ ကစားရမယ်။ ရပ်လိုက်လို့မရဘူး"





ကိုဘဆောင်၏ အသံက အတော်လေး မောဟိုက်နေပုံရသည်။ စကားတွေပြောနေရင်းနှင့်လည်း လေသံက ပြတ်တောင်း၊ ပြတ်တောင်း။ မှတ်ကြီးက ကိုဘဆောင် ပြောပြနေသည့် အကြောင်းတွေကို စိတ်ထဲမှာ ပြန်ရွတ်ကြည့်နေ၏။

"ပါးစပ်ထဲမှာ ငုံပြီး ဖဲရိုက်ရင် ရိုက်တိုင်းနိုင်မယ်...၊ ကိုးရက်တိတိ နိုင်မယ်...၊ ကိုးဖဲနဲ့ပဲ နိုင်မယ်။ ပြီးတော့ တစ်နေ့ကို နေ့ ဆယ့်နှစ်နာရီနဲ့ ည ဆယ့်နှစ်နာရီကြားမှာ ကိုးပွဲပဲကစား။ ကိုးရက်တိတိ ကစားရမယ်၊ ရပ်ပစ်လို့မရဘူး...။ အင်း... ရပ်လိုက်လို့မရဘူးဆိုတာက ဘာလဲ..."

ထိုစဉ်မှာပင်...

ကိုဘဆောင်၏ ခန္ဓာကိုယ်က ဇရပ်အိုး၏လက်ရန်းကို ကျော်မှီထားရာမှ ကြမ်းပြင်ပေါ်သို့ ချွေကျသွား၏။ မှတ်ကြီးက ကိုဘဆောင်၏ ညစ်ပတ်နံစော်နေသော ခန္ဓာကိုယ်ကြီးကို မရွံ့မရှာ ပွေ့ထူလိုက်ပြီး...

"ဟာ... ကိုဘဆောင်၊ ကိုဘဆောင် သတိထားနော်။ ကျုပ်ခင်ဗျားဘေးမှာရှိတယ်...။ ဒါနဲ့ ဟို... ရပ်လိုက်လို့မရဘူးဆိုတာ ဘာကိုပြောတာလဲဗျ"

ဒီအချိန်မှာ အရေးအကြီးဆုံးက ကိုဘဆောင်ထံမှ စကားတွေကို အကုန်အစင်ကြားရဖို့သာ မှတ်ကြီးအတွက် အဓိကဖြစ်နေသည်။ ဖြူဖပ်ဖြူရော်ဖြစ်နေသော ကိုဘဆောင်၏ နှုတ်ခမ်းတွေက အနည်းငယ်ပွင့်ဟလာပြီး...

"ကိုး... ကိုးရက်ဆက်တိုက် ဖဲရိုက်ရမယ်လို့ ပြော... ပြောတာ။ နောက်တစ်ချက်က..."



www.burmeseclassic.com

www.burmeseclassic.com





စကားက လေသံပြတ်သွားပြန်သည်။ မှတ်ကြီးက ကိုဘဆောင်ကို ပွေ့ထူထားရာမှ သူ့နားရွက်ကို ကိုဘဆောင်၏ ပုပ်ဟောင်နေသော ပါးစပ်နားသို့ တိုးကပ်ပြီး နားထောင်နေ၏။ ကိုဘဆောင်၏ မောဟိုက်နေသော ပင့်သက်ရှိုက်သံတွေက မှတ်ကြီး၏မျက်နှာတွင် လေပူတွေလာဟပ်နေသလို ဖြစ်နေသည်။ ထို့နောက် ကိုဘဆောင်က

''နောက်.. တစ်.. ခု.. က.. မင်း ကစားပွဲပြီး.. တိုင်းမှာ အနိဋ္ဌာရုံတွေ မြင်ရလိမ့်မယ်''

''ဗျာ...''

မှတ်ကြီးက ကိုဘဆောင်၏စကားကြောင့် အနည်းငယ်မှင်တက်မိသလိုပင် ဖြစ်သွား၏။ သို့သော် မှတ်ကြီးအဖို့ ထိုအနိဋ္ဌာရုံတွေကို မြင်ကာမှသာမြင်တော့၊ အဓိကက ပွဲတိုင်းနိုင်ပြီး ပိုက်ဆံတွေရဖို့သာ သူ့အတွက် အရေးကြီးသည်။ မှတ်ကြီးက သူ့လက်ဖဝါးထဲတွင် ဆုပ်ကိုင်ထားသော ကြေးပြားဝိုင်းကလေးကို ဆုပ်ချည် ဖြန့်ချည်ဖြင့် သေချာပြန်စိုက်ကြည့်လိုက်၏။

ထိုကြေးပြားလေးကြောင့်ပင် တစ်ချိန်က ကိုဘဆောင်တစ်ယောက် လူမွေးလူတောင် ပြောင်ခဲ့ရခြင်းဖြစ်လိမ့်မည်ဟုလည်း မှတ်ကြီးက အကြိမ်ကြိမ်တွေးကြည့်နေမိသည်။

ထိုအချိန်မှာပင် ဖဲဝိဇ္ဇာ ကိုဘဆောင်၏ သေးကွေးပိန်လှီနေသော လက်ချောင်းများက လှုပ်ရှားလာပြီး သူ့လက်ညှိုးတစ်ချောင်းကလည်း ကွေးရာမှ ဖြည်းဖြည်းချင်း ဆန့်လာ၏။

''မင်း... ကိုးရက်တိတိ ဖဲနိုင်ပြီးရင်တော့... ဒီကြေးပြားအဝိုင်းလေးကို တခြားတစ်ယောက်လောက်ကို လက်ဆင့်ကမ်းပေးရမယ်။ မပေးဘဲ မင်းလက်ထဲမှာ ဆက်ပြီးထားခဲ့ရင်...''

ကိုဘဆောင်၏ စကားတွေက မောဟိုက်နေသည့် အသက်ရှူသံတွေကြားတွင် တိုးဖျော့လွန်းနေ၏။ မှတ်ကြီးက သူ့လက်ထဲတွင် ငှမ်းစလေးတစ်ခုလို ဖျော့ဖတ်ဖတ်ဖြစ်နေသော ကိုဘဆောင်ကို လှုပ်ယမ်းလိုက်ရင်း

''ဟင်... မပေးဘဲထားရင် ဘာဖြစ်မှာလဲ။ ပြောပါဦး ကိုဘဆောင်''

''မပေးဘဲ... မင်းလက်ထဲမှာ ဆက်ပြီးထား... ရင်...''

ဗလုံးဗထွေးဖြစ်လာနေသည့် ကိုဘဆောင်၏ အသံက မသဲကွဲတော့...။ သိပ်မကြာလိုက်။ ဖဲဝိဇ္ဇာ ကိုဘဆောင်၏ အသက်ရှူသံများကငြိမ်ကျသွားသည်။ မှတ်ကြီး ပွေ့ပိုက်ထားသော ခန္ဓာကိုယ်ကြီးမှာလည်း ပျော့ခွေညွတ်ကျသွား၏။

''ကိုဘဆောင်... ကိုဘဆောင်''

ကိုဘဆောင်တစ်ယောက် ဝေဒနာကို ဘယ်လိုမှ အံမတုနိုင်တော့...။ ဒုက္ခတွေ တနင့်တပိုးကြီး လွယ်ထားရသည့် သူ့ခန္ဓာကြီးကို အပြီးအပိုင် စွန့်လွှတ်သွားချေပြီ။

❑





www.burmeseclassic.com


www.burmeseclassic.com











# အခန်း ( ၆ )

တိတ်ဆိတ်မည်းမှောင်နေသော သချိုင်းကုန်းကြီးထဲမှာ အသက်ရှိသူ ဟူ၍ မှတ်ကြီးတစ်ယောက်တည်းသာ။ တသုန်သုန် တိုက်ခတ်နေသော လေပြည်ထဲတွင် ဇရပ်အိုပေါ်မှ ကိုဘဆောင်၏ အပုပ်နံ့တွေကလည်း ထောင်းထောင်းထလျက် ရှိနေသည်။ မှတ်ကြီးက သူ့လက်ဖဝါးထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော ကြေးပြား ဒင်္ဂါးဝိုင်းလေးကို ကြည့်ကာ ဇရပ်အိုဆီမှ ကျောချမ်းလှည့်ထွက်လာ၏။

နာကျင်နေသော သူ့တစ်ကိုယ်လုံးမှာလည်း တစ်ချက်တစ်ချက် မူးခနဲ၊ မိုက်ခနဲပင် ဖြစ်နေ၏။ ထော့နင်းထော့နင်းဖြစ်နေသည့် ခြေထောက်တစ်ဖက်ကို အုတ်ဂူတွေကြားမှာ တရွတ်တိုက်ဆွဲကာ လျှောက် နေရသည်။ မှတ်ကြီး တဖြည်းဖြည်းလျှောက်လာရင်း သုသာန်မြေကို လွန်သောအခါ လရောင်ငွေ့ငွေ့လေးကျနေသည့် လယ်ကွင်းပြင်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို တွေ့လိုက်ရသည်။ ထိုလယ်ကွင်းပြင်ကြီးကို ရောက်ကာမှ အသက်ကို ဝဝကြီးရှူလိုက်ရသည်။

ထို့နောက် သူ့လက်ဖဝါးထဲမှ ကြေးပြားဝိုင်းလေးကို လရောင်အောက်တွင် ထောင်ပြီး ကြည့်လိုက်မိပြန်၏။ ထိုကြေးပြားမျက်နှာပြင်ပေါ်မှာ ကြေးညှိတွေတက်နေသဖြင့် ညိုပုပ်ပုပ်ဖြစ်နေပြီး အနားပတ်ပတ်လည်မှာ အနည်းငယ် ပွန်းပဲ့ရာများ ရှိနေသည်။

''ဒီကြေးပြားဝိုင်းလေးက ငါနဲ့ထိုက်လို့ရတာ၊ ငါ့အတွက်ကောင်းကောင်းအသုံးချရမယ့် အဆောင်တစ်ခုပဲ။ တွေ့ကြပြီပေါ့ ကိုသိန်းမောင်ရာ၊ ဒီတစ်ခါ ခင်ဗျားဆီက ငွေတွေအားလုံး ကျုပ်ငွေတွေဖြစ်ရမယ်။ အဲ… ငါ့ငွေတွေကတော့ ဟုတ်ပါပြီ၊ လောလောဆယ် ငါ့မှာ အရင်းတည်ရမယ့် ပိုက်ဆံကတစ်ပြားမှမရှိသေးတာ။ ငါ ဘယ်လိုလုပ်ရမလဲ…''

မှတ်ကြီး၏ အတွေးတွေက ချက်ချင်းဆိုသလို ပိုက်ဆံရဖို့နည်းလမ်းတွေကို ရှာကြံနေမိ၏။

''ဒီအချိန်ဆိုရင် ထွေးခင်နဲ့ သူ့အမေလည်း အိပ်မောကျနေလောက်ရောပေါ့။ အိမ်ကိုပြန်ရင်လည်း တစ်ပြားမှမရမယ့် အတူတူ ရွာမြောက်ပိုင်းက ဘတူတို့အိမ်မှာ ဒီတစ်ညတော့ တောင်းတောင်းပန်ပန်နဲ့ ဝင်အိပ်ရမှာပဲ။ မနက်ကျမှ ဒွေးလေးတင်မြတို့အိမ်မှာ အလုပ်လေးဘာလေး သွားတောင်းကြည့်ရမယ်။ ရတော့လည်း ရပေါ့၊ မရရင်တော့ ရတဲ့ပစ္စည်းတစ်ခုခုကို အလစ်သုတ်ရတော့မှာပဲ။ အခုအချိန်မှာ အရေးကြီးတာက ငါ့အတွက် ငွေ…''





ဒွေးလေးတင်မြတို့မှာ မှတ်ကြီးတို့ရွာတွင် အတော်အတန်ငွေကြေးချမ်းသာသူများဖြစ်ကြပြီး လယ်တွေ၊ ကိုင်းတွေကို စာရင်းငှားတွေနှင့် ခိုင်းစေကာ ရသမျှပိုက်ဆံကို ကျစ်ကျစ်ပါအောင် စုတတ်သူတွေ ဖြစ်သည်။ ဘာပဲပြောပြော မှတ်ကြီးအဖို့ သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသည့် ကိုဘဆောင်၏ကြေးပြားဝိုင်းလေးကြောင့် မကောင်းသည့်လောဘစိတ်တွေက တဖွားဖွားပေါ်နေမိသည်။

ငွေ့ငွေ့လေးဖြာပြီးကျနေသည့် လရောင်ကြောင့် မှတ်ကြီးတို့ရွာတန်းရှည် ခပ်အုပ်အုပ်ကလေးကို မလှမ်းမကမ်းမှ လှမ်းမြင်နေရပြီဖြစ်သည်။ ခွေးသံရော လူသံသူသံပါ တိတ်နေသည့် သူတို့ရွာကလေးကတော့ အိပ်မောကျနေပြီ။ တစ်ခါတစ်ခါ သက်ကြီးခေါင်းချချိန် ကြက်တွန်သံကိုပင် အဝေးမှ ကြားနေရသည်။ ထိုနေရာသို့ရောက်ကာမှ မှတ်ကြီး၏စိတ်တွေက ထွေးခင်၏မျက်နှာကို ပြေးပြီးမြင်ရင်း သတိတရဖြစ်နေမိပြန်သည်။

''မကြာတော့ပါဘူး ထွေးခင်ရယ်၊ ငါ ပိုက်ဆံထုပ်ပိုက်ပြီး ပြန်လာခဲ့မှာပါ။ အဲဒီအချိန်ကျရင်သာ နင် ငါ့အတွက် အားကိုးရမယ့် သားယောက်ျားလေးတစ်ယောက်ကို မွေးပေး။ နောက်ပြီး နင့်အမေဖြစ်ချင်နေတဲ့ လယ်ပိုင်၊ နွားပိုင်လည်း ဖြစ်ပြီလို့သာ မှတ်လိုက်တော့''

ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်နေသည့် မှတ်ကြီးမှာ တစ်ချိန်က ကိုဘဆောင်တစ်ယောက် ငွေထုပ်ပိုက်ပြီး အပ္ပကြီးပွခဲ့သည့်အဖြစ်တွေကိုသာ လမ်းတစ်လျှောက်လုံး ပြန်မြင်ယောင်နေမိသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက မှတ်ကြီးတစ်ယောက် ကိုဘတူတို့အိမ်တွင် တောင်းတောင်းပန်ပန်နှင့် ဝင်အိပ်လိုက်ရသည်။ ကိုဘတူက သူ့ငယ်ချင်းမို့ ဘာတစ်ခွန်းမှ မပြောသော်လည်း သူ့မိန်းမ မိနီကတော့ အချိန်မတော်ကြီးရောက်လာသည့် မှတ်ကြီးကို မျက်စောင်းတခဲခဲနှင့် ပွစိပွစိလုပ်နေခဲ့သည်။

နောက်တစ်နေ့မနက်တွင် ကိုဘတူက မှတ်ကြီး၏မျက်နှာပေါ်မှ ဒဏ်ရာ၊ ဒဏ်ချက်တွေကို မြင်သွားပြီး စုတ်တသပ်သပ်နှင့်

"ကျွတ်... ကျွတ်... ဘယ်လိုဖြစ်ခဲ့ရပြန်တာလဲ မှတ်ကြီးရာ၊ ကြည့်ရတာ... ဟိုကောင်တွေ မင်းဒင်တို့အဖွဲ့နဲ့ ညက တွေ့ခဲ့ပြီထင်တယ်"

"အေး... ဟုတ်တယ်ဘတူ... ဒီကောင်တွေနဲ့ ငါ တွေ့ခဲ့တယ်။ ငါ့ကို တစ်ပတ်အတွင်း သူ့အကြွေး ပြန်ဆပ်ရမယ်လို့ မင်းဒင်က ရာဇသံပေးသွားတယ်။ မပေးနိုင်ရင် ကိုယ့်သေတွင်း ကိုယ်တူးထားတဲ့..."

ကိုဘတူ၏မျက်နှာက မှတ်ကြီး၏စကားကြောင့် စိုးရိမ်မကင်းဖြစ်သွားသည့် အမူအရာနှင့်





"ဟင်... ဒါ ဒါဆိုရင် မင်းဘယ်လိုလုပ်ပြီး ဒီငွေတွေအများကြီးကို တစ်ပတ်အတွင်း ရှာလို့ရမှာလဲ မှတ်ကြီး...၊ မင်းတော့ ဒီကောင်တွေကြောင့် ဒုက္ခရောက်တော့မယ်နဲ့တူတယ်။ ဒီကောင်တွေက ပြောရင် ပြောတဲ့အတိုင်း တကယ်လုပ်တဲ့ကောင်တွေနော်။ မင်း သတိထားနေမှဖြစ်မယ်..."

မှတ်ကြီးက ကိုဘတူ၏စကားကို လက်တစ်ဖက်ဖြင့် လှမ်းတားလိုက်ရင်း...

"မပူပါနဲ့ ဘတူရာ... တစ်ပတ်ဆိုတဲ့အချိန်က လိုပါသေးတယ်"

ပြောပြောဆိုဆို မှတ်ကြီးက ဘတူကို နှုတ်ဆက်ပြီး ရွာမြောက်ပိုင်းမှ ဒွေးလေးတင်မြတို့အိမ်ဆီသို့ ထွက်လာခဲ့သည်။ ကိုဘတူကတော့ ထော့နင်းထော့နင်းနှင့် သူ့အိမ်မှထွက်သွားသော မှတ်ကြီး၏ ကျောပြင်ကို ကြည့်ကာ အားမလိုအားမရဖြစ်ပြီး မဆီမဆိုင် စိုးရိမ်သောကပွားမိ၏။

ဒွေးလေးတင်မြတို့အိမ်မှာ ကိုဘတူတို့အိမ်နှင့် အလှမ်းမဝေးသော်လည်း မှတ်ကြီး၏ခြေလှမ်းတွေက နှေးကွေးလေးလံကာ တုံ့ဆိုင်းနေမိသည်။ နောက်ပြီး တစ်သက်နှင့်တစ်ကိုယ် မှတ်ကြီးအဖို့ ဘယ်သူ့ထံမှ အလုပ်လုပ်ဖို့ အကူအညီတောင်းခဲ့ဖူးသူ မဟုတ်။ ဘာကိုမှလည်း လက်ကြောတင်းအောင် လုပ်ခဲ့ဖူးသူမဟုတ်သဖြင့် သူ့ကို ဒွေးလေးတင်မြတို့က အထူးအဆန်းတစ်ခုလို အောက်မေ့နေမှာ သေချာ၏။

မရလျှင် ရတာကိုယူမည်ဆိုသော မှတ်ကြီး၏ မကောင်းသည့် လောဘရမ္မက်စိတ်တွေကလည်း မီးတောက်မီးလျှံတစ်ခုလို တဟုန်းဟုန်း တောက်လောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီး၏ မျက်လုံးတွေက ဒွေးလေးတင်မြတို့အိမ်နှင့် နီးလာသည်နှင့် ဂနာမငြိမ်တော့...။

ဒွေးလေးတင်မြတို့အိမ်မှာ သွပ်မိုး ပျဉ်ကာနှင့် အိမ်တစ်ဆောင်ဖြစ်ပြီး တစ်ရွာလုံးတွင် ထိုကဲ့သို့ သွပ်မိုးပျဉ်ကာအိမ် အရေအတွက်မှာ လက်ချိုးရေလို့ရအောင်ပင် နည်းလှသည်။ အိမ်ရှေ့ကွက်လပ် မြေတလင်းမှာလည်း မှတ်ကြီးတို့နေထိုင်ရာ တဲငယ် လေးငါးလုံးခန့်ပင်ဆောက်ပြီး နေနိုင်လောက်အောင် ကျယ်ဝန်း၏။

"ဗျို့... ဒွေးလေး...၊ ဒွေးလေးတင်မြ..."

မှတ်ကြီးက ထိုခြံကျယ်ကြီးအတွင်းသို့ လှမ်းဝင်လိုက်ရင်း ဒွေးလေးတင်မြကို အော်ခေါ်လိုက်၏။ ရေနံချေးတွေ မည်းနေအောင် သုတ်ထားသော ခြေတံရှည်အိမ်ကြီးမှာ တိတ်ဆိတ်နေလျက်၊ လူရိပ်လူယောင်ကိုပင် မတွေ့ရ...။

"ဗျို့... ဒွေးလေးတင်မြတို့...၊ ဘယ်သူမှမရှိကြဘူးလား။ ကျုပ်ပါ တောင်ပိုင်းက မှတ်ကြီးပါ"

မှတ်ကြီးက အိမ်ဘေးရှိ မြေစိုက်လှေကား ခြေရင်းမှနေ၍ အပေါ်ထပ်ဆီသို့ မော့ကာ လေသံကိုမြှင့်ပြီး ထပ်အော်ခေါ်နေပြန်၏။ ထိုလှေကား၏ထိပ်တွင်တော့ တံခါးမကြီးနှစ်ချပ်ကို ကြေးဝါရောင်သော့ခလောက်ကြီး ခတ်လျက်သား တွေ့လိုက်ရသည်။

ထိုစဉ်...

"ဘယ်သူလဲဟေ့... မတင်မြတို့ မရှိကြဘူး... ဘာကိစ္စလဲ..."

တစ်ဖက်ခြံမှ ကြားလိုက်ရသော ယောကျ်ားတစ်ယောက်၏ အသံကြောင့် မှတ်ကြီး၏ ခြေလှမ်းတွေ အနည်းငယ်တွန့်ဆုတ်သွား၏။





ထို့နောက် မှတ်ကြီးက...

"ကျုပ်ပါ၊ ရွာတောင်ပိုင်းက မှတ်ကြီးပါ။ ဒွေးလေးတို့ ဘယ်သွားကြလဲဗျ"

"ဟိုဘက်ရွာက သူ့နှမ ဆုံးလို့သွားကြတာ... မနက်ခင်းကတည်းကပဲ"

ထိုသူက မှတ်ကြီးကို ပြောပြောဆိုဆိုနှင့် နွားနှစ်ကောင်ဆွဲကာ တစ်ဖက်ခြံထဲမှ ထွက်သွား၏။ မှတ်ကြီးအဖို့ ကံကောင်းသည်မှာ တစ်ဖက်ခြံမှ ထိုယောကျ်ားနှင့်မတွေ့ဘဲ မိန်းမသားတစ်ယောက်ယောက်နှင့်သာ တွေ့ပါက သူ့ကို ဘာဘာညာညာတွေ စပ်စုပြီး စကားကြောရှည်နေဦးမည်မှာ သေချာ၏။ အခုတော့ ထိုသူက ဘာသိဘာသာပင် နွားနှစ်ကောင်ကိုဆွဲကာ ဘာတစ်ခွန်းမှ ထပ်မပြောဘဲ ထွက်သွားသည်။

တစ်ချိန်တည်းမှာပင် မှတ်ကြီး၏မျက်လုံးတွေက လှေကားခြေရင်းမှာထောင်ထားသည့် သံတူရွင်းတစ်လက်ကို မြင်လိုက်မိသည်။ ထို့နောက်... တစ်ခဏအတွင်းမှာပင် သူ ဘာလုပ်ရမည်ဆိုတာကို ဖျတ်ခနဲသိသွားပြီး ထိုသံတူရွင်းကို ကောက်ကိုင်ကာ လှေကားပေါ်သို့ပြေးတက်ရန် ခြေလှမ်းပြင်လိုက်စဉ်မှာပင်...

"ဟင်..."

လက်ခနဲဖြစ်သွားသော မှတ်ကြီး၏မျက်လုံးတွေက သူနင်းထားသည့် လှေကားပေါ်မှာ သံမှိုနှင့်ရိုက်သွင်းထားသည့် ငွေအကြွေစေ့ကို မြင်လိုက်ရသည်။ မှတ်ကြီးက ထိုသံမှိုရိုက်သွင်းထားသည့် အကြွေစေ့ကို လက်ဖြင့် အသာပွတ်ကြည့်လိုက်ပြီး အပေါ်လှေကားတွေပေါ်ကိုပါ တစ်ဆင့်ချင်းတက်ပြီး ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



''ဟာ.. ပွတာပဲ၊ တစ်ထစ်ကို မူးစေ့တစ်စေ့၊ အားလုံးပေါင်း ကိုးထစ်ဆိုတော့...၊ ဟုတ်ပြီ''

ထိုအတွေးနှင့်အတူ မှတ်ကြီးက သူ့လက်ထဲမှ သံတူးရှင်းဖြင့် သံမှိုရိုက်သွင်းထားသော ငွေအကြွေစတွေကို ကပျာကယာ ထိုးပြီး ကလော်ယူနေ၏။ ငွေအကြွေစတွေက အကြိမ်ကြိမ် အတက်အဆင်း လုပ်နေသော လှေကားပေါ်တွင် ဖြစ်နေသဖြင့် မျက်နှာပြင်တွေက ပြောင်ချောနေသည်။

ချက်ချင်းလက်ငင်း ငွေစတွေ တချွင်ချွင်နှင့်ဖြစ်သွားသော မှတ်ကြီးမှာ သံတူးရှင်းကိုပင် နေရာတကျဖြစ်အောင် ပြန်မထားနိုင်တော့ဘဲ ဒွေးလေးတင်မြတို့ ခြံဝင်းကျယ်ကြီးအတွင်းမှ ပြေးထွက်လာခဲ့တော့သည်။

❑







နောက်သို့ လှည့်ကြည့်လှည့်ကြည့်နှင့် အပြေးတစ်ပိုင်း လျှောက်လာရသော ခြေလှမ်းတွေကြောင့် မှတ်ကြီး၏တစ်ကိုယ်လုံးမှာ ချွေးလိမ်းလိမ်းထွက်နေ၏။

တဖြည်းဖြည်းနှင့်...

ရွာအစွန်မှ ထန်းတောအနီးသို့ ရောက်သောအခါ မှတ်ကြီး၏ အသွေးအသားတွေက တစ်စုံတစ်ရာကို ရှန်းကြွတောင်းဆိုလာကြသလို သူ့ပါးစပ်ကလည်း ချဉ်စုတ်စုတ် ဖြစ်လာ၏။ ထို့ကြောင့် ထန်းတောထဲမှ ထန်းလက်တွေ အုပ်ဆိုင်းမိုးကာထားသည့် တဲအတွင်းသို့ အပြေးအလွှား ဝင်သွားလိုက်သည်။ ထန်းရည်ဆိုင်အတွင်းသို့ ရောက်သည်နှင့် မှတ်ကြီးက

''လုပ်စမ်းပါဦး... ထန်းရည်ခါးလေး တစ်မြူလောက်''

ပြောပြောဆိုဆို ဝါးကွပ်ပျစ်ပေါ် ဝင်ထိုင်ရင်း သူ့မျက်လုံးတွေက ပတ်ဝန်းကျင်တစ်ခုလုံးကို မလုံမလဲနှင့် ကြည့်လိုက်၏။ တကယ်တော့ မှတ်ကြီးမှာ ဖဲရိုက်၊ အရက်သောက်တတ်သည်မှလွဲ၍ အခုလို သူများ အိမ်မှပစ္စည်းကို တစ်ကြိမ်တစ်ခါမှ မခိုးယူဖူးခဲ့။ နောက်ပြီး သူ တူးရှင်းနှင့် ထိုးခွာပြီးယူလာခဲ့သည့် မူးစေ့တွေက အပေါက်ရာတွေပါနေသဖြင့် တစ်ယောက်ယောက်က ရိပ်မိသွားမှာလည်း ကြောက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာ ထန်းလှီးမားကို ခါးမှာချိတ်လျက် အပေါ်အင်္ကျီဗလာနှင့် ထန်းသမားကြီးက မြူအိုးတစ်အိုးကို သူ့ရှေ့သို့ လာချပေး၏။ မှတ်ကြီးက ချက်ချင်းပင် အိုးနှုတ်ခမ်းကိုကိုင်ကာ ကသောကမျောနှင့် မော့သောက်ချလိုက်သည်။

နေကျော်ပြီး ခါးစပြုနေသည့် ထန်းရည်တွေက အမြှုပ်တစီစီထနေကာ မှတ်ကြီး၏ လည်ချောင်းထဲသို့ ပြင်းပြင်းရှရှ စီးဝင်သွားလေ၏။

ထိုအချိန်မှာပင် သူ့နားထဲတွင် ပေါးခနဲ၊ ဟားခနဲ အော်ဟစ်လိုက်သံတွေကို ကြားလိုက်ရသည်။ ထိုအသံတွေက သူနှင့် ခပ်လှမ်းလှမ်းရှိ ဆယ်နှစ်၊ ဆယ့်တစ်နှစ်အရွယ် လူငယ်တွေဝိုင်းမှ ဖြစ်နေသည်။

မှတ်ကြီးက ကျိုးတိုးကျဲတဲ ထိုးထိုးထောင်ထောင် နှုတ်ခမ်းမွေးများပေါ် ပေကျံသွားသည့် ထန်းရည်အမြှုပ်တွေကို လက်ခုံနှင့်သုတ်လိုက်ပြီး နောက်တစ်ကြိမ် မော့သောက်လိုက်ပြန်သည်။ အနည်းငယ်နေသာထိုင်သာရှိသွားသည်နှင့် မှတ်ကြီးက သူ့အင်္ကျီအိတ်ထဲမှ အကြွေစေ့များကို ထုတ်ယူပြီး ကြည့်လိုက်သည်။ သူ့လက်ဖဝါးထဲတွင်တော့ အပေါက်ရာပါသည့် မူးစေ့တွေက ကိုးစေ့တိတိပင်…။

မှတ်ကြီးက ထိုမူးစေ့ကို ဖင်တပြန်၊ ခေါင်းတပြန် လှန်ကြည့်ကာ ထန်းရည်ဖိုးပေးရန် တွန့်ဆုတ်မိနေသည်။ ထို့နောက် အရဲစွန့်ကာ ဖြစ်ချင်ရာဖြစ်ဆိုပြီး ထန်းသမားကြီးကို လှမ်းခေါ်လိုက်၏။

"ဗျို့ ဆရာကြီး… ဒီမှာ ထန်းရည်ဖိုး လာယူပါဦး၊ ဘယ်လောက်ကျလဲ"

ထန်းသမားကြီးမှာ ထန်းနို့ခြောက်တွေကို စုပုံနေရင်း

"တစ်မြူကို ပြားသုံးဆယ်၊ နှစ်မြူသောက်ရင် တစ်မူး"





"ဒါဆိုလည်း နောက်တစ်မြူ ထပ်ယူလာခဲ့ဗျာ။ ဒီမှာ ပိုက်ဆံပါ တစ်ခါတည်းယူ"

ထန်းသမားကြီး ရောက်လာသောအခါ မှတ်ကြီးက ထန်းရည်အိုးကို လှမ်းယူပြီး အပေါက်နှင့် မူးစေ့တစ်စေ့ကို ပေးလိုက်၏။

ထန်းသမားက မှတ်ကြီးပေးလိုက်သည့် မူးစေ့ကို နေရောင်တွင် အပြန်ပြန်အလှန်လှန် ထောင်ကြည့်နေ၏။ ထို့နောက် မူးစေ့၏ မျက်နှာပြင်ကို လက်နှင့် အကြိမ်ကြိမ်ပွတ်ကြည့်နေ၏။ မှတ်ကြီးကလည်း ထန်းသမားကြီး၏ အမူအရာကို မသိမသာလှမ်းပြီး အကဲခတ်နေမိ၏။

ခဏအကြာ ထိုထန်းသမားကြီးက ဘာစကားတစ်ခွန်းမှ မပြောဘဲ မှတ်ကြီးပေးလိုက်သည့် အပေါက်ရာနှင့် မူးစေ့ကိုယူကာ လှည့်ထွက်သွားသည်။ ထိုအခါမှ မှတ်ကြီးလည်း ဟင်းခနဲ သက်ပြင်းချလိုက်မိ၏။

"ဟူး… တော်ပါသေးရဲ့"

ထို့နောက် ကိုဘဆောင်ပေးထားသည့် ကြေးပြားဝိုင်းလေးကိုထုတ်ကာ…

"ကဲ… ကိုဘဆောင်ရေ.. ခင်ဗျားပေးတဲ့ အဆောင်နဲ့ ကျုပ်ဒီည ဟိုဘက်ရွာက ဒွေးလေးတင်မြရဲ့နှမ အသုဘမှာ အကဲစမ်းရတော့မှာပေါ့ဗျာ"

ထန်းသမားက မှတ်ကြီးပေးလိုက်သည့် အပေါက်ရာနှင့် မူးစေ့ကို တကုတ်ကုတ်နှင့် ဘာတွေလုပ်နေသည်မသိ..။ မူးစေ့မျက်နှာပြင်ကို သူ့လက်နှင့် ပွတ်ကြည့်လိုက်၊ နေရောင်တွင် ထောင်ကြည့်လိုက်နှင့် အလုပ်ရှုပ်နေသည်။ ခဏအကြာတွင် ထန်းသမားကြီး၏မျက်နှာက



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်သလို ဖြစ်သွား၏။

မှတ်ကြီးက ထိုထန်းသမားကြီးရှိရာသို့ လျှောက်သွားပြီး သူ့လက်ထဲမှ မူးစေ့ကို မယောင်မလည်နှင့် လှမ်းကြည့်လိုက်၏။

''ဟင်...''

သူပေးလိုက်သော မူးစေ့မှာ ထန်းသမားကြီး၏ လက်ထဲတွင် အပေါက်ရာကြီးဖြစ်မနေတော့ဘဲ အကောင်းပကတိလိုပင် ဖြစ်နေလေသည်။ ထို့နောက် မှတ်ကြီးက သိချင်ဇောဖြင့်

''ဗျို့ ဆရာကြီး... အဲဒီအကြွေစေ့ရဲ့အပေါက်ကို ဘာနဲ့ ပိတ်လိုက်တာလဲဗျ ...''

ထန်းသမားကြီးက မှတ်ကြီးကို မျက်လုံးတစ်ချက်လှန်ကြည့်ရင်း

''လွယ်ပါတယ်၊ ဟောဒီ ပျားဖယောင်းနဲ့ ပိတ်လိုက်တာပေါ့။ ဒီလောက် ပိုက်ဆံရှားတဲ့ ခေတ်ကြီးထဲမှာ ကျုပ်ကတော့ အခုလို ပိုက်ဆံကို အပေါက်ဖောက်ပြီး လေ့သခုံတွေပေါ်မှာ သံနဲ့ ရိုက်တဲ့ လူတန်းစားတွေကို အမုန်းဆုံးပဲဗျ''

''ဗျာ...''

မှတ်ကြီး၏ မျက်လုံးတွေက မီးပွင့်မတတ် ပြူးကျယ်သွား၏။ လေ့သခုံပေါ်မှ ခွာယူလာသည့် ပိုက်ဆံမုန်း အပ်ကျမပ်ကျကြီး သိနေသည့် ထန်းသမားကြီးကိုလည်း အံ့သြနေမိသည်။ ထို့နောက် မှတ်ကြီးက

''ဒီအကြွေစေ့ကို လေ့သခုံပေါ်မှာ သံနဲ့ရိုက်ထားတာလို့ ခင်ဗျားက ဘာဖြစ်လို့ ပြောနိုင်တာလဲ''

''စောစောက ကိုယ့်လူဆီက ဒီအကြွေစေ့ကို ယူလိုက်တုန်းက





အကြွေစေ့ရဲ့ မျက်နှာပြင်တစ်ဖက်က စူထွက်နေပြီး သစ်သားစအမှုန်တွေ ကပ်နေတယ်။ နောက်ပြီး မျက်နှာပြင်ရဲ့ နောက်တစ်ဖက်မှာ အပေါ်က အားနဲ့ထုရိုက်ထားလို့ အပေါက်ရဲ့ ဘေးပတ်လည်မှာလည်း ချိုင့်နေတယ်။ ဒါဆိုရင် ဒီပိုက်ဆံဟာ လှေကားထစ်တွေပေါ်မှာ သံနဲ့ရိုက်သွင်းထားတဲ့ ပိုက်ဆံဆိုတာ သေချာနေပြီပေါ့''

''ဟင်...''

ရုတ်တရက်ကြားလိုက်ရသည့် ထန်းသမားကြီး၏ စကားတွေကြောင့် မှတ်ကြီးတစ်ယောက် တွေတွေဝေဝေနှင့် ဆွံ့အသွားမိသည်။ တစ်ချိန်တည်းမှာပင် မှတ်ကြီးက ထန်းသမား၏မျက်နှာကိုလည်း အကဲခတ်ရင်း လှမ်းကြည့်လိုက်၏။ ထိုထန်းသမားကတော့ သူ ဒွေးလေးတင်မြတို့ လှေကားမှ ဖြုတ်ယူလာသည့် ပိုက်ဆံတွေမှန်း သိပုံမပေါ်။

ထို့နောက် မှတ်ကြီးက

''ဒါဆိုရင်လည်း ကျုပ်ဆီမှာရှိနေတဲ့ ဟောဒီ မူးစေ့တွေအားလုံးကို အပေါက်တွေ ပိတ်ပေးစမ်းပါဗျာ... ရော့''

မှတ်ကြီး လှမ်းပေးလိုက်သည့် ငွေအကြွေစေ့တွေကြောင့် ထန်းသမားက သူ့ကို ခြေဆုံးခေါင်းဖျား လှမ်းကြည့်လိုက်သည်။ ပြီးတော့ သူ့မူးစေ့ အပေါက်တွေအကုန်လုံးကို ပျားဖယောင်းဖြင့် ပိတ်ပြီး တွန့်လိမ်နေသည့် အနားစတို့ကို တူဖြင့် သေသေသပ်သပ်ဖြစ်အောင် ပြန်ထုပေးလိုက်၏။

❑



www.burmeseclassic.com

www.burmeseclassic.com



“ဟေး... နှစ်ဆကွ... နှစ်ဆ”

ရုတ်တရက် ကြားလိုက်ရသော လူငယ်တစ်သိုက်၏ အော်သံတွေကြောင့် မှတ်ကြီး၏ ခြေလှမ်းတွေက အလိုလိုနေရင်း ရပ်တန့်သွား၏။ ညနေခင်း၏ နေရောင်ကို လက်နှင့်ကာရင်း အသံလာရာကို လှမ်းကြည့်လိုက်၏။

“ဟင်... ဒါ... ကိုးမီးရိုက်နေကြတဲ့ အသံတွေပဲ”

စောစောက ဟေးခနဲ၊ ဝါးခနဲ အော်ဟစ်နေကြသည့် လူငယ်တွေက ထန်းပင်အောက်တွင် ဝိုင်းဖွဲ့ပြီး ဖဲရိုက်နေကြခြင်းပြင်။ ထိုအသံတွေကြားရုံဖြင့် မှတ်ကြီး၏ လက်မောင်းသားတွေက တဆတ်ဆတ်တုန်ယင်ပြီး သွေးဆာသလိုဖြစ်လာသည်။

မှတ်ကြီးက သူ့လက်ထဲမှာ ဆုပ်ကိုင်ထားသော ကိုဘဆောင်၏ ကြေးပြားဝိုင်းလေးကိုကြည့်ကာ

“ဟုတ်ပြီ... ဒီကြေးပြားရဲ့အစွမ်းကို သိရအောင် တစ်လှည့်၊ နှစ်လှည့်လောက်စမ်းပြီး ထိုးကြည့်ရမယ်”

ထိုနေရာသို့ မှတ်ကြီးရောက်သွားသည်နှင့် ဒိုင်လုပ်သူ လူငယ်တစ်ယောက်က

“ခင်ဗျား တစ်အိမ်ဝင်လို့တော့ မရဘူး။ အိမ်ကပြည့်နေပြီ၊





ထိုးချင်ရင်တော့ သူတို့အိမ်တွေက ဖြည့်ထိုးလို့ရတယ်”

တစ်ဝိုင်းလုံး ရှိသမျှပိုက်ဆံက အဖြစ်သဘောလောက်သာ အပျော်ကစားနေကြခြင်းဖြစ်၏။ ထို့နောက် မှတ်ကြီးက သူ့လက်ထဲမှ ကြေးပြားဝိုင်းလေးကို ပါးစပ်အတွင်းသို့ ထည့်ငုံလိုက်၏။ ထိုကြေးပြားဝိုင်း မှတ်ကြီး၏ ပါးစပ်အတွင်းသို့ ရောက်သွားသည်နှင့် သူ့တစ်ကိုယ်လုံး ဖိန်းတိန်းရှိန်းတိန်းပင် ဖြစ်သွားမိသည်။ နောက်ပြီး ကိုဘဆောင်၏ အော်ဂလီဆန်ချင်စရာ မျက်နှာကြီးကိုလည်း မြင်ယောင်မိသွား၏။

မှတ်ကြီးက အင်္ကျီအိတ်ထဲမှ မူးစေ့တစ်စေ့ကို ထုတ်ယူကာ ထိုးသားတစ်ယောက်၏ အိမ်မှ ဘေးဝင်ထိုးလိုက်သည်။ အားလုံးကတော့ အပေါက်ရာကို ဖာထားသည့်မူးစေ့မှန်း မသိကြ။ ကိုယ့်ဇောနှင့်ကိုယ် ဖြစ်နေကြသည်။

ပထမအကြိမ် ဖဲ စဝေပြီ...။

မှတ်ကြီး ဘေးထိုးထားသောအိမ်မှ လူငယ်က ပထမဖဲချပ်ကို ချက်ချင်း လှန်မကြည့်သေးဘဲ နောက်ထပ် ဖဲတစ်ချပ်ရောက်လာမှ ပေါင်းပြီး ကြည့်သည်။ မှတ်ကြီးက ဖဲနှစ်ချပ်ကို ဖြည်းဖြည်းချင်း ပွတ်ပြီး ကြည့်နေသည့် ထိုလူငယ်၏ ပခုံးပေါ်မှကျော်ကာ ဖဲပွင့်တွေကို ကြည့်နေ၏။

“ကိုး...”

ရုတ်တရက် ထိုလူငယ်နှင့် ပြိုင်တူအော်လိုက်သံကြောင့် ဒိုင်လုပ်သူက မှတ်ကြီးတို့ချပြလိုက်သည့် ဖဲနှစ်ချပ်ကို လှမ်းကြည့်ကာ

“ဟုတ်ပြီ... လျော်မယ်”

သည်လိုနှင့် ဖဲဝိုင်းက နောက်တစ်ကြိမ်စပြန်လေပြီ...။



www.burmeseclassic.com

www.burmeseclassic.com





ဒီတစ်ခါ ဖဲက 'တစ်'ဖဲအရင်ပေါ်သည်။ လူငယ်၏ တုန်ယင်နေသော လက်အစုံက နောက်ထပ်ဖဲချပ်တစ်ချပ်ကို ဖြည်းဖြည်းချင်း ပွတ်ကြည့်လိုက်၏။

''ကိုး... ကိုးပဲ''

ထိုလူငယ်က ဝမ်းသာအားရနှင့် ထအော်ပြီး မုတ်ကြီး၏ မျက်နှာကိုကြည့်ကာ

''ခင်ဗျားလာမှပဲဗျာ... ဖဲကလည်း ကိုးတွေချည်းကျနေတော့ တာပဲ။ တစ်မနက်လုံး ဆက်တိုက်ရှုံးနေလိုက်တာ အခုမှ နိုင်ပွဲ ပြန်ရလာတယ်။ တော်သေးတာပေါ့... ဟဲ ဟဲ''

မုတ်ကြီး၏ အတွေးတွေကတော့ သူ့ပါးစပ်ထဲမှာငုံထားသည့် ကိုဘဆောင်၏ ကြေးပြားဝိုင်းဆီသို့သာ ရောက်နေ၏။

'ဟုတ်ပြီ... ကိုဘဆောင်ရဲ့အဆောင် ကြေးပြားလေးက တကယ် အစွမ်းထက်တာတော့ သေချာနေပြီ။ ကျေးဇူးကြီးလှတဲ့ ကိုဘဆောင်တစ်ယောက် ကောင်းရာမွန်ရာ ရောက်ပါစေဗျာ...'

ထိုစဉ်မှာပင် ဒိုင်လုပ်သူက နောက်တစ်ကြိမ် ဖဲစမဝေခင် ထိုးသားတွေကို များများစားစားထိုးကြဖို့ ပြောနေ၏။ သူ့အသံကလည်း စာစာကလောက် မထွက်နိုင်တော့။ နှစ်လှည့်ဆက်တိုက်လျော်ထားရသော မုတ်ကြီးတို့နှစ်ယောက် ပေါင်းထိုးသည့်အိမ်ကို မျက်စောင်းတခဲခဲနှင့်ဖြစ်နေ၏။

မုတ်ကြီးက ဖဲဝိုင်းထဲသို့ လက်တပြင်ပြင်နှင့်

''ကဲ... မောင်ရင် ဒီတစ်ခါတော့ ဖဲကို ငါကိုယ်တိုင်ကြည့် မယ်ကွာ... ရမလား''

ဖဲမကိုင်ရလျှင် မနေနိုင်သည့် မုတ်ကြီးက သူနှင့်အတူပေါင်းပြီး ထိုးနေသည့် လူငယ်ကို တောင်းတောင်းပန်ပန်နှင့် ပြောနေ၏။ ထိုလူငယ် ကလည်း မုတ်ကြီးရောက်လာမှ ဆက်တိုက်ဆိုသလို အလျော်ရနေသဖြင့် ကျေကျေနပ်နပ်ကြီး ဖဲကိုပေးကိုင်သည်။

''ရပါတယ်ဗျာ.. ကြည့်ပါ... ကြည့်ပါ''

မုတ်ကြီးက ပထမဝေလိုက်သည့် ဖဲတစ်ချပ်ကို မကြည့်သေးဘဲ လက်တစ်ဖက်နှင့် အုပ်ပြီးကိုင်ထား၏။ သူ့ဘေးမှ လူငယ်ကလည်း ဒီတစ်ကြိမ် ထိုးလိုက်သည့်ငွေစတွေက အနည်းငယ်များနေသဖြင့် မုတ်ကြီး လက်နှင့်အုပ်ထားသည့် ဖဲကိုပင် သိချင်နေ၏။ မုတ်ကြီးကတော့ အလှည့်တိုင်းလိုလို မူးစေ့တစ်စေ့သာထိုးသဖြင့် ပုံမှန် တစ်မူး၊ တစ်မူးသာ အလျော်ရနေသည်။

နောက်ဖဲတစ်ချပ်...

မုတ်ကြီးထံသို့ နောက်ဖဲတစ်ချပ် ရောက်လာသည်နှင့် ပထမ ဖဲချပ်နှင့်ထပ်ကာ ဖျတ်ခနဲယူပြီး ကြည့်လိုက်သည်။ သူ့ဘေးမှ လူငယ် ကလည်း မုတ်ကြီးနှင့်အတူ ခေါင်းချင်းဆိုင်ပြီး ဖဲပွင့်တွေကို အလုအယက် ကြည့်သည်။

ဖဲက နှစ်ချပ်စလုံး သုံးဂဏန်းတွေချည်းဖြစ်နေ၏။ တစ်ချပ်က ညှင်းသုံး၊ နောက်တစ်ချပ်က စပိတ်သုံး...။

''ဟင်...''

လူငယ်၏မျက်နှာမှာ ချက်ချင်းဆိုသလို တွေတွေဝေဝေဖြစ်





www.burmeseclassic.com

www.burmeseclassic.com



သွား၏။ သူ့အတွေးထဲတွင်လည်း နောက်ဖဲတစ်ချပ်ကို ဆွဲလိုက်ပါက လက်ရှိ ဖဲပွင့်တွေထက် လျော့သွားမှာ စိုးရိမ်နေ၏။ တဖြည်းဖြည်းနှင့် ဖဲက သူတို့အလှည့်သို့ ရောက်လာသည်။

မှတ်ကြီးက တွေဝေနေသော လူငယ်၏မျက်နှာကို တစ်ချက် လှမ်းကြည့်ကာ အလယ်ပန်းကန်ပြားထဲမှ ဖဲတစ်ချပ်ကို ဆွဲယူလိုက်၏။ သူ့ဘေးမှ လူငယ်၏မျက်နှာမှာ သွေးပင်မရှိတော့ဘဲ ချွေးသီး ချွေးပေါက်တွေက နှဖူးပြင်ပေါ်တွင် သီးထနေ၏။

အမှန်တော့ ဒီတစ်ကြိမ်ဆွဲယူလိုက်သည့်ဖဲကို မှတ်ကြီး ကိုယ်တိုင်ပင် ချီတုံချတုံ ဖြစ်နေမိသည်။

ထိုစဉ်မှာပင်...

"ဖြောင်း..."

"ဟာ... သုံး"

မှတ်ကြီး လက်ဝါးထဲကို ရိုက်ချလိုက်သည့် နောက်ဆုံး ဖဲတစ်ချပ်က 'သုံး'ဖြစ်နေပြန်၏။ မှတ်ကြီး၏ဘေးမှ လူငယ်မှာလည်း အားရဝမ်းသာနှင့် ထပြီးအော်လိုက်သည်။

"ငါးဆက္ခ... ငါးဆ"

မှတ်ကြီးတို့ ချပြလိုက်သည့် ဖဲသုံးချပ်စလုံးမှာ ညှင်းသုံး၊ စပိတ်သုံးနှင့် ဒိုင်းမွှန်းသုံးဖြစ်နေလေတော့သည်။

'ဟင်... ကိုဘဆောင်ပြောတဲ့ ကိုးဖဲနဲ့ပဲ နိုင်ရမယ်ဆိုတာ တကယ်ဟုတ်နေပါလား။ အခုလည်း ဖဲသုံးချပ်ပေါင်းရင် ကိုး၊ ကိုးတောင် ရိုးရိုး'ကိုး'မဟုတ်ဘူး၊ ငါးဆရတဲ့'ကိုး'...'

မှတ်ကြီးတို့ကို ငါးဆပေးလျော်လိုက်ရသဖြင့် ဒိုင်လုပ်သူမှာ





တက်တက်ပင် ပြောင်သွား၏။ သူ့မျက်နှာတစ်ခုလုံးမှာလည်း ချက်ချင်း ပင် အိုကျသွားကာ ဝိုင်းကို သိမ်းလိုက်ရတော့သည်။

မှတ်ကြီးမှာလည်း ငွေလေးကြေးလေး တော်တော်ရလိုက် သဖြင့် ဟိုဘက်ရွာမှ အသုဘမှာ သွားကစားရန် အရင်းအနှီး အလုံ အလောက် ရသွား၏။ ထို့နောက် ပိုက်ဆံအကြွေစတွေကို အိတ်ကပ် ထဲသို့ထည့်ကာ လှည့်ထွက်လာခဲ့တော့သည်။

သူထွက်လာချိန်မှာတော့ ကောင်းကင်ကြီးတစ်ခုလုံး ပုစွန်ဆီ ရောင် သမ်းနေပြီး ပြာမှိုင်းမှိုင်း မိုးသားတိမ်ရိပ်တချို့က အမှောင်ထု အောက်သို့ တိုးဝင်စပြုလာပြီဖြစ်သည်။

ထိုစဉ်မှာပင် မှတ်ကြီး၏နားထဲတွင် ကိုဘဆောင်၏ စကားသံ တွေက လယ်ကွက်တွေပေါ် လျှပ်တိုက်ပြေးလာသလိုလို ကြားနေရသည်။

"ဒီကြေးပြားကို ပါးစပ်ထဲမှာငုံပြီး ဖဲရိုက်တိုင်း မင်း နိုင်လိမ့် မယ်... မနက် ဆယ့်နှစ်နာရီနဲ့ ည ဆယ့်နှစ်နာရီကြားမှာ ကစား။ ကိုးရက်တိတိကစားရမယ်၊ ကိုးဂဏန်းနဲ့ နိုင်လိမ့်မယ်။ ဒါပေမဲ့ တစ်ခုတော့ရှိတယ် မှတ်ကြီး။ တစ်နေ့မှာ ကိုးပွဲပဲ ကစားရမယ်"

နားထဲတွင် ပဲ့တင်ထပ်ပြီး ပြန်ကြားနေရသော ကိုဘဆောင်၏ အသံတွေက နီးလာလိုက်၊ ဝေးသွားလိုက်နှင့် ဖြစ်နေ၏။

"ဟင်... တစ်နေ့ကို ကိုးပွဲပဲ ကစားရမယ်ဆိုပါလား။ ငါ အခု ကစားလိုက်တာ ဘယ်နှပွဲရှိသွားပြီလဲ"

ထိုအတွေးနှင့်အတူ မှတ်ကြီး၏ ခြေလှမ်းတွေက တစ်ဘက် ရွာမှ အသုဘအိမ်ဆီသို့ အချိန်မီ ခြေကုန်သုတ်ပြီး လျှောက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့မကူးခင် တန်ဖိုးရှိသည့်အချိန်တွေကို အကျိုးရှိရှိအသုံးချရမည် မဟုတ်ပါလား။


လယ်ကွင်းတွေပေါ်မှ ဖြတ်တိုက်လာသည့် လေပြည်ထဲတွင် ရိုးပြတ်ကို မီးရှို့နေသည့်ရနံ့တွေရနေပြီး တဖျစ်ဖျစ်တောက် လောင်နေသည့် မီးပုံလေးများကို ဟိုနားတစ်ကွက်၊ ဒီနားတစ်ကွက် တွေ့နေရသည်။ တစီစီအော်မြည်နေသည့် ပိုးကောင်၊ မွှားကောင်တို့၏ အသံကိုလည်း ကန်သင်းရိုးဘေးမှ လယ်ကွက်တွေထဲတွင် အခါမလပ် ကြားနေရသည်။

တစ်ခါတစ်ခါ လေသင့်လျှင် ကျယ်ကျယ်လောင်လောင်ကြီး ကြားရသည့် ခေတ်စက်ဖွင့်သံကြောင့် တစ်ဖက်ရွာမှ အသုဘအိမ်သို့ ရောက်ရန် မဝေးတော့ကြောင်း မှတ်ကြီး သိလိုက်ရသည်။

❑



BURMESE CLASSIC .com



အခန်း ( ၇ )

တရုန်းရုန်းဖြစ်နေသော ညော့်သည်များက အသုဘအိမ်၏ အပေါ်ထပ်ရော အောက်ထပ်ပါ ပြည့်ကျပ်နေ၏။ အိမ်ရှေ့ ခြံဝင်းကျယ်ကြီးအတွင်း လှည်းဒေါက်ထောက်ကာရပ်ထားသည့် ရွာနီးချုပ်စပ်မှ နွားလှည်းတွေက လေးငါးဆယ်စီးထက် မနည်းချေ။ ထိုလှည်းများမှ ဖြုတ်ထားသော နွားများမှာလည်း လှည်းပေါ်ခင်းထားသည့် ကောက်ရိုးတွေကို ဆွဲစားသည့်နွားက စား၊ မြေပြင်တွင် ဝပ်စင်းနေသည့်နွားက ဝပ်စင်းနှင့် ညဘက်ခင်းသည့် နွားပွဲဈေးကလေးနှင့်ပင် တူနေလေတော့သည်။

ဒီရွာမှာတော့ ဒွေးလေးတင်မြ၏ နှမဖြစ်သူမှာ ရွာမျက်နှာဖုံးဟု ပြောလို့ရသူဖြစ်ပြီး များပြားလှသည့် ညော့်သည်တွေကြောင့် သေပန်းပွင့်သည်ဟုလည်း ပြောရမည်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီး၏ မျက်လုံးတွေက အသုဘမေးလာသူ မဟုတ်သဖြင့် ဖဲဝိုင်း ဘယ်မှာ လုပ်နေသည်ကိုသာ ရှာဖွေကြည့်လိုက်၏။ သူ့စိတ်ထဲမှာလည်း ယခုကဲ့သို့ မျက်နှာကြီး အသုဘတစ်ခုကို လာပြီး ဖဲရိုက်ကြသည့် ဖဲသမားများမှာ ငွေကြေးချမ်းသာသူတွေသာ ဖြစ်လိမ့်မည်ဟု တွေးကြည့်နေမိ၏။

အသုဘအိမ်ကြီးတစ်ခုလုံးမှာ အောက်လင်းမီးတွေ ထိန်နေအောင် ထွန်းထားပြီး လာသမျှသည်တွေကို အိမ်ရှင်က ခုနစ်ရက်ခုနစ်လီ နေ့ရော ညပါ ထမင်းကျွေးညှို့ခံနေ၏။

မှတ်ကြီးက သူ့ဗိုက်ထဲတွင် တကြုတ်ကြုတ်မြည်အောင် ဆာလောင်နေသော်လည်း ဖဲဝိုင်းကို မြင်လိုက်ရပြီးနောက် ဘာကိုမှ သတိမရတော့။ ဖဲဝိုင်းဘေးတွင် ဒူးတစ်ဖက်ထိုးကာ ဝင်ထိုင်လိုက်တော့သည်။

''ဒင်... ဒင်... ဒင်...''

နံရံထောင့်မှ ကနုတ်ပန်းတွေနှင့် မတ်တတ်သံစုံနာရီကြီးက မှတ်ကြီး ဖဲဝိုင်းသို့ ဝင်ထိုင်လိုက်သည်နှင့် ကျယ်ကျယ်လောင်လောင်ကြီး ထမြည်သွား၏။ မှတ်ကြီးက ထိုနာရီလက်တံများကို ကြည့်လိုက်သောအခါ ညရှစ်နာရီတိတိပင် ရှိနေပြီဖြစ်သည်။

ဖဲဝိုင်းက ငါးအိမ်ပြည့်နေသဖြင့် မှတ်ကြီးမှာ ဘေးမှထိုင်ရင်း ဖဲမျှော်ကြည့်ရုံမှတစ်ပါး ဘာမှမတတ်နိုင်ဘဲ ဖြစ်နေ၏။ ထိုဝိုင်းတွင် ဒိုင်လုပ်နေသူမှာလည်း ဘေးမှထိုးသည့် ပိုက်ဆံကို အရှုပ်အရှင်းတွေ ဖြစ်မှာစိုးသဖြင့် လက်မခံဘဲဖြစ်နေရာ မှတ်ကြီးအတွက် စိတ်ပျက်လက်ပျက် ဖြစ်နေမိသည်။





''ဟာ... သောက်သုံးမကျတဲ့ ဖဲကွာ... သေသာ သေလိုက်ချင်တော့တယ်။ တောက်!''

မှတ်ကြီး ဝင်ထိုင်လိုက်သည့်ဘေးမှ အသားမည်းမည်းနှင့် ဖဲသမားတစ်ယောက်က ပါးစပ်မှ အယုတ္တအနတ္တတွေ ဆဲဆိုပြီး သူ့ဖဲကို ဝိုင်းအလယ်သို့ ပစ်ချလိုက်၏။ တစ်ချိန်တည်းမှာပင် ထိုသူ၏ အောက်တွင်ထိုးထားသည့် ငွေတွေအပြင် နောက်ထပ် သူ့အကျီအိတ်ထဲမှ ငွေစတွေပါ ဒိုင်ဖြစ်သူကို ပေးလျော်နေရ၏။

ဖင်တကြွကြွဖြစ်နေသည့် မှတ်ကြီးမှာ ဘယ်အချိန် ဖဲဝိုင်းတွင် နေရာတစ်နေရာ လစ်လပ်သွားလိမ့်မည်လဲဆိုသည်ကိုသာ ချောင်းမြောင်းနေ၏။ တစ်ဝိုင်းလုံး ရှိသမျှဖဲသမားတွေက တော်တော်နှင့် ထကြမည့်ပုံမပေါ်။ ဒိုင်လုပ်သူမှာ မြို့ပေါ်မှ ဆီစက်ပိုင်ရှင် သူဌေးတစ်ယောက်ဖြစ်နေ၍လည်း တစ်ဝိုင်းလုံးတွင် ထိုးထားကြသည့် ငွေစတွေက ပလူပုံအောင် များပြားနေသည်။

''ကဲ... အားလုံးပဲ စိတ်ကြိုက်ထိုးလို့ ပြီးဆိုရင် လက်တွေ ရှောင်ပါ။ ဖဲစဝေမယ်''

ဒိုင်လုပ်သူ၏ အသံသြသြကြီးကြောင့် ရှုပ်ယှက်ခတ်နေသည့် ထိုးသားများ၏ လက်တို့က နောက်သို့ အလိုလိုဆုတ်ကုန်ကြသည်။ စောစောက မှတ်ကြီးဘေးမှ အသားမည်းမည်းနှင့် ပုဂ္ဂိုလ်မှာလည်း နဖူးပေါ်မှ တဒီးဒီးစီးကျနေသည့် ချွေးတွေကို လက်ဖြင့် သပ်ချနေကာ ပါသမျှပိုက်ဆံတွေကို ချထိုးနေသည်။

မှတ်ကြီးက ဆေးလိပ်ခွက်ထဲမှ ရွှေဒေါင်း မပွားဆေးပေါ့လိပ် တစ်လိပ်ကို မီးညှိပြီး ဇောချွေးတွေပြန်နေသည့် အသားမည်းမည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



လူကို ပေးလိုက်၏။

''ရော့ဗျာ၊ ဆေးလိပ်လေး ဘာလေး ဖွာလိုက်ပါဦး။ ခင်ဗျား ကြည့်ရတာ စိတ်တွေ အတော်လှုပ်ရှားနေပုံပဲ''

ထိုသူက မုတ်ကြီးမီးညှိပေးသည့် ဆေးပေါ့လိပ်ကို လှမ်းယူလိုက်ပြီး တစ်ရှိုက်မက်မက်ပင် ဖွာရှိုက်လိုက်၏။ ထို့နောက် မီးခိုးငွေ့နှင့် သက်ပြင်းကို ရောပြီး ဖဲဝိုင်းအလယ်သို့ မှုတ်ထုတ်လိုက်သည်။ မုတ်ကြီးကတော့ သူတစ်အိမ်စာ ဝင်ရရေးအတွက် ဘေးမှ လူကို စကား ရောဖောရောနှင့် အမျိုးမျိုးစည်းရုံးနေသည်။

''ဒါနဲ့... ခင်ဗျားကိုကြည့်ရတာ အတော်ကလေး ရှုံးနေပုံပဲဗျ။ တော်ရုံ ကိုယ့်ဖဲက သေနေရင်လည်း ကစားပွဲကို ရပ်သင့်ရင် ရပ်လိုက်ရတယ်ဗျ။ နို့မို့ဆို...''

''တော်စမ်းဗျာ၊ အခု ကျုပ်ရှုံးနေတာ ငွေသား နှစ်ထောင်ကျော် နေပြီဗျ။ ဒီအချိန်မှာ ကျုပ်က ဘာဖြစ်လို့ ရပ်ပစ်လိုက်ရမှာ လဲ''

ထိုသူ၏ ဒေါနှင့်မောနှင့် ပြန်ပြောသံကြောင့် တစ်ဝိုင်းလုံးရှိ ဖဲသမားများအားလုံးက မုတ်ကြီးနှင့် သူ့ကို လှည့်ကြည့်လိုက်ကြသည်။

တစ်လှည့်ပြီးတစ်လှည့်သာ ပြီးသွားသော်လည်း မုတ်ကြီးဘေးမှ လူမှာ အလှော်ရသည့်အလှည့်ဟူ၍ မရှိ၊ တညည်းညည်းတညူညူ ဖြင့်သာ ရှုံးထားသည့် ငွေတွေနောက်သို့ တကောက်ကောက် လိုက်နေ သည်။

''ဒင်... ဒင်... ဒင်...''

ထိုစဉ်မှာပင်





သံစုံနာရီကြီးက ဆယ်ချက်တိတိ တီးခတ်သွားပြီဖြစ်၏။

'ဟင်... ဆယ်နာရီတောင် ထိုးနေပြီပဲ။ ငါ့အတွက် ကစားရမယ့် အချိန်က နောက်ထပ်နှစ်နာရီပဲကျန်တော့တယ်။ ငါ ဘယ်လို လုပ်ရမလဲ'

မုတ်ကြီး၏အတွေးတွေက နံရံထောင့်မှ သံစုံနာရီကိုကြည့်ကာ ယောက်ယက်ခတ်နေ၏။ အိပ်ထဲမှ ကိုဘဆောင်၏ ကြေးပြားဝိုင်းလေး ကိုလည်း လက်ဖြင့် မကြာမကြာစမ်းကာ ထိုင်ရမလို၊ ထရမလိုနှင့် မရိုးမရွ ဖြစ်နေမိသည်။ သူ့ဘေးမှ အသားမည်းမည်းနှင့်လူကတော့ နဖူးမှချွေး ဒီးဒီးကျလျက် ပါးစပ်က ဆဲနည်းပေါင်းစုံဆဲကာ တောက် တခေါက်ခေါက်နှင့် ရှုံးမဲမဲနေတော့သည်။

''ဟေ့လူ... ခင်ဗျား ကျုပ်ဆီက ယူထားတဲ့ငွေတွေ များနေ ပြီနော်။ ဘယ်လိုလုပ်မှာလဲ၊ ခင်ဗျားယူထားတဲ့ငွေတွေက အပေါင်ပေးထားတဲ့ လက်ကောက်တစ်ကွင်းစာတောင်မက တော့ဘူး''

ဒိုင်လုပ်သူက မုတ်ကြီး၏ဘေးမှ လူကို ငွေထပ်မချေးချင်တော့ သဖြင့် ဗျစ်တီးဗျစ်တောက်တွေ ပြောနေ၏။

ထိုသူကလည်း...

''လုပ်ပါဗျာ... ဒီတစ်ခါ အဲဒီကျုပ်လက်ကောက်ကို အပြီး ယူလိုက်ပါ။ နောက်ထပ် ကျုပ်ကို ငွေနှစ်ရာပဲ ထပ်ပေး''

အကြံကုန်နေသည့် မုတ်ကြီးဘေးမှလူက ဘယ်အချိန်ကတည်း က ဒိုင်ကို အပေါင်ပေးထားသည့် လက်ကောက်လည်း မသိ၊ နှစ်ရာနှင့် သူဘာသာပင် ဈေးဖြတ်ကာ ပိုက်ဆံထပ်တောင်းနေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



''မရဘူး၊ ခင်ဗျားလက်ကောက်က ဘယ်လောက်သားမှ ရှိတာမဟုတ်ဘူး တစ်ရာပဲ ထပ်ရမယ်။ ယူချင်ရင် ယူ၊ မယူရင်တော့ ကျုပ်မတတ်နိုင်ဘူး''

ဖဲဝိုင်းမှ အခြားထိုးသားတွေကလည်း ထိုလူကိုကြည့်ကာ စိတ်မချမ်းမသာဖြစ်နေကြသည်။ ဒိုင်လုပ်သူ၏ ခပ်ပြတ်ပြတ်လေသံကြောင့် မတတ်သာသည့်အဆုံးတွင် သူပေါင်ထားသည့် လက်ကောက်ကို တစ်ရာနှင့် ဈေးဖြတ်ယူလိုက်ရသည်။

''ကဲ... မတတ်နိုင်ဘူး။ ပေးဗျာ.. တစ်ရာ''

နောက်တစ်ကြိမ် ဖဲစမဝေခင်မှာ ရှုံးမဲမဲနေသည့် မုတ်ကြီးဘေးမှလူမှာ သူရလိုက်သည့် ပိုက်ဆံတစ်ရာလုံးလုံးကို ချပြီး ထိုးလိုက်၏။ ဒါကို ဒိုင်လုပ်သူက

''ဟေ့လူ... ခင်ဗျားမှာ ပိုက်ဆံ ထပ်လိုက်စရာမရှိရင် ဒုံးလို့ပြောပြီး ထိုးပါ။ တော်ကြာ ပြီးမှ အရှုပ်အရှင်းဖြစ်လာရင် မကောင်းဘူး''

ထိုသူကလည်း သူ့မေးစေ့ကို လက်နှင့် ပွတ်သပ်ပြီး စဉ်းစားသလို လုပ်နေ၏။ တစ်ဝိုင်းလုံး၏ အခြေအနေကို မျက်ခြည်မပြတ်ဘဲ ဘေးက စောင့်ကြည့်နေသည့် မုတ်ကြီးက

''ဟို... ဟို ခဏနေကြပါဦးဗျာ။ ဒီလူ့အတွက် 'ဆ'ဆိုရင် ဒိုင်ကို ကျွန်တော် ပေးလျော်ပါ့မယ်။ တကယ်လို့ သူ့ဖဲက ဆနဲ့ စားရခဲ့ရင်လည်း အဲဒီ 'ဆ'ကို ကျုပ်ယူမယ်။ ဘယ်နှယ့်လဲ''





မုတ်ကြီး၏ ကောက်ကာငင်ကာ ဝင်ပြောလိုက်သော စကားကြောင့် ဒိုင်လုပ်သူနှင့်အတူ မုတ်ကြီးဘေးမှ ရှုံးနေသည့် ဖဲသမားကပါ တွေတွေဝေဝေဖြစ်သွား၏။

ခဏအကြာ မုတ်ကြီးဘေးမှလူက

''မရဘူးဗျာ၊ ကျုပ် လက်မခံဘူး။ ကျုပ်လို ဖဲသမားအတွက် ငွေမရှိလို့ ပတ်ဝန်းကျင်က ဖေးမပေးတာမျိုး ဘယ်တော့မှ လက်မခံဘူး... ဒါပဲ...။ ကျုပ်နာမည်မှတ်ထား ဥသျှစ်ပင်ရွာက ဖဲဘတဲ့ ဒုံးပဲ ထိုးမယ်''

ဝိုင်းက ပြန်စပြန်ပြီ...

ဒီတစ်ခါစသည့်ဝိုင်းက မုတ်ကြီးဘေးမှ အသားမည်းမည်းနှင့် မာနခဲ ဖဲသမားဘေအတွက် အဆုံးအဖြတ်ပင်ဖြစ်တော့မည်။

မုတ်ကြီးကလည်း တဂျောက်ဂျောက်မြည်ပြီး ရွေ့လျားနေသည့် သံစုံနာရီကြီးပေါ်မှ နာရီလက်တံတွေကိုသာ တကြည့်ကြည့်နှင့်ဖြစ်နေ၏။

❑



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း..."

"မအေ... နှမ... ဖဲ..."

ဖဲသမားဘေ၏ ကြမ်းပြင်ကို လက်သီးနှင့် ထိုးလိုက်သည့် အသံနှင့် ဆဲသံ၊ ဆိုသံတွေက တိတ်ဆိတ်နေသော အသုဘအိမ်တစ်ခု လုံးကို လှုပ်နိုးလိုက်သလို ဖြစ်သွား၏။ တစ်ချိန်တည်းမှာပင် ထိုဘေဆို သူက မတ်တတ်ထရပ်ကာ သူပစ်ချလိုက်သည့် ဖဲနှစ်ချပ်ကို နာကြည်း သည့် မျက်လုံးအစုံနှင့် အကြာကြီး ငေးစိုက်ကြည့်နေ၏။ ထိုဖဲနှစ်ချပ် ကတော့ ရှုံးမြဲအတိုင်းသာ ဆက်ရှုံးနေပြီး သူ့အတွက် အဆုံးအဖြတ် ပေးသွားပြီဖြစ်၏။

အခြေအနေပေးသည်နှင့် တစ်ပြိုင်နက် မှတ်ကြီး၏တစ်ကိုယ် လုံးက ဖဲဝိုင်းအတွင်းသို့ ဇွေ့ခနဲ ရောက်သွား၏။ တစ်ချိန်တည်းမှာ ပင် သူ့အင်္ကျီအိတ်ကပ်ထဲမှ ကိုဘဆောင်၏ ကြေးပြားဝိုင်းလေးကို ထုတ် ကာ ပါးစပ်ထဲသို့ မသိမသာ ထိုးထည့်ပြီး ငုံလိုက်သည်။ အချိန်နှင့်အမျှ လှုပ်ရှားနေသော သူ့မျက်လုံးများကလည်း တချောက်ချောက် မြည်နေ သည့် ကနုတ်ပန်းခက်များနှင့် နာရီကြီးကိုကြည့်ကာ (တစ်ကြိမ် တစ်ခါမှ မဖြစ်ဖူးသော အလောတကြီးစိတ်ကြောင့်) အူတွေပင် ကျင်သလို ဖြစ် လာ၏။

မှတ်ကြီးက ဒိုင်လုပ်သူ၏လက်ထဲတွင် တဖျတ်ဖျတ် ကုလားဖန် ထိုးနေသော ဖဲထုပ်ကိုကြည့်ကာ သူ့အင်္ကျီအိတ်ကပ်ထဲမှ အပေါက်ဖာ





ထားသည့် မူးစေ့တွေနှင့်အတူ ထန်းပင်အောက်က လူငယ်တွေထံမှ နိုင်လာခဲ့သည့် ပိုက်ဆံတွေကိုပါ ထုတ်ယူလိုက်၏။

'အခုအချိန်မှာ တစ်ဝိုင်းလုံးက ဖဲကို အာရုံစိုက်နေကြတော့ ငါ့ရဲ့ မူးစေ့တွေကို သတိထားမိကြမှာ မဟုတ်ဘူး"

ထိုအတွေးနှင့်အတူ မှတ်ကြီးက အပေါက်ဖာထားသည့် မူးစေ့ နှစ်စေ့ကို အကောင်းပတီ မူးစေ့နှစ်စေ့ကြားတွင်ညှပ်ကာ ရှေ့တွင်ပုံပြီး ထိုးလိုက်၏။ စောစောက သူ့ဘေးတွင် မတ်တတ်ရပ်ပြီး ကြောင်စီစီ ဖြစ်နေသော ဖဲဘေတစ်ယောက်မှာလည်း ဘယ်အချိန် လှည့်ပြန်သွား သည်မသိ၊ အားလုံးက ဒိုင်လုပ်သူ စဝေတော့မည့် ဖဲကိုသာ အာရုံစိုက် နေကြသည်။

ထိုစဉ်မှာပင် ဒိုင်လုပ်သူက လက်ထဲမှ ဖဲထုပ်ကိုချကာ သူ့ ပေါင်ပေါ်တွင်တင်ထားသည့် လွယ်အိတ်ထဲမှ ဘာကို နှိုက်ပြီး ရှာဖွေ နေသည်မသိ။

"တောက်! ဒုက္ခပါပဲကွာ။ အချိန်က မရှိရတဲ့ကြားထဲ"

အလိုလိုနေရင်း စိတ်စောနေသည့် မှတ်ကြီးတစ်ယောက်မှာ ဒိုင်ကိုကြည့်ပြီး စိတ်မရှည်တော့...။

မကြာမီ ဒိုင်လုပ်သူ၏ လက်ထဲမှာ ရှူဆေးဘူးတစ်ဘူး ပါလာ ပြီး သူ့နှာခေါင်းဝတွင်တေ့ကာ ရှူနေပြန်၏။ ပြီးမှ...

"ကဲ... စဝေမယ်နော်"

ပြောပြောဆိုဆို ဒိုင်က ဖဲချပ်တွေကို တရှပ်ရှပ် ဝေလိုက်၏။ မှတ်ကြီး၏လက်ထဲသို့ ရောက်လာသည့် ဖဲနှစ်ချပ်က

တစ်ချပ်က ခုနှစ်ဖဲ...၊ နောက်တစ်ချပ်က နှစ်ဖဲ...။



www.burmeseclassic.com

www.burmeseclassic.com



ကြေးပြားဝိုင်းလေး၏ အစွန်းကတော့ မှတ်ကြီးကို ထင်ထင်ရှားရှားပင် ပြနေပြီဖြစ်သည်။ ဒိုင်လုပ်သူနှင့်အတူ အခြားထိုးသားများမှာလည်း မှတ်ကြီး ဝိုင်းအလယ်သို့ ချပြလိုက်သည့် ဖဲနှစ်ချပ်ကိုကြည့်ကာ စောစောက တစ်ချိန်လုံးသေနေသည့် အိမ်က ဒီတစ်ကြိမ် 'ကိုး'ဖြစ်နေသဖြင့် အံ့သြနေကြသည်။

မှတ်ကြီး၏ နားထဲတွင်လည်း ကိုဘဆောင် ပြောသွားသည့် စကားတွေကို ပဲ့တင်ထပ်ပြီး ပြန်ကြားနေမိသည်။

''ဒင်… ဒင်… ဒင်''

နာရီက ဆယ့်တစ်နာရီပင် ထိုးသွားပြီဖြစ်၏။ မှတ်ကြီးအတွက် အချိန်တွေက တဖြည်းဖြည်း စက္ကန့်နှင့်အမျှ ကျဉ်းမြောင်းလာနေသည်။

ဖဲဝိုင်းက နောက်တစ်ကြိမ် ပြန်စပြန်ပြီ…။

ဒီတစ်ခါတော့ မှတ်ကြီးက သူ့အိတ်ထဲမှ ပိုက်ဆံတွေကို ရေပင်မရေတွက်တော့ဘဲ ထိုးလိုက်၏။ အနည်းဆုံးတော့ လေးငါးခြောက်ကျပ်လောက်တော့ ရှိမည်ထင်၏။ ဒါကို ဒိုင်လုပ်သူက ဖဲသမားပီပီ ထပ်ဖြည့်ပြီး ထိုးနိုင်းနေပြန်သည်။

''ဘယ်လိုလဲ… ကိုယ့်လူ ထိုးစမ်းပါဗျ။ ကိုယ့်အိမ်က ဖဲပြန်တက်နေပြီပဲဥစ္စာ''

မှတ်ကြီးကလည်း အစကတည်း လောဘဇောတိုက်နေသူဖြစ်သဖြင့် နောက်ထပ် မူးစေ့နှစ်စေ့ကို ထပ်ဖြည့်ပြီး ထိုးလိုက်၏။ သူ့ခေါင်းထဲမှာလည်း တွေးခင်အတွက် မီးဖွားဖို့စရိတ်နှင့် ဝေးကြိမ်းကြိမ်းနေသည့် လူမိုက်မင်းဒင်တို့၏ အကြွေးတွေကို ပြန်ဆပ်နိုင်ဖို့သာ တွေးနေမိသည်။





ထိုအချိန်မှာပင် ဒိုင်လုပ်သူက ချိုးထားသောဖဲထုပ်ကို ကောက်ယူလိုက်ပြီး ထိုးသားတွေရှေ့သို့ တစ်ချပ်စီ စဝေပေးလိုက်သည်။ မှတ်ကြီးက ထိုဖဲချပ်ကို ချက်ချင်းလှန်မကြည့်သေးဘဲ နောက်လာမည့် ဖဲချပ်တစ်ချပ်ကို စောင့်နေ၏။ သို့သော် မြို့ပေါ်မှ ဆီစက်ပိုင်ရှင်က ငွေကြေးချမ်းသာပြီး ဒိုင်လုပ်သူပီပီ ဖဲကို ဆက်မဝေသေးဘဲ သူ့လွယ်အိတ်ထဲတွင်ထည့်ယူလာသည့် အကောင်းစားအရက်ပုလင်းကို ဓာတ်ရှင်မင်းသားတစ်ယောက်လို ဟန်ပါပါနှင့် ကောက်ပြီး မော့လိုက်၏။

ပြီးမှ နောက်ဖဲတစ်ချပ်ကို ဝေပေးလိုက်သည်။

ထိုအရက်ပုလင်းကို မြင်လိုက်ပြီးကာမှ မှတ်ကြီး၏ ပါးစပ်က ချဉ်စုတ်စုတ်နှင့်ဖြစ်လာပြီး နှုတ်ခမ်းကို လျှာဖြင့်သပ်ကာ တံတွေးတွေကို မျိုချနေရသည်။

ထို့နောက် မှတ်ကြီးက သူ့လက်ထဲသို့ရောက်လာသော ဖဲနှစ်ချပ်ကို တဖြည်းဖြည်းချင်း ပွတ်ပြီး ကြည့်လိုက်၏။ ဖဲကတော့ ထင်ထားသည့် အတိုင်းပင်… 'ကိုး'ဖြစ်နေသည်။

ယခုအချိန်အထိ ကစားပွဲငါးပွဲပင် နိုင်နေပြီဖြစ်သည်။ နောက်ထပ် သူ့အတွက် နိုင်ပွဲက လေးပွဲသာ ကျန်တော့၏။ မှတ်ကြီး၏ မျက်လုံးများမှာလည်း နံရံထောင့်မှ တချောက်ချောက်သွားနေသည့် နာရီလက်တံတွေပေါ်သို့သာ ကြည့်နေမိသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

သည်လိုနှင့် မုတ်ကြီး၏ဖဲမှာ အလှည့်တိုင်းလိုလို 'ကိုး'တွေ ချည်း ကျနေသဖြင့် ဒိုင်လုပ်သူက မသက်သာသလိုလိုပင် ဖြစ်လာ၏။

"ဒီမှာ ဟေ့လူ... ကျုပ်ကို တစ်မျိုးတော့ မထင်နဲ့ဗျာ။ ခင်ဗျား ပုဆိုးကို ထပြီး ခါပြစမ်းပါ"

မုတ်ကြီးကလည်း ရုတ်တရက်ကြားလိုက်ရသည့် ဒိုင်၏စကား ကြောင့်

"ဘာ... ခင်ဗျားက ကျုပ်ကို ဖဲခိုးပြီး ရိုက်တယ်လို့ ထင်နေ တာလား။ ဒီမှာကြည့်..."

တဖျန်းဖျန်းနှင့် လုံချည်ကိုထပြီး ခါပြလိုက်သည့် မုတ်ကြီးကို ဒိုင်လုပ်သူရော အခြားထိုးသားများကပါ ဝိုင်းကြည့်လိုက်ကြသည်။ သို့သော် မုတ်ကြီးထံမှ ဘာဖဲတစ်ချပ်မှ ထွက်ကျမလာသဖြင့် အားလုံး က နှုတ်ဆိတ်နေလိုက်ကြရသည်။

သည်လိုနှင့် မုတ်ကြီး၏ဖဲတွေက 'ခုနစ်'နှင့် 'နှစ်'ကျလိုက်၊ 'တစ်'နှင့်'ရှစ်'ကျလိုက်၊ 'ခြောက်'နှင့် 'သုံး'ကျလိုက် ကိုးဂဏန်းကို အမျိုးမျိုးလှည့်ပြီး ကျနေသည်မှာ ကိုးပွဲမြောက်သည့်အချိန်သို့ပင် ရောက် လာသည်။ ထိုအချိန်မှာပင် မုတ်ကြီး၏ မျက်လုံးတွေကလည်း နာရီပေါ်မှ ရွေ့လျားနေသော လက်တံတွေကို ကြည့်လိုက်မိ၏။





အချိန်က ဆယ့်နှစ်နာရီထိုးရန် မိနစ်ပိုင်းမျှသာ လိုတော့ သည်။

ထိုအချိန်အထိ...

ဖဲတွေကို တဖတ်ဖတ်နှင့် ကုလားဖန်ထိုးနေသော ဒိုင်လုပ်သူ ကို မုတ်ကြီး စိတ်မရှည်တော့...။ ဒီတစ်ကြိမ်ထိုးထားသည့် ငွေတွေက လည်း မုတ်ကြီး၏ရှေ့တွင် အပုံလိုက်ဖြစ်နေသည်။

သိပ်မကြာလိုက် ဒိုင်က ဖဲစပြီး ဝေတော့သည်။ ဆယ့်နှစ်နာရီ ထိုးလုထိုးခင်ဖြစ်နေသော မတ်တတ်သံစုံနာရီကြီးကို ကြည့်ကာ မုတ်ကြီး က လက်ဖဝါးနှစ်ဖက်ကို အချင်းချင်း မီးထွက်မတတ်ပွတ်ရင်း ရင်ထဲတွင် မနေတတ်၊ မထိုင်တတ် ဖြစ်နေ၏။

သူ့လက်ထဲသို့ရောက်လာသည့် ပထမဖဲတစ်ချပ်က ကိုးဂဏန်း ဖြစ်နေသည်။ သည်လိုနှင့် နောက်တစ်ထပ် ဖဲတစ်ချပ်ကို မုတ်ကြီးက ကပျာကယာ ရိုက်လှန်ချလိုက်စဉ်မှာပင်...

"ဒင်... ဒင်... ဒင်"

သံစုံနာရီကြီးက ဆယ့်နှစ်ချက်ထိုးသွားပြီ။ မုတ်ကြီးလှန်ပြထား သော ဖဲကလည်း ကင်းဖဲတစ်ချပ်နှင့် ကိုးဂဏန်းဖဲတစ်ချပ်။

ထိုအချိန်မှာပင် ဝေါခနဲ ပြုံကျလာသည့် ကျီးတစ်အုပ်က အသုဘအိမ်၏ ခေါင်မိုးပေါ်မှာ ဆူဆူညံညံတွေဖြစ်ကုန်သည်။

"ဟင်... ညကြီးမင်းကြီး ကျီးတွေက ဘာကိုမြင်လို့ လန့်ပြီး ပြုံကုန်တာပါလိမ့်"

ထိုအတွေးနှင့်အတူ မုတ်ကြီးက ကိုဘဆောင်၏ စကားတွေ ကို နားထဲမှာ ပြန်ကြားလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုးရက်တိတိနိုင်မယ်…၊ ကိုးဖဲနဲ့ပဲ နိုင်မယ်။ နေ့ဆယ့်နှစ်နာရီနဲ့ ညဆယ့်နှစ်နာရီကြားမှာ ကိုးပွဲပဲ ကစား။ နောက်တစ်ခုက ကစားပွဲပြီးတိုင်းမှာ မင်း အနိဋ္ဌာရုံတွေကို မြင်ရလိမ့်မယ်"

"ဟင်… အနိဋ္ဌာရုံတွေ မြင်ရမယ်ဆိုပါလား…"

ထို့နောက် မှတ်ကြီးက အလျော်ရသည့် ပိုက်ဆံတွေကို အကုန်လုံး သိမ်းကျုံးပြီး အိတ်ထဲသို့ထည့်ကာ ဖဲဝိုင်းမှထပြန်ရန် မတ်တတ်ရပ်လိုက်၏။ ဒိုင်လုပ်သူမှာ မှတ်ကြီး၏အမူအရာကို ကြည့်ရင်း…

"ဘယ်လိုလဲဗျ၊ အစောကြီးရှိသေးတယ်။ ခင်ဗျားက ပြန်တော့မလို့လား။ အဲဒီလိုတော့ အနိုင်နဲ့ပိုင်းလို့ မရဘူးလေ"

ဒိုင်လုပ်သူ၏ မကျေမနပ်နှင့်စကားကြောင့် မှတ်ကြီးက ခပ်ရင့်ရင့်လေသံနှင့် ပြန်ပြောလိုက်သည်။

"ဒါ မဆိုင်ဘူးလေ။ ခင်ဗျားက ဒိုင်၊ ကျုပ်က ထိုးသား ကျုပ်ဘာသာ ဘယ်အချိန်ရပ်ရပ် ခင်ဗျားနဲ့ မဆိုင်ဘူး။ အဓိကက ဝိုင်းထဲမှာ ကျုပ်ဖဲကို ခင်ဗျား နိုင်အောင်ကြည့်နိုင်ဖို့ပဲ"

"တောက်…"

ဒိုင်လုပ်သူက မှတ်ကြီး၏ မချေမငံစကားကြောင့် တောက်တစ်ချက် ခေါက်ကာ သူလွယ်အိတ်ထဲမှ ဓားမြှောင်တစ်ချောင်းကို လက်ခနဲ ဆွဲထုတ်ပြီး မတ်တတ်ထရပ်လိုက်သည်။

"ဟာ ဟော့လူတွေ နေ… နေကြပါဦးဗျာ"

"ကိုကျင်ဝမ်… ခင်ဗျား စိတ်ကို ထိန်းစမ်းပါ။ ပြီးတော့ အသုဘရှင်ကိုလည်း အားနာပါဦးဗျ"





ဘေးမှ ထိုးသားတွေက ကိုကျင်ဝမ်ဆိုသည့် မြို့ပေါ်မှ ဒိုင်ကို ဝိုင်းပြီး ဆွဲကြ၏။ ဖျောင်းဖျကြ၏။ မှတ်ကြီးကတော့ ထိုသူကို ဘာတစ်ခွန်းမှ ပြန်မပြောတော့ဘဲ ပါသမျှပိုက်ဆံတွေကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် အသုဘအိမ်ပေါ်မှ ပြန်ဆင်းလာခဲ့သည်။ သူ့စိတ်ထဲမှာလည်း ဘာမဟုတ်သည့်ပြဿနာကြောင့် ရန်စကားတွေ ဆက်မပြောချင်တော့။ သူ့အရင်က ရှုံးရှာခဲ့သည့် ကိုဘဆောင်၏ ကြေးပြားဝိုင်းလေးကို တရှုံ့ရှုံ့နှင့် နမ်းကာ လှည့်ပြန်လာခဲ့တော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်တွင် လရောင်က လယ်ကွက်တွေပေါ် ဖွေးဖွေးလှုပ် လှုပ်ကျနေ၏။ တစ်ချက်တစ်ချက် ဝေ့တိုက်လိုက်သော လေကလည်း ကွင်းပြင်ထဲတွင် အေးစိမ့်နေသည်။ အသုဘရှိရာ ရွာဘက်ဆီမှ ဆွဲဆွဲ ငင်ငင်ကြီး အူလိုက်သည့် ခွေးအူသံများကိုလည်း အတိုင်းသားပင် ကြားနေရသည်။

သိပ်မကြာလိုက်။ ခပ်သုတ်သုတ်လျှောက်ပြန်လာသည့် သူ့ ခြေလှမ်းတွေက လေးလံလာ၏။ ထို့နောက် ကန်သင်းရိုးဘေးမှ ညိုမှောင် အုံ့ဆိုင်းနေသော ကုက္ကိုပင်ကြီးတစ်ပင်အောက်တွင် ထိုင်ကာ အမောဖြေ ရင်း အပေါ်အင်္ကျီကိုချွတ်ကာ တစ်ကိုယ်လုံးမှ ချွေးတွေကို သုတ်ပစ်နေ ရ၏။

ထိုအချိန်မှ အင်္ကျီအိတ်ထဲတွင်ပါလာသည့် ငွေစတွေကိုလည်း ရေတွက်ကြည့်လိုက်မိသည်။ သူ့အတွက်ကတော့ တစ်ကြိမ်တစ်ခါမှ မရဘူးသော များပြားလှသည့် ငွေစတွေကြောင့် ကျေနပ်ပီတိတွေ ဖြစ်နေ မိသည်။

ထိုစဉ်မှာပင် လယ်ကွက်တွေဆီမှ တိုက်ခတ်လာသော လေ ကြောင့် ကုက္ကိုပင်ကြီးပေါ်မှ သစ်ရွက်သစ်ခက်များက တဖျတ်ဖျတ် လှုပ်ခတ်ကုန်ကြ၏။ ထိုအသံတွေကြားတွင်တော့ လေငြိမ်သွားသည့်တိုင် အောင် တကျွီကျွီနှင့် ယမ်းခါနေသော သစ်ကိုင်းတစ်ကိုင်း၏အသံကို ကြားလိုက်ရသည်။



“ကျွီ... ကျွီ... ကျွီ... ကျွီ”

မှတ်ကြီးက အသံလာရာဆီသို့ မော့ကြည့်လိုက်သောအခါ လရောင်အောက်တွင် အပင်ပေါ်မှ တန်းလန်းကျနေသော နွယ်ကြိုးကြီး တစ်ချောင်း ။ ထိုကြိုးမှ တွဲလောင်းကျနေသော အသားမည်းမည်းနှင့် ဖဲသမားဘော၏ ခန္ဓာကိုယ်ကြီးက လေထဲတွင် တလှုပ်လှုပ်နှင့် ဖြည်းညင်း စွာ လည်နေ၏။

“အား...”


နောက်သို့ ယိုင်သွားသော ခန္ဓာကိုယ်ကြီးနှင့်အတူ သွေးပျက် မတတ် အော်လိုက်သည့် မှတ်ကြီး၏အသံက တိတ်ဆိတ်နေသော လယ်ကွင်းပြင်ကျယ်ကြီးထဲမှာ ကျယ်ကျယ်လောင်လောင်ကြီး ဖြစ်သွား၏။ ထို့နောက် ပြိုလဲယိုင်နဲ့နေသော သူ့ခြေထောက်နှစ်ဖက်ကို အားယူကာ ကန်သင်းရိုးတွေ၊ လယ်ကွက်တွေကို ဖြတ်ကျော်ရင်း ဒရောသောပါးနှင့် ခြေကုန်သုတ်ပြီး ပြေးတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com









အခန်း ( ၈ )

နောက်တစ်နေ့မနက်တွင် မှတ်ကြီး အိပ်ရာမှ အတော်ကလေး နောက်ကျပြီးမှ နိုးလာသည်။ ခါတိုင်းဆိုလျှင် ယောက္ခမဖြစ်သူ ဒေါ်ဒေါင်းစိန်၏ ဆူပူကြိမ်းမောင်းသံတွေကြောင့် အိပ်ရာမှ မထချင်၊ ထချင် ထခဲ့ရသော်လည်း ဒီတစ်ခါတော့ ညက မှတ်ကြီး ရှာဖွေလာသည့် ငွေတွေကြောင့် ဒေါ်ဒေါင်းစိန်ရော ထွေးခင်ပါ တုတ်တုတ်မျှ မလှုပ်ကြဘဲ နှုတ်ဆိတ်နေကြသည်။

ဒါတင်မကသေး မိန်းမဖြစ်သူ ထွေးခင် ချက်ပြုတ်နေသည့် ကြက်သားနှင့် ဘူးသီး ကာလသားချက်ဟင်းနံ့က အိပ်ပျော်နေသည့် မှတ်ကြီးကို ညင်ညင်သာသာ ချော့နှိုးလိုက်သလို ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မုတ်ကြီးကတော့ မျက်စိနှစ်လုံးစပွင့်ပြီး နိုးလာသည်နှင့် ထိုနေ့အဖို့ ဖဲဝိုင်း ဘယ်မှာ ရှိနိုင်သလဲဆိုသည်ကိုသာ ဆေးပေါ့လိပ်ဖွာရင်း ထိုင်စဉ်းစားနေမိ၏။ နောက်ပြီး ကြေးပြားဝိုင်းလေး၏ ဒုတိယမြောက်နေ့ကိုလည်း ရင်ခုန်ရင်းနှင့် စိတ်ကူးယဉ်နေမိသည်။

ထိုအချိန်မှာပင် ရွာဦးကျောင်းမှ ဆွမ်းစားကြေးစည်သံဆယ့်တစ်ချက်ကို ကြားလိုက်ရသည်။ မုတ်ကြီးက သူ့ပခုံးပေါ်သို့ ရေလဲပုဆိုးစုတ်တစ်ထည်ကို လှမ်းတင်ရင်း ရေတွင်းဆီသို့ ထွက်လာခဲ့၏။ နေ့ချင်းညချင်းဆိုသလို ငွေနှင့် ကြေးနှင့်ဖြစ်သွားသော မုတ်ကြီး၏ လက်ထဲတွင် ဒီတစ်ခါတော့ ဆင်ချေးတုံးဆပ်ပြာမဟုတ်တော့ ...။ ဈေးကြီးပေးပြီးဝယ်ရသည့် ဘဲတံဆိပ်ဆပ်ပြာခဲနှင့် ဖြစ်နေလေပြီ ...။

''ဟေ့ ... မုတ်ကြီး ဘယ်လိုလဲကွ ... ရေချိုးသွားမလို့လား''

ရွာအလယ်လမ်းမကြီးအတိုင်း နွားနှစ်ကောင်ကို ရှေ့ဆင့်နောက်ဆင့် ဆွဲသွင်းလာသည့် ကျော်အေးက အသံဝါကြီးနှင့် လှမ်းနှုတ်ဆက်လိုက်၏။ ထို့နောက် သူ့ပါးစပ်ထဲတွင် ငုံထားသည့် ကွမ်းကို ဖွီခနဲ ထွေးထုတ်ပြီး မုတ်ကြီးကို ထပ်ပြောလိုက်ပြန်သည်။

''ငါ ဒီနေ့ ဗိုးတောရွာမှာ စပါးသွားကြိတ်မလို့ကွ။ နေတောင်အတော်မြင့်နေပြီ။ မင်းလိုက်ချင်ရင် လိုက်ခဲ့လေကွာ။ ဟိုမှာ စပါးကြိတ်တာစောင့်ရင်း ဝိုင်းကလေးဘာလေး တွေ့တော့လည်း ဝင်ရိုက်တာပေါ့ ...''

ကျော်အေးတို့ ဘတူတို့က ရွာတွင် မုတ်ကြီးနှင့်အတူ ဆိုးဖော်ဆိုးဖက်တွေ ဖြစ်သော်လည်း လယ်နှင့်၊ နွားနှင့် အိမ်ပိုင်ရှိသူတွေ ဖြစ်





ကြသည်။ သို့သော် မုတ်ကြီးလို ဖဲဝိုင်း၊ ကြက်ဝိုင်းတွေကို မိုးလင်းကမိုးချုပ် တကူးတက လိုက်ရှာပြီး လောင်းကစားကို မက်မက်မောမောရှိကြသူတွေ မဟုတ်။ အိမ်မှာ လုပ်စရာရှိသည့်အလုပ်တွေပြီးမှ ဖဲဝိုင်းကို ခြေဦးလှည့်ကြသူတွေ ဖြစ်သည်။

အလိုလိုမှ ဖဲဝိုင်းရှိရာနေရာကို ရှာဖွေနေသည့်မုတ်ကြီးမှာ ကျော်အေးစကားကြောင့် ပျာပျာသလဲနှင့် ...

''အေး ... လိုက်မယ်လေကွာ။ မင်း လှည်းတပ်ပြီး ငါတို့အိမ်ဘက်က ပတ်မောင်းလာခဲ့။ ငါစောင့်နေမယ် ...''

ကျော်အေးထွက်သွားသည်နှင့် မုတ်ကြီးမှာ ရေတွင်းမှရေကို ကပျာကယာခပ်ချိုးကာ ဆပ်ပြာပင် မတိုက်တော့ဘဲ လှည့်ပြန်လာခဲ့သည်။ နောက်ပြီး မကြာမီ ကြားရတော့မည့် ရွာဦးကျောင်းမှ နာရီဆယ့်နှစ်ချက်တီးသံကိုလည်း စိတ်စောပြီး နားစွင့်နေမိသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



တဂျုံးဂျုံး၊ တကျိမ်းကျိမ်းမြည်နေသည့်ဆန်စက်မှ ပန်ကာ ဒလက်တွေ၏အသံက နားကွဲလုမတတ် ဆူညံနေ၏။ လေးဖက်လေးတန် ကာရံထားသော သွပ်ပြားတွေကြောင့် ဆန်စက်ထဲတွင် စပါးခွံတွေ၊ ဖွဲမှုန့်တွေက ဖွေးဖွေးလှုပ်နေသည်။ ပေနှစ်ဆယ်ကျော်မြင့်သော စပါး ခွဲသည့် စင်၏အောက်တွင် မရပ်မနားလည်ပတ်နေသည့် ဘီးလုံးကြီး များကို သားရေဘတ်ကြိုးတွေက ဆွဲလှည့်နေသဖြင့် မီးခိုးတွေ၊ ညှော်နံ့ တွေကလည်း ထောင်းထောင်းထလျက်ရှိနေသည်။

ထိုဆန်စက်မှ အလုပ်သမားများမှာ စပါးခွဲသည့် စင်ပေါ်သို့ ကွေ့ကောက်သော လှေကားငယ်လေးမှ တက်ရင်း စပါးတောင်းတွေကို ထမ်းတင်ကာ ကြိတ်ခွဲသည့် ဆန်ခါကြီးထဲသို့ သွန်ချနေကြသည်။ ထိုသူ များအားလုံးမှာ ဖုန်မှုန့်၊ ဖွဲမှုန့်တွေ နှာခေါင်းထဲဝင်မှာစိုးသဖြင့် ခေါင်းမြီး ခြုံထားသော ပုဆိုးစနှစ်ဖက်ကို ပါးစပ်ဖြင့် စုကာ ကိုက်ထားကြ၏။

ကျော်အေးနှင့် မှတ်ကြီးမှာလည်း ထိုဆန်စက်ထဲသို့ ရောက် သည်နှင့် အလုပ်သမားတွေကဲ့သို့ပင် ပုဆိုးစကို ခေါင်းပေါ်ခြုံပြီး သူတို့ ၏ နှာခေါင်းများကို လက်ဖြင့်ပိတ်ကာထားမိသည်။ ဆန်စက်မှ အလုပ် သမားခေါင်းဖြစ်သူမှာ ကျော်အေးနှင့် မှတ်ကြီးကို တွေ့လိုက်သည်နှင့်





သူ့လက်ထဲတွင် ကိုင်ထားသော တာလီချောင်းတွေကို တခြားတစ်ယောက် ကို လှမ်းပေးလိုက်ပြီး အားရဝမ်းသာနှင့် လှမ်းအော်၏။

"ဟာ . . . မှတ်ကြီးနဲ့ ကျော်အေးတို့ပါလား။ အတော်ပဲ ဟေ့ . . . ဒီနေ့တော့ ဝိုင်းဖြစ်ပြီ။ မြို့ကပွဲစား ကိုသိန်းမောင် လည်း စောစောကပဲ ရောက်လာတယ်။ ပွဲကြီးပွဲကောင်းပဲ ဟေ့ . . ."

"ဟင် . . . ပွဲစားသိန်းမောင် ရောက်နေတယ်ဆိုပါလား ။ တွေ့ကြပြီပေါ့ . . ."

ကိုသိန်းမောင်ဆိုသည့်အသံကို ကြားရုံဖြင့် မှတ်ကြီး၏ သွေး တွေက ဆူလာသည်။ နောက်ပြီး ကျောရိုးထဲက စိမ့်ပြီးတက်လာသည့် ဖဲရိုက်ချင်သည့်စိတ်တွေက သူ့လက်ဖျားမှာ တဆတ်ဆတ်ပင် ခါမတတ် ဖြစ်နေ၏။ တစ်ချိန်တည်းမှာပင် မှတ်ကြီးက သူ့အင်္ကျီအိတ်ထဲတွင် အနည်းအကျဉ်းသော ကျန်တော့သည့် မနေ့က နိုင်ထားသော ငွေတွေနှင့် အတူ ကိုဘဆောင်၏ ကြေးပြားဝိုင်းလေးကိုလည်း လက်ဖြင့် အလိုလို စမ်းလိုက်မိ၏။

ထို့နောက် အလုပ်သမားခေါင်းဖြစ်သူက ဖဲဝိုင်းတည်မည့်နေရာ ဆီသို့ ရှေ့မှဦးဆောင်ပြီး ခေါ်သွား၏။ မှတ်ကြီးနှင့် ကျော်အေးမှာလည်း တဂျုံးဂျုံးလည်ပတ်နေသည့် ခွေးသွားစိပ်ဘီးလုံးကြီးများ ရေနွေးငွေ့သုံး ဘွိုင်လာအိုးကြီးများကြားမှ ကွေ့ဝိုက်ပြီး လိုက်သွားကြရသည်။

ကြိတ်ခွဲစင်အောက်သို့ ရောက်သောအခါ စပါးပွဲစားသိန်းမောင် ကို တွေ့လိုက်ရ၏။ ပွဲစားသိန်းမောင်ကလည်း ကျော်အေးနှင့် မှတ်ကြီး ကို မြင်လိုက်သည်နှင့် စားနေကျကြောင်ဖားတစ်ကောင်လို မျက်နှာချိုး



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသွားသည်။ မလှမ်းမကမ်းတွင် ဝါတာပရုဖ် အပြာစကြီးတစ်ခုကို စပါးခွံတွေအပေါ် ဖြန့်ခင်းထားပြီး အလယ်ကောင်တွင် တည်ထားသော ပန်းကန်ပြားတစ်ချပ်ကိုပါ အဆင်သင့်တွေ့လိုက်ရသည်။

''ကဲ ... လူစုံရင် ပွဲစမယ်ဟေ့ ။ လာကြကွာ ... မှတ်ကြီး တို့ ကျော်အေးတို့ ...''

အလုပ်သမားခေါင်းက မှတ်ကြီးတို့လိုပင် ဖဲရိုက်ရမည်ဆိုပါက ဘာအလုပ်မှ လုပ်ချင်ကိုင်ချင်စိတ်ရှိသူမဟုတ် ...။ အခုလည်း စပါးခွံတွေကြားတွင် ဝှက်ထားသည့် ချက်အရက်ပုလင်းကို ဖဲဝိုင်းလုပ်မည့်နေရာသို့ ယူလာပြီး ဖဲသမားတွေကို ဧည့်ခံနေပြန်သည်။

''နည်းနည်းချလိုက်ဦးဗျ ... ဒါမှ သွေးလေး ဘာလေး ပူသွားမှာ''

မှတ်ကြီးနှင့် ကျော်အေးမှာလည်း သူတို့ရှေ့သို့ ချပေးသော အရက်ပုလင်းထဲမှ အရက်ကို ရေပင် မရောဘဲ မော့သောက်လိုက်ကြသည်။

မှတ်ကြီးက ဖဲဝိုင်းပတ်ပတ်လည်တွင် ထိုင်နေကြသော ကိုသိန်းမောင်၊ ကျော်အေးနှင့် အလုပ်သမားခေါင်းဖြစ်သူတို့၏ မျက်နှာတို့ကို တစ်ချက်လှမ်းကြည့်ကာ ကိုဘဆောင်၏ ကြေးပြားလေးကို ပါးစပ်ထဲတွင် မသိမသာ ထည့်ငုံလိုက်သည်။

ထုံးစံအတိုင်း ငွေထုပ်ပိုက်ပြီး ရောက်လာသည့် ကိုသိန်းမောင်က ဒိုင်ကိုင်သူဖြစ်ပြီး ကျော်အေး၊ မှတ်ကြီးနှင့် အလုပ်သမားခေါင်း အပြင် ငါးအိမ်ပြည့်အောင် အခြားအလုပ်သမားတစ်ယောက်ကပါ အိမ်ဖြည့်ပြီး ဝင်ထိုးပေး၏။





ပွဲမစခင် ကုလားဖန်ထိုးနေသည့် ကိုသိန်းမောင်၏ လက်ထဲက ဖဲထုပ်က ဘယ်နှကြိမ်၊ ဘယ်နှလီ ရိုက်ထားသည့် ဖဲချပ်တွေမှန်းမသိ၊ နွမ်းဖတ်ဖတ်နှင့် ခါးလယ်ကပင် ကျိုးကြေနေပြီဖြစ်သည်။

''ကဲ ... မကြေပွဲရှိရင်တော့ အောလို့ရတယ်နော်။ စိတ်ပါ ရင် အိတ်မှာ ပါသလောက် ထိုး ...''

ကိုသိန်းမောင်က ကုလားဖန်ထိုးနေရင်း မှတ်ကြီး၏ မျက်နှာကို ကြည့်ကာ ခနဲ့သလို လှမ်းပြော၏။ မှတ်ကြီးကလည်း ခေသူ မဟုတ်။ ကိုသိန်းမောင် လွယ်ထားသည့် လွယ်အိတ်ကို သူ့လက်နှင့် လှမ်းပုတ်လိုက်၊ ရှေ့တွေ ချပြီး ထိုးထားသည့် သူ့ပိုက်ဆံတွေကို လက်နှင့် ပုတ်လိုက်ဖြင့် လာဘ်ခေါ်သလို မထီမဲ့မြင် လုပ်လိုက်သည်။ ထို့နောက် မှတ်ကြီးက ကိုသိန်းမောင်လက်မှ ပတ်ထားသော လက်ပတ်နာရီကို မသိမသာ လှမ်းကြည့်လိုက်၏။

အချိန်က ဆယ့်နှစ်နာရီထိုးရန် စက္ကန့်ပိုင်းမျှသာ လိုတော့သည်ဟု ထင်မိလိုက်သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



တဝေါ်ဝေါ် တဂျုံးဂျုံးမြည်နေသော ဆန်စက်လည်သံတွေ ကြားတွင် ကိုးဟု အော်လိုက်သံတွေ၊ တောက်ခေါက်သံတွေက ဆူညံနေ၏။ ကိုသိန်းမောင်မှာလည်း အခြားအိမ်တွေကိုသာ အလှည့်တိုင်းစားနေရသော်လည်း မှတ်ကြီးကိုတော့ ပုံမှန်လျော်နေရသဖြင့် မကျေမနပ်ဖြစ်နေ၏။ မှတ်ကြီး၏ ဖဲတွေကလည်း လေးဖဲနှင့် ငါးဖဲကျလိုက်၊ ကိုးဖဲနှင့် ဆယ်ဖဲတွေကျလိုက်၊ ကိုးဂဏန်းကို အမျိုးမျိုးလှည့်ပြီး ကျနေသည်။

ထိုသို့ အလှည့်တိုင်းလိုလို ကိုးတွေချည်းကျနေသည့် မှတ်ကြီး၏ ဖဲကို ဒိုင်လုပ်သူကိုသိန်းမောင်ပင် အံ့ဩနေသည်မဟုတ်. . .။ သူနှင့် အတူပါလာသည့် ကျော်အေးပင် မှတ်ကြီးကို မယုံသင်္ကာဖြစ်လာ၏။

မှတ်ကြီးက သူ့ဘေးတွင် ထောင်ထားသည့် အရက်ပုလင်းထဲမှ အရက်ကို ရေမရောဘဲ တဂွတ်ဂွတ် မော့သောက်လိုက်ရင်း ကိုသိန်းမောင် ဝေပေးလိုက်သည့် ဖဲနှစ်ချပ်ကို ကောက်ကိုင်ပြီး ကြည့်လိုက်၏။ ရီဝေဝေဖြစ်နေသော သူ့မျက်လုံးတွေက လက်ထဲမှ ဖဲပွင့်တွေကိုပင် ထင်ထင်ရှားရှား မမြင်ရတော့။ တစ်ခါတစ်ခါ 'ခြောက်'ဖဲနှင့် 'သုံး'ဖဲ ကျလျှင်ပင် သူ မပေါင်းတတ်တော့လောက်အောင် မူးနေသည်။





သူ့အတွေးတွေထဲမှာလည်း ယခုကစားနေသည့်ပွဲမှာ ဘယ်နှပွဲမြောက်တွေ ဖြစ်နေပြီမှန်း မသိတော့။ သူ့လိုပင် ကျော်အေးနှင့် အလုပ်သမားခေါင်းဆိုသူမှာလည်း လျော်ရသည့်အလှည့် လျော်ရ၊ စားရသည့် အလှည့် စားရနှင့် အရက်တွေကိုသာ ဖိသောက်နေကြသည်။

ဒီတစ်ခါတော့ မှတ်ကြီးထိုးထားသည့် ငွေစတွေက မနည်း။ ထိုငွေတွေကို ကြည့်ပြီး ဒိုင်လုပ်သူကိုသိန်းမောင်က မှတ်ကြီး၏ စိတ်ကို မခံချင်အောင် ဆွပေးနေပြန်သည်။

''ဘယ်လိုလဲဗျ။ ဒီလောက်နိုင်ထားတဲ့ ငွေတွေက အများကြီး . . . ထိုးတော့လည်း တို့ခနန်း၊ ဆိတ်ခနန်းနဲ့''

ထောင်းခနဲဖြစ်သွားသော မှတ်ကြီးက သူ့အိတ်ထဲမှ ငွေစတွေကို လက်ဖြင့် ဆုပ်ယူပြီး ထပ်ဖြည့်ထိုးလိုက်၏။

သူ့အင်္ကျီအိတ်ကပ်ထဲတွင် ငွေစတွေက များများစားစားမကျန်တော့ . . .။ မူးမူးရူးရူးနှင့် ယိမ်းထိုးနေသော မှတ်ကြီး၏ မျက်နှာပေါ်မှာလည်း အဆီတဝင်းဝင်းနှင့် ဖြစ်နေ၏။

''ကဲ . . . ဖဲ စဝေမယ်နော်။ လက်တွေရှောင်''

ထိုအချိန်မှာပင် ကိုသိန်းမောင်က ဖဲချပ်တွေကို တစ်ယောက်စီ ဝေပြန်သည်။ မှတ်ကြီးက ဝေသော ဖဲနှစ်ချပ်ကို သေချာပေါက်ကိုးမှန်းသိနေကာ ကြည့်ပင် မကြည့်တော့ဘဲ လှန်ချပြလိုက်၏။

''ကိုး . . .''

လျှာလေးအာလေးနှင့် ကိုးဟု အော်လိုက်သံနှင့်အတူ မှတ်ကြီးလှန်ပြလိုက်သော ဖဲနှစ်ချပ်ကို ကြည့်လိုက်ရာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘယ်မှာလဲ ကိုး။ မင်းဖဲ တစ်ချပ်က ခုနစ်၊ တစ်ချပ်က သုံး။ ဘူလေကွာ။ ဟားဟားဟား ..."

မှတ်ကြီးက သူမျက်လုံးတွေကို လက်ဖြင့် ပွတ်သပ်ပြီး ဖဲတွေကို ကြည့်လိုက်၏။ အမှန်တကယ်ပင် မှတ်ကြီး၏ ဖဲနှစ်ချပ်က ခုနစ်ဖဲနှင့် သုံးဖဲ ဖြစ်နေသည်။

ဒိတ်ခနဲ တိုးဆောင့်သွားသော နှလုံးခုန်သံကြောင့် မှတ်ကြီး သောက်ထားသည့် အရက်တွေပင် ဘယ်ဆီရောက်သွားမှန်း မသိ ...။ နောက်ပြီး သူ့နှုတ်ခမ်းတွေက ထိုဖဲနှစ်ချပ်ကို ကြည့်ရင်း တဆတ်ဆတ် တုန်ယင်နေ၏။

တစ်ချိန်တည်းမှာပင် ...

မှတ်ကြီး၏လက်တစ်ဖက်က သွေးရူးသွေးတန်းနှင့် နောက် ဖဲတစ်ချပ်ကို အလယ်ပန်းကန်ပြားထဲမှ လှမ်းပြီး ဆွဲယူလိုက်၏။ ကိုသိန်းမောင်က မှတ်ကြီး၏ လက်ကို လှမ်းတားရင်း ...

"မဆွဲနဲ့တော့ ကိုယ့်လူ ... ကျုပ်ဖဲက ကိုးဖြစ်နေပြီ ..."

တစ်ဝိုင်းလုံးမှ လူများကလည်း ကိုသိန်းမောင် ပြထားသော ကိုးဖဲကို ကြည့်ကာ ပါးစပ်အဟောင်းသားတွေနှင့် ဖြစ်ကုန်ကြသည်။

မှတ်ကြီး၏ အသိစိတ်တွေက ဝေဝါးနေရာမှ ပြီးဆုံးသွားခဲ့သည့် ကစားပွဲအရေအတွက်ကို ပြန်စဉ်းစားကြည့်လိုက်မိသည်။

"တစ်ပွဲ ... နှစ်ပွဲ ...၊ ဟာ ...၊ ဒီ ... ဒီ အလုည့်ဟာ ဆယ်ပွဲမြောက်အလှည့်ပဲ ... သွားပြီ ငါ့ငွေ ... ငွေတွေ ..."

ထိုအတွေးနှင့်အတူ မှတ်ကြီး၏ တုန်ယင်နေသော လက် တစ်ဖက်က အင်္ကျီအိတ်ထဲမှ ငွေစအချို့ကို ကပျာကယာ ပြန်ပြီး





ရေတွက်ကြည့်လိုက်၏။

"ဟင် ... ငါ့အတွက် နောက်ထပ် ကစားဖို့ အရင်းအနှီးက နှစ်ဆယ် ... အစိတ်လောက်ပဲ ကျန်ပါတော့လား ..."

မှတ်ကြီး၏ ယောက်ယက်ခတ်နေသော အမူအရာကို ကြည့် ကာ ပွဲစား ကိုသိန်းမောင်က ...

"ကိုးပွဲတိတိ ငါ အလျော်ပေးလိုက်ရတဲ့ ပိုက်ဆံတွေက ပြန်ရ တော့လည်း တစ်ချီတည်းနဲ့ မနည်းပါလားကွ ...။ ဟား .. ဟား ဟား ..."

ကိုသိန်းမောင်၏ ရယ်သံတွေက တဂျုံးဂျုံးမြည်နေသည့် စက်သံတွေကိုပင် လွှမ်းမတတ် ကျယ်လောင်သွားသည်။

ထိုစဉ်မှာပင် ...

"ဒုန်း ... ဒုန်း ... ဂျုံး ... အုံး ..."

"အား ..."

ကျယ်လောင်သော မြည်သံကြီးနှင့်အတူ စပါးခွံစင်ပေါ်တက် သည့် လှေကားပေါ်မှ အလုပ်သမားတစ်ယောက် ပြုတ်ကျလာပြီး အလျင်မပြတ် လည်ပတ်နေသည့် ပန်ကာဒလက်ကြားထဲသို့ သူ့ဦးခေါင်း က စိုက်ဝင်သွား၏။

"ဟင် ..."

"ဟာ ..."

"လုပ်ကြပါဦး ... သေ ... သေပြီ ..."

အော်သံဟစ်သံတွေနှင့်အတူ မှတ်ကြီးတို့ ဖဲဝိုင်းပေါ်သို့ စပါးခွံ တွေ ဖွေးခနဲ ကျလာပြီး ထိုစပါးခွံတွေကြားတွင်တော့ သွေးအစင်းလိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသော ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုက ဘောလုံးတစ်လုံးလို လိမ့်ကျလာ၏။

"ဘုတ် ..."

"အား ..."

"အမလေး ..."

မှတ်ကြီးနှင့်အတူ တစ်ဝိုင်းတည်း အတူထိုင်နေကြသော ဖဲသမားများအားလုံးမှာ သွေးသံရဲရဲနှင့် ဆံပင်အမျှင်မျှင် အထွေးထွေး ကပ်ငြိနေသော ထိုကိုယ်ခန္ဓာအစိတ်အပိုင်းကြီးကို ကြည့်ကာ သွေးပျက်မတတ် အော်ဟစ်လိုက်ကြသည်။

"ငါ ... ငါ အခုလို ကစားပွဲပြီးတိုင်း အနိဋ္ဌာရုံတွေ မြင်နေရတာ ဒီတစ်ကြိမ်ပါနဲ့ဆို နှစ်ကြိမ်ရှိပြီ။ ပထမတစ်ခါက ကြိုးဆွဲချသေနေတဲ့ ဖဲသမား ဘောရဲ့ အလောင်း၊ အခုလည်း ဆန်စက်က အလုပ်သမား ... ဒီအတိုင်းသာဆိုရင် ကိုဘဆောင် ပြောသလို ကစားပွဲပြီးတိုင်းမှာ ငါ ... အနိဋ္ဌာရုံတွေပဲ မြင်နေရတော့မှာလား ..."

မှတ်ကြီး၏ အတွေးတွေက ချောက်ချားတုန်လှုပ်လာနေသည်။ ပြီးတော့ နောက်ထပ်ကစားရမည့် ကစားပွဲတွေအတွက် အနည်းအကျဉ်းသာ ကျန်တော့သည့် အိတ်ထဲမှ ငွေတွေကြောင့် သောကတွေနှင့် ဗလောင်ဆူနေတော့သည်။

❑







အခန်း ( ၉ )

ဆောင်းဦးပေါက်၏ ညနေဆည်းဆာက ခါတိုင်းထက် စောစီးစွာ ညဝတ်လွှာရုံကို ဖြန့်ထား၏။ နှင်းမှုန်မြူခိုးတိမ်ငွေ့တွေက ရိတ်သိမ်းပြီးစ လယ်ကွင်းတွေပေါ် ဝိုးသား ဝွမ်းစိုင်တွေလို ဝေ့ဝဲနေကြသည်။ ထိုသို့ဝေ့ဝဲနေသော မြူခိုးပြာပြာတွေကြားတွင် ပျံလွှားငှက်တွေက လူးလာခေါက်တုံ့ ဝဲပျံနေကြပြီး ဟိုမှ ဒီမှ ကြားနေရသော ပုရစ်သံတွေက စီစီညံနေလျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီရိုးပြတ်တွေ၊ လယ်ကွင်းပြင်ကျယ်ကြီးတွေကို ဖြတ်လျှောက်လာခဲ့မိသည်မှာ မှတ်ကြီးအဖို့ ခြေပင် တိုစပြုလာပြီဖြစ်သည်။ ဒီတစ်ခါချိန်းပွဲက သူတို့ရွာနှင့် အနည်းငယ် အလှမ်းဝေးပြီး ရှေးဟောင်းဘုရားအပြိုအပျက်တွေရှိသည့်နေရာကို တကူးတကရှာဖွေပြီး ဖဲဝိုင်းလုပ်ရသည်မှာ ပုလိပ်အင်စပက်တော်တွေ၊ ရာဇဝတ်အုပ်တွေက ခိုးသားဓားပြတွေ၊ လောင်းကစားဝိုင်းတွေကို ပြတ်ပြတ်သားသား နှိပ်ကွပ်ဖမ်းဆီးနေပြီဟူသော သတင်းကြောင့်ပင် ဖြစ်သည်။

"ဟူး . . ."

မှတ်ကြီးက သက်ပြင်းတစ်ချက်ကို လေးလေးကန်ကန်ချရင်း သူတို့အချိန်းအချက်လုပ်ထားရာ နေရာဆီသို့ လှမ်းကြည့်လိုက်၏။

ညောင်ပင်ကြီးများ၊ ကုက္ကိုပင်ကြီးများ အုံ့ဆိုင်းနေသော ထိုနေရာမှာ ရှေးဟောင်းဘုရားအပြိုအပျက်တွေ ရှိနေပြီး တစ်ချိန်က ဝံ့ဆန်ကျပြီး ပြိုကျပျက်စီးသွားသည့်ဇရပ်အိုပျက်ကြီးက ခေါင်မိုးများမရှိတော့ဘဲ အုတ်နံရံအကျိုးအပျက်များသာ ကျန်တော့သည်ကို တွေ့ရသည်။ အုတ်သားအင်္ဂတေတို့ဖြင့် ထုဆစ်ထားသော ဗုဒ္ဓရုပ်ပွားတော်ကြီးများမှာလည်း နှစ်ကာလတွေ ကြာညောင်းလာသည်နှင့်အမျှ ညောင်မြစ်တွေ၊ နွယ်ကြိုး၊ နွယ်မျှင်တွေကြောင့် ပင်ကြားကွဲအက်လျက်ရှိနေသည်။

ဒီတစ်ခါ မှတ်ကြီးနှင့် ချိန်းထားသည့် ဖဲသမားတွေက သူတို့ရွာနီးချုပ်စပ်ရွာများမှ ဒိတ်ဒိတ်ကြဲ ဖဲသမားများ ဖြစ်ကြပြီး ဒိုင်လုပ်သူမှာ ငွေအမြောက်အမြား ကိုင်ကာ ထိုးသားတွေအပေါ် အမြဲအနိုင်ကျင့်ဆက်ဆံတတ်သည့် စပါးပွဲစား ကိုသိန်းမောင်ပဲ ဖြစ်သည်။ မှတ်ကြီးကလည်း ကိုသိန်းမောင် ဒိုင်ကိုင်သည့် ဖဲဝိုင်းကို တမင်စုံစမ်းပြီး သူ့အတွက် မကျေပွဲနွှဲဖို့ အမြဲတမ်း စဉ်းစားနေသူ ဖြစ်သည်။

အထူးသဖြင့် အခုလို တတိယမြောက်နေ့တွင် ခါတိုင်းလို အရက်သေစာ မသောက်စားထားဘဲ ကိုသိန်းမောင်ထံမှ ပိုက်ဆံကို အနိုင်နှင့် သိမ်းယူဖို့ လမ်းတစ်လျှောက်လုံး စိတ်ကူးယဉ်လာခဲ့၏။

တစ်ခါတစ်ခါ မှတ်ကြီး၏ စိတ်တွေက ပွဲစားကိုသိန်းမောင်လို ငွေကြေး အမြောက်အမြားချမ်းသာချင်သည်။ နောက်ပြီး သူ့လိုပဲ အရင်းအနှီးများများနှင့် ဒိုင်ကိုင်ချင်သည်။ သို့သော် အခုချိန်ထိ သူ့လက်ထဲတွင် ဖဲနိုင်ခဲ့သည့်ပိုက်ဆံက ဟုတ်တိပတ်တိမရှိ။ ရသည်နှင့် ပြန်ကုန်ရသည်က များသည်။ အခုလည်း မနေ့က မူးမူးရူးရူးနှင့် ကုန်ခဲ့ရသည့် ငွေတွေကြောင့် အရင်းတည်စရာ ပိုက်ဆံက သူ့အိတ်ထဲတွင် နှစ်ဆယ်၊ အစိတ်ခန့်သာ ရှိတော့သည်။

"ဘယ်လိုလဲ . . . ဒီနေ့တော့ ခုနစ်ဖဲနဲ့ သုံးဖဲပေါင်းရင် ဘာလဲဆိုတာ အိမ်မှာ ကျက်ခဲ့ရဲ့လား . . . ဟား ဟား . . ."

မှတ်ကြီး ထိုနေရာသို့ရောက်သည်နှင့် ကိုသိန်းမောင်က မချေမငံစကား လှမ်းပြောလိုက်၏။

ထောင်းခနဲဖြစ်သွားသော မှတ်ကြီး၏စိတ်က ကိုသိန်းမောင်၏ စပ်ဖြီးဖြီးမျက်နှာကြီးကို ဘောလုံးတစ်လုံးလို ပြေးပြီး ကန်ပစ်လိုက်ချင်သည်။ နောက်ပြီး အတန်းပညာကို အနည်းအကျဉ်းသာ တတ်သည့် မှတ်ကြီးအတွက် ကိုသိန်းမောင်၏စကားက အနာပေါ် တုတ်ကျသလို အခံရခက်သွား၏။

မှတ်ကြီးက . . .







www.burmeseclassic.com

www.burmeseclassic.com



“ဒီမှာ ကိုသိန်းမောင် ... ခင်ဗျားကိုယ် ခင်ဗျား ပွဲတိုင်း နိုင်တယ်ဆိုပြီး သိပ်လည်း ဟုတ်လှပြီ ထင်မနေနဲ့ ...။ ကျုပ် အဲဒီနေ့က အရမ်းမူးနေလို့ အကြည့်မှားသွားတာ။ နို့မို့ဆို .. ခင်ဗျား အခုအချိန်မှာ စားရမဲ့သောက်ရမဲ့ဘဝတောင် ဖြစ်နေ လောက်ပြီ”

မှတ်ကြီး၏စကားကို ကိုသိန်းမောင်က ဘာတစ်ခွန်းမှ ပြန် မပြောဘဲ ဖဲဝိုင်းလုပ်မည့်နေရာထိုင်ခင်းကိုသာ ပြင်ဆင်နေ၏။

မှောင်ရီပျိုးစဖြစ်နေသည့်ပတ်ဝန်းကျင်က သူတို့ကစားဝိုင်း လုပ်မည့် ဘုရားပြို ဘုရားပျက်တွေကြားတွင် ပိုပြီး မှောင်မိုက်နေသည်။ ဘေးပတ်ပတ်လည်မှ ကာရံထားသော အုတ်ရိုးအုတ်တိုင်အပြိုအပျက် တွေနှင့် အုံ့ဆိုင်းနေသော ညောင်ပင်ကြီးများ၊ ချုံနွယ်ပိတ်ပေါင်းများ ကြောင့် မှတ်ကြီးတို့၏ ကျိတ်ဝိုင်းမှာ ပိုပြီး လုံခြုံသလိုလည်း ရှိနေ၏။ ပြီးတော့ ဖဲဝိုင်းဘေးတွင် ထွန်းညှိထားသည့် ကညင်ဆီမီးတိုင်၏ အလင်း ရောင်က အပြင်သို့ ဖိတ်လျှံမထွက်ဘဲ ရှိနေသဖြင့် ကင်းလှည့်ပုလိပ်တွေ ဘယ်နည်းနှင့်မှ သတိထားမိမည် မဟုတ်ချေ။

ထို့နောက် ... မှတ်ကြီးနှင့်အတူ ထိုးသားများအားလုံးမှာ ကညင်ဆီမီးတိုင်၏ အလင်းရောင်အောက်တွင် ဝိုင်းဖွဲ့ထိုင်လိုက်ကြ သည်။ ဒိုင်လုပ်သူ ကိုသိန်းမောင်မှာလည်း ငွေသံတချွင်ချွင်နှင့် သူ့ လွယ်အိတ်ကို တင်ပလ္လင်ခွေအတွင်းသို့ ထိုးထည့်လိုက်ပြီး ဖဲထုပ်ကို ကုလားဖန်ထိုး ရောမွှေလိုက်သည်။

❑







ပွဲစသည်နှင့် မှတ်ကြီး၏စိတ်က သူ့အိတ်ထဲတွင် ပါသမျှ ပိုက်ဆံအကုန်လုံး ယုံယုံကြည်ကြည်နှင့်ချပြီး ထိုးပစ်လိုက်ချင်သည်။ သို့သော် ... သူ့ပါးစပ်မှာ ငုံထားသော ကိုဘဆောင်၏ ကြေးပြားဝိုင်း လေး၏အစွမ်းက ရှေ့တွင် ကစားခဲ့သည့် ပွဲနှစ်ပွဲလို မဟုတ်ဘဲ တစ်ခုခု ချွတ်ချော်တိမ်းပါးသွားမှာကိုလည်း စိုးရိမ်နေမိသည်။

“ငါ ဒီပိုက်ဆံတွေ အကုန်လုံး ချထိုးလိုက်တာတော့ ဟုတ် ပါပြီ ... မတော်လို့များ ကိုဘဆောင်ရဲ့ကြေးပြားလေးက ဒီတစ်ခါမှ ..”

ထိုအတွေးနှင့်အတူ ...

မှတ်ကြီးက သူ့လက်ထဲမှာ အုပ်ကိုင်ထားသော ငွေစတချို့ကို အင်္ကျီအိတ်ထဲသို့ ပြန်ထည့်လိုက်သည်။ သို့သော် သူ့အတွေးတွေကတော့ ချီတုံချတုံဖြစ်နေဆဲ ...။

“ဒီကြေးပြားလေးက ကိုဘဆောင်ပြောသလို ကစားသမျှ ပွဲ တိုင်း နိုင်နေတာပဲ ...။ ငါ ဘာဖြစ်လို့ တွန့်ဆုတ်နေရမှာ လဲ ...။ ဒီအချိန်မှာ နိုင်မယ်မှန်းသိရက်နဲ့ ငွေများများ မထိုး ဘဲ နေလိုက်ရင် ငါ့လောက်မိုက်တဲ့သူရှိမှာ မဟုတ်ဘူး ...။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်. . . ငါ့မှာပါသမျှ အကုန်အောထိုးပစ်ရမယ် . . .''

မှတ်ကြီးက စိတ်ကို ဒုံးဒုံးချကာ သူ့အိတ်ထဲတွင်ပါသမျှ ပိုက်ဆံတွေ အကုန်လုံးကို ချပြီး ထိုးလိုက်၏။ ထိုစဉ်မှာပင် . . .

''ကဲ . . . ဖဲစဝေမယ်။ အားလုံး 'ဆ'နဲ့ ထိုးတာချည်းပဲနော်။ 'ဆ'မဟုတ်ရင် ကြိုပြော . . .''

ပြောပြောဆိုဆို ကိုသိန်းမောင်က ဖဲကို စပြီး ဝေလိုက်၏။ မှတ်ကြီးက တကယ်တမ်းသာ သူ့ဖဲက ဆနှင့် ဒိုင်ကို လျော်ရလျှင် ထပ်ဖြည့်ပေးစရာ ပိုက်ဆံက သူ့မှာ မရှိတော့။ ကိုတခဆောင်၏ ကြေးပြားဝိုင်းလေးကိုသာ ယုံယုံကြည်ကြည်နှင့် အားကိုးပြီး ရှိသမျှ ပိုက်ဆံကို မိုက်မိုက်ကန်းကန်းနှင့် ထိုးပစ်လိုက်သည်။

ထို့နောက် မှတ်ကြီးက ကိုသိန်းမောင် ဝေပေးလိုက်သည့် ပထမဖဲတစ်ချပ်ကို လက်တစ်ဖက်ဖြင့် အုပ်မိုးကာရင်း ချောင်းမြောင်း ငုံ့ကြည့်လိုက်၏။

ထိုဖဲက . . . စပိတ်တစ် . . .။

အလှည့်တိုင်း ကိုးနှင့် နိုင်မည်ဟု သိနေသော်လည်း ဒီတစ်ကြိမ် ကစားရသည့်ဖဲက မှတ်ကြီးအဖို့ ရင်တလှပ်လှပ်ခုန်စရာပင်။

ထိုစဉ်မှာပင် နောက်ထပ် ဖဲတစ်ချပ်ကို ကိုသိန်းမောင်က ဝေပေးလိုက်ပြန်သည်။ မှတ်ကြီးက နောက်မှရောက်လာသော ဖဲကို စပိတ်တစ်ဖဲပေါ်သို့ မှောက်ပြီး တင်လိုက်၏။ ထို့နောက် . . . တုန်ယင်နေသော သူ့လက်နှစ်ဖက်ဖြင့် ဖြည်းဖြည်းချင်း ပွတ်ပြီး ကြည့်လိုက်စဉ် ကိုသိန်းမောင်၏ ကျယ်ကျယ်လောင်လောင် အော်လိုက်သံကြီးကို ကြားလိုက်ရသည်။





''ကိုး . . . ကိုးကွ''

''ဖြောင်း . . .''

''ဟင် . . .''

ဖျတ်ခနဲ လှန်ပြလိုက်သော ကိုသိန်းမောင်၏ ဖဲနှစ်ချပ်မှာ တစ်ချပ်က ညှင်းရှစ်ဖြစ်နေပြီး နောက်တစ်ချပ်က ဒိုင်းမွန်းတစ်ဖြစ်နေသည်။

ချက်ချင်းဆိုသလို မှတ်ကြီး၏ နားထင်ရင်းမှ ချွေးသီးချွေးပေါက်တွေက ဝေါခနဲ ပြိုကျလာသည်။ တကယ်တမ်းသာ သူ့လက်ထဲမှ နောက်ထပ် တက်လာသည့် ဖဲတစ်ချပ်က ရှစ် မဖြစ်ခဲ့လျှင် . . . ဆိုသည့်အတွေးနှင့် ရင်တစ်ခုလုံး မွန်းကျပ်နေ၏။

ထို့နောက် မှတ်ကြီးက လက်ထဲမှ ဖဲနှစ်ချပ်စလုံးကို ဖြည်းဖြည်းချင်း ကြည့်ကာ ရွှတ်ခနဲ နမ်းလိုက်ပြီး ဝိုင်းအလယ်သို့ လှန်ချပြလိုက်သည်။ နောက်ထပ် တက်လာသည့်ဖဲက စပိတ်ရှစ် . . .။

''ကိုး . . .၊ နှစ်ဆကိုး . . .''

ဝမ်းသာလွန်း၍ ထပြီး အော်လိုက်သည့် မှတ်ကြီး၏ အသံက အုတ်နံရံအပြိုအပျက်တွေမှ ပဲ့တင်ထပ်ပြီး ပြန်ကြားလိုက်ရသည်။

ချက်ချင်းပင် သုန်သုန်မှုန်မှုန်ဖြစ်သွားသော ကိုသိန်းမောင်က မှတ်ကြီး၏ ဖဲနှစ်ချပ်ကို ကြည့်ရင်း တောက်တခေါက်ခေါက်နှင့် ဖြစ်နေသည်။ နောက်ပြီး ကိုးချင်းအတူတူ မှတ်ကြီး၏ ဖဲက စပိတ်တစ်ပါပြီး ကိုးဖြစ်နေသဖြင့် ကိုသိန်းမောင်မှာ မချိတင်ကဲနှင့် နှစ်ဆ အလျော်ပေးလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလိုက်တဲ့ဖဲကွာ ...။ ဒိုင်က ကိုးကျနေတာတောင် နှစ်ဆနဲ့ အလျော်ရတယ် ..."

"အေးလကွာ ... ငါတို့ဖဲနဲ့တော့ ကွာပ ..."

ဒိုင်အစားခံလိုက်ရသည့်အခြားဖဲသမားများမှာလည်း မှတ်ကြီး၏ ဖဲကို ကြည့်ကာ မစားရဝမန်း တီးတိုးပြောဆိုနေကြသည်။ မှတ်ကြီးကတော့ သူ့ပါးစပ်ထဲတွင် ငုံထားသည့် ကွမ်းယာပိုင်း၏ အစွမ်းကို တစ်စထက် တစ်စ ပိုပြီး အားကိုးလာသည်။ နောက်ပြီး မရှိမဲ့ရှိမဲ့ ပိုက်ဆံကို တစ်ချီတည်းနှင့် အကုန်ချထိုးလိုက်မိသည့် မိုက်မိုက်ကန်းကန်း သတ္တိကြောင့် သူ့ကိုယ်သူပင် ကျိတ်ပြီး ချီးကျူးနေမိသည်။

❑





ညက တဖြည်းဖြည်းနှင့် တိတ်ဆိတ်စပြုလာ၏။ စောစောက တစ်ချိန်လုံး ဆူဆူညံညံနှင့် အိပ်တန်းတက်ရန် ပြင်နေကြသော ကျီး တစ်အုပ်ထဲမှာလည်း မှတ်ကြီးတို့ ဖဲဝိုင်းအပေါ်မှ ညောင်ပင်ကြီးပေါ် တွင် ငြိမ်သက်နေကြပေပြီ။

တရှဲရှဲ တဖတ်ဖတ်နှင့် လေတိုက်တိုင်း လှုပ်ခတ်နေကြသော ညောင်ရွက်တွေက တိတ်ဆိတ်နေသော ဒီနေရာဝန်းကျင်တစ်ပိုက်လုံး ကို ခြောက်လှန့်နေသလို ဖြစ်နေ၏။ နှစ်ပေါင်းများစွာကတည်းက ခုတ် ထွင်ရှင်းလင်းမည့်သူ မရှိသော မြက်ပင်ချုံနွယ်တွေကလည်း အုတ်နံရံ အပြိုအပျက်တွေပေါ်မှာ ပေါက်ချင်တိုင်း ပေါက်နေပြီး အောက်သိုးသိုး အနံ့ကြီးက ဆိုးဆိုးရွားရွား နံစော်နေသည်။

မှတ်ကြီးက သူ့လက်ထဲမှ ဖဲနှစ်ချပ်ကို လက်ဝါးတစ်ဖက်ပေါ် သို့ လှန်ပြီး ရိုက်ချလိုက်၏။

"ဖြောင်း ..."

"ကိုး ... ပဲ ... နှစ်ဆကိုး"



www.burmeseclassic.com

www.burmeseclassic.com



အလှည့်တိုင်းလိုလိုကြားနေရသော မှတ်ကြီး၏ ကိုးဟု အော်သံကြောင့် ဒိုင်လုပ်သူ ကိုသိန်းမောင်မှာ ချွေးသီးချွေးပေါက်တွေ ကျပြီး မျက်လုံးပြူးမျက်ဆန်ပြူးပင် ဖြစ်လာသည်။ နောက်ပြီး ဖဲဝိုင်း စထိုင်ကတည်းက အခုချိန်အထိ လေးလှည့်ဆက်တိုက် ဆနှင့် ကိုးတွေချည်း ကျနေသော မှတ်ကြီးကိုလည်း ကိုသိန်းမောင်က သိပ်ပြီး မယုံကြည်ချင်တော့ ...။ ဒါကို ကိုသိန်းမောင်ပင် မဟုတ်၊ တစ်ဝိုင်းတည်း အတူကစားကြသည့် အခြားဖဲသမားများကပါ မှတ်ကြီးကို အမြင်စောင်းလာကြသည်။

"အဲဒါ ... ဖဲစီးနေတာကွ ... အိမ်ကောင်းလို့ ဖဲစီးနေတာ ..."

"ငါ ထင်တာတော့ ဒီလောက် အလှည့်တိုင်းကို ဆတွေနဲ့ချည်း ကျနေတာ ... ပုံမှန်တော့ မဟုတ်ဘူး ..."

"ဟုတ်တယ် ... လေးလှည့်လုံးလုံး ကိုးတွေချည်းဆိုတော့ ဘယ်လိုမှ သဘာဝမကျဘူး ..."

ဒိုင်လုပ်သူကိုသိန်းမောင်မှာ မှတ်ကြီးကို လေးလှည့်ဆက်တိုက် ဆနှင့် အလျော်ပေးနေရသည့်ငွေစတွေက မနည်းတော့သဖြင့် နောက်ထပ် ဖဲထပ်မဝေသေးဘဲ ဖဲထုပ်တစ်ထုပ်လုံးကို သူ့ရှေ့တွင်ဖြန့်ခင်းကာ ဖဲအရေအတွက်ကို ပြန်စစ်တော့သည်။

မှတ်ကြီးကတော့ ခပ်အေးအေးပင် ...။ ဘာတစ်ခွန်းမှ ဝင်မပြောဘဲ သူနိုင်ထားသည့်ငွေတွေကို ရေတွက်ကြည့်ပြီး အကျီအိတ်ကပ်ထဲသို့ ထည့်နေ၏။ သူ့အတွက် ဒီတစ်ခါ ကိုသိန်းမောင်ထံမှ ရလိုက်သည့် ပိုက်ဆံတွေက နှစ်ရာကျော်သုံးရာနီးပါး ...။





ထိုစဉ် ...

"ဖျောက် ..."

"ဂျွတ် ..."

သူတို့နောက်ကျောဆီမှ သစ်ကိုင်းခြောက်ကို တစ်စုံတစ်ယောက်က တက်နင်းမိသံ ကြားလိုက်ရသည်။

"ဟင် ..."

"ဘာလဲ ... ဟ၊ ဘယ်သူလဲ ..."

အားလုံး၏မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားကြပြီး အသံကြားရာဆီသို့ ပြိုင်တူလှမ်းကြည့်လိုက်ကြ၏။ တစ်ချိန်တည်းမှာပင် ဖဲထုပ်နှင့်အတူ ငွေတွေကိုလည်း အလျှိုလျှိုကောက်ပြီး ကပျာကယာ သိမ်းလိုက်ကြသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား ... ရေငတ်တုံး ရေတွင်းထဲ ကျဆိုသလို အခန့်သင့်လိုက်တာ မှတ်ကြီးရာ ... လက်စ သတ်တော့ မင်းက ဒီမှာလာပြီး ငွေဖြစ်နေတာကိုးကွ ...၊ ဘယ်မလဲ ငါ့ပိုက်ဆံ"

ရုတ်တရက် အုတ်နံရံအပြိုအပျက်တွေကြားမှ ဘွားခနဲ ထွက်လာသည့် မင်းဒင်တို့လူစု၏ အသံကြောင့် မှတ်ကြီးမှာ တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။ ထို့နောက် မှတ်ကြီးက တုန်တုန်ယင်ယင်အသံဖြင့် ...

"ဟို ... ဟို ... ကိုမင်း ... မင်းဒင်ပြောထားတဲ့ရက်က မ ... မရောက်သေးဘူးလေ ... ကျုပ် ..."

"မလိုချင်ဘူး ... နောက်ဆိုတာ ဘာတစ်ခုမှ မရေရာဘူး ... အခုပဲပေး ..."

ခက်ထန်မာကျောနေသော မင်းဒင်၏လေသံက ဘယ်လိုမှ တောင်းပန်တိုးလျှိုးလို့ ရမည်မဟုတ်။ နောက်ပြီး သူတပည့်နှစ်ယောက် နောက်ကျောမှာလွယ်ထားသည့် ဂှက်ကြီးတောင်ဓားတွေက အချိန်မရွေး





သူ့လည်ကုတ်ပေါ်သို့ ရောက်လာနိုင်သည်။ ပြီးတော့ ဒီလိုလူသူပြတ်သည့် နေရာမှာ လူတစ်ယောက်ကို အစဖျောက် ကိစ္စတုံးပစ်လိုက်ဖို့က သူတို့ အတွက် အလွယ်လေးပင် ...။

ကိုသိန်းမောင်နှင့်အတူ အခြားဖဲသမားများမှာလည်း မင်းဒင်တို့ လူစုကို ကြည့်ကာ ထိုင်ရမလို ထပြေးရတော့မလိုနှင့် ဖြစ်နေ၏။

"ကြာတယ်ကွာ ..၊ ဟော့ကောင် ပေးမလား ... မပေးဘူးလား ... တစ်ခွန်းပဲ ပြော ..."

မင်းဒင်၏ အမူအရာနှင့် အရိပ်အခြည်ကို ကြည့်နေကြသော သူ့တပည့်နှစ်ယောက်မှာ ချက်ချင်းဆိုသလို သူတို့ကျောပေါ်မှာ လွယ်ထားသည့် ဓားများ၏ လက်ကိုင်ရိုးတွေပေါ်သို့ အုပ်ကိုင်မိရက်သား ဖြစ်ကုန်၏။

"ပေး ... ပေးပါမယ်ဗျာ ..."

တုန်ယင်နေသော လက်တွေဖြင့် မှတ်ကြီးက သူ့အင်္ကျီအိတ်ထဲမှ ငွေတွေကို နှိုက်ယူလိုက်၏။

ထို့နောက် မင်းဒင်၏မျက်နှာကိုပင် ရဲရဲမကြည့်ဘဲ လှမ်းပေးလိုက်သည်။ ခဏအကြာ မင်းဒင်က မှတ်ကြီးပေးသည့်ငွေတွေကို ရေတွက်ကြည့်လိုက်ပြီး ...

"ဟော့ကောင် မှတ်ကြီး မင်း ချေးတုန်းက ဒီနှစ်ရာတည်းလား ..."

"မ ... မဟုတ်ပါဘူး ကိုမင်းဒင် ... ကျုပ် ဒီကစားပွဲပြီးတဲ့အခါ ကျန်တဲ့ငွေတစ်ရာ ထပ်ပေးပါမယ်။ ကိုမင်းဒင့်ရဲ့ အကြွေး သုံးရာစလုံး ကျုပ် ဒီနေ့ပဲ အကုန်ဆပ်မှာပါ..."



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီး၏ လေသံက လည်ချောင်းဝတွင် တိမ်ဝင်လုနီးပါး ဖြစ်နေ၏။ ထို့နောက် မင်းဒင်က ဒိုင်လုပ်သူကိုသိန်းမောင်နှင့်အတူ အခြားဖဲသမားသုံးယောက်ကိုပါ မျက်လုံးတစ်ချက်ဝှေ့ကြည့်လိုက်ပြီး . . .

''မင်း ကတိအတိုင်း ဖြစ်ပါစေ မှတ်ကြီး . . . အေး . . . ဒါပေမဲ့ မင်းတို့ကစားဝိုင်းက ငွေပေါတဲ့ကစားဝိုင်းဆိုတော့ . . . ငါကိုယ်တိုင် ဒိုင်ကိုင်မယ်''

မင်းဒင်က ကိုသိန်းမောင်လို စပါးပွဲစားတစ်ယောက် လွယ်ထားသည့် လွယ်အိတ်ထဲတွင် ငွေ မည်မျှပါသည်ကို မကြည့်ဘဲနှင့် မြင်နေရပြီး မဖျောက်ဖျက်နိုင်သည့် သူ့ဝါသနာကြောင့် အတင်း ဒိုင်ဝင်ကိုင်မည်ဟု လုပ်နေ၏။

ရုတ်တရက်ကြီး ပြောလိုက်သော မင်းဒင်၏စကားကြောင့် ကိုသိန်းမောင်မှာ ပျာပျာသလဲဖြစ်သွားပြီး . . .

''မ . . . မလုပ်ပါနဲ့ဗျာ . . . ကျုပ်ရှုံးထားတဲ့ပိုက်ဆံတွေက တော်တော်များနေလို့ပါ . . .။ ဒီပိုက်ဆံတွေ ပြန်ရဖို့ဆိုတာ ဒိုင်ကိုင်မှ ဖြစ်မှာပါ . . . ခင်ဗျား ဝင်ပြီး ရိုက်ချင်ရင်တော့ တစ်အိမ်ဝင်ထိုးလို့ ရပါတယ်။ ခြောက်အိမ်ဖြစ်သွားလည်း ကိစ္စမရှိပါဘူး။ ကျုပ်လက်ခံမှာပါ''

မင်းဒင်၏မျက်နှာမှာ ကိုသိန်းမောင်၏တောင်းပန်စကားကြောင့် မျက်မှောင်ကျုံ့သွား၏။ ထို့နောက် မင်းဒင်က . . .

''ဒီမှာ ကိုသိန်းမောင် . . .။ ကျုပ်ဆိုတဲ့ကောင်က ဖဲရိုက်လာတဲ့ သက်တမ်းတစ်လျှောက်လုံး ဘယ်တော့မှ ထိုးသားလုပ်တဲ့ကောင် မဟုတ်ဘူး . . .။ ကုန်ကုန်ပြောမယ်ဗျာ . . .။ ခင်ဗျား





ရှုံးထားတဲ့ငွေတွေ ပြန်လိုချင်ရင် ဘေးက များများထိုး . . . ဒါပဲ''

မင်းဒင်၏ ခပ်ရင့်ရင့်လေသံကြောင့် ကိုသိန်းမောင်၏မျက်နှာမှာ ကွက်ခနဲ ပျက်သွားပြီး

''မ . . . မဖြစ်လို့ပါ . . . ကျုပ် ငွေတွေ . . .''

''ဟေ့လူ . . . ခင်ဗျားက တော်တော်ပြောရခက်တဲ့လူပါလား . . .''

ပြောပြောဆိုဆို မင်းဒင်၏တပည့်နှစ်ယောက်က ကိုသိန်းမောင်၏ လက်ထဲမှ ဖဲထုပ်ကို ဖျတ်ခနဲ လုယူလိုက်ပြီး သူတို့ဆရာမင်းဒင်ကို ပေးလိုက်သည်။ မင်းဒင်ကလည်း လက်ထဲရောက်လာသည့်ဖဲထုပ်ကို တဖျပ်ဖျပ်နှင့် ကုလားဖန်ထိုးကာ ပွဲစဖို့ ပြင်နေတော့၏။

ဘာမှမတတ်နိုင်သည့်အဆုံး ကိုသိန်းမောင်က ဖဲဝိုင်းတွင် ဝင်ထိုင်ကာ မှတ်ကြီးတို့လိုပင် ထိုးသားဘဝသို့ ရောက်သွားတော့သည်။ မှတ်ကြီးမှာလည်း ကျန်နေသေးသည့်ငွေစတချို့နှင့် ငါးကြိမ်မြောက် ကစားပွဲကို ပြန်စရန် စိတ်က တထင့်ထင့် ဖြစ်နေ၏။ နောက်ပြီး တပည့်နှစ်ယောက်အားကိုးနှင့် အစွမ်းကုန်မိုက်နေသည့် မင်းဒင်နှင့် ရင်ဆိုင်ဖို့ရန် စိတ်က အလိုလိုပင် ကြောက်လန့်နေမိသည်။

❑



www.burmeseclassic.com

www.burmeseclassic.com





ပွဲပြန်စသည်နှင့် မုတ်ကြီး၏ ငါးကြိမ်မြောက်ဖဲက ကြက်သီးမွေးညင်းထစရာကောင်းအောင် ကိုးနှစ်ဆနှင့် ကျနေသည်။ သို့သော် ခါတိုင်းအလှည့်တွေလို ဝမ်းသာအားရနှင့် ထပြီး မအော်မိအောင် သူကိုယ်သူ မနည်းထိန်းထားရသည်။ တစ်ချိန်တည်းမှာပဲ မင်းဒင်တို့လူစုအပေါ် မငဲ့မရဲစိတ်နှင့် ထိုးမိလိုက်သည့် ပိုက်ဆံက ငါးဆယ်သာ ဖြစ်နေသဖြင့် အားမလိုအားမရ ဖြစ်နေမိသည်။

မင်းဒင်ကတော့ မုတ်ကြီးကို လျော်ရမည့် နှစ်ဆငွေကြောင့် မျက်နှာပင် တစ်ချက်ကလေး မပျက်။ ကိုသိန်းမောင် ထိုးထားသည့် ငွေပုံကြီးကို ကြည့်ကာ လောဘဇောတွေ တိုက်နေသည်။ ထို့နောက် မင်းဒင်က သူ့ဖဲနှစ်ချပ်ကို လှန်ပြလိုက်ပြီး

"ကဲ... ကိုသိန်းမောင် ခင်ဗျားဖဲကို ပြ... ခုနစ်မရှိရင် စားမယ်..."

ကိုသိန်းမောင်၏ မျက်နှာမှာ ချက်ချင်းဆိုသလို ရှုံ့မဲ့သွားပြီး ပါးစပ်က အယုတ္တ အနတ္တတွေ ဆဲဆိုကာ သူ့ရှေ့မှ ငွေပုံကြီးကို မင်းဒင်ဘက်သို့ တွန်းပို့ပေးလိုက်သည်။ သူ့လိုပင် အခြား ဖဲသမားများမှာလည်း မင်းဒင်လောက် ဖဲပွင့် မကြီးကြသဖြင့် အသီးသီး အစားခံလိုက်ကြရသည်။



တခြား ထိုးသားအိမ်တွေကို အလျော်အစားလုပ်ပြီးသောအခါ မင်းဒင်က မုတ်ကြီး၏မျက်နှာကို စေ့စေ့စိုက်ကြည့်လိုက်ပြီး ...

"မင်းကို ငါ အလျော်မပေးဘူး မုတ်ကြီး..."

မုတ်ကြီး၏သွေးတွေက နားထင်ရင်းတွင် အရှိန်ပြင်းပြင်း တိုးဆောင့်သွား၏။ တစ်ချိန်တည်းမှာပဲ မင်းဒင်တို့လူစု သူ့အပေါ် အနိုင်ကျင့်ပြီဆိုသည်ကို သိလိုက်ရသည်။

မုတ်ကြီးက တုန်ယင်နေသော လေသံဖြင့် မင်းဒင်ကို ဗလုံးဗထွေးတွေ ပြောနေမိပြန်သည်။

"ဟင် ... ဒါ ... ဒါဆို ..."

"အေးလေ ... ငါက မင်းကို ဘာဖြစ်လို့ လျော်ပေးရမှာလဲ... မင်းဖဲက နှစ်ဆဆိုတော့ တစ်ရာ... မင်း ငါ့ကို ပေးစရာရှိတာက တစ်ရာ၊ ကျေပြီပေါ့ကွာ ..."

မထင်မှတ်ဘဲ ကြားလိုက်ရသည့် မင်းဒင်၏စကားကြောင့် မုတ်ကြီးရင်ထဲတွင် ပေါ့ပါးလန်းဆန်းသွားသလို ဖြစ်သွား၏။ နောက်ပြီး မင်းဒင်လိုလူမျိုးက ကိုသိန်းမောင်ဆီမှ မြိုးမြိုးမြက်မြက် ရလိုက်သည့် ပိုက်ဆံတွေကြောင့်လား... ဒါမှမဟုတ် သူ ထိုးထားသည့် မဖြစ်စလောက် ငွေစတွေကြောင့်ပဲလား မသိ။ စိတ်လိုလက်ရနှင့် ဖြစ်နေသည်။

"ဘာပဲပြောပြော မင်းဒင်ကတော့ ကိုသိန်းမောင်အိတ်ထဲက ပိုက်ဆံတွေကိုပဲ မျက်စောင်းထိုးနေပြီ... ဒီအချိန်မှာ ငါတို့အိမ်တွေက ထိုးတဲ့ မဖြစ်စလောက် ပိုက်ဆံတွေကို သူ ဂရုစိုက်နေမှာ မဟုတ်တော့ဘူး။ ကျန်တဲ့ လေးလှည့်ကိုလည်း ငါ... ပါးပါးနပ်နပ်နဲ့ ထိုးမှ ဖြစ်တော့မယ်..."

www.burmeseclassic.com

ထိုအတွေးနှင့်အတူ မှတ်ကြီးက နောက်တစ်ကြိမ်ကစားပွဲအတွက် သူ့အိတ်ထဲမှ ငွေစအနည်းငယ်သာချပြီး ထိုးလိုက်၏။

ကိုသိန်းမောင်မှာလည်း ရှုံးထားသည့် ငွေတွေကြောင့် တစ်ကိုယ်လုံး ဇောချွေးတွေ မြင်မကောင်းအောင် ဒီးဒီးကျနေပြီး မျက်နှာတစ်ခုလုံး ချက်ချင်းပင် အိုကျသွားကာ မသာမယာဖြစ်နေသည်။ ထို့နောက် သူ့ပေါင်ကြားတွင် ထိုးကြိတ်ထည့်ထားသည့် လွယ်အိတ်ထဲမှ ငွေစတွေကို နှိုက်ပြီး ချထိုးလိုက်ပြန်သည်။

ဒီတစ်ချီ ထိုးသည့်ငွေတွေက နည်းနည်းနောနောမဟုတ်။ မင်းအင်ကလည်း ထိုငွေတွေကို ကြည့်ကာ လိုချင်တပ်မက်သည့်စိတ်တွေ တဖွားဖွားပေါ်နေသည်။

ထိုစဉ်...

မှတ်ကြီးက ကိုသိန်းမောင်လက်တွင် ပတ်ထားသည့်နာရီကို မသိမသာတစ်ချက် လှမ်းကြည့်လိုက်၏။ အချိန်က ညဆယ့်နှစ်နာရီထိုးရန် မိနစ်ပိုင်းမျှသာ ကျန်တော့သည်။

❑





တဖြည်းဖြည်းနှင့် ကိုးပွဲမြောက်ဖြစ်လာသောအခါ မှတ်ကြီး၏အိတ်ထဲတွင် ငွေစ အနည်းငယ် ပြန်ရလာ၏။ အလှည့်တိုင်းလိုလို သူ့ဖဲတွေက ကိုးတွေချည်း ကျနေသော်လည်း ဒိုင်လုပ်သူမင်းအင်ကတော့ နည်းနည်းလေးမှ မျက်နှာမပျက်။ တစ်ဖက်မှ ကိုသိန်းမောင် ထိုးထားသည့် ငွေပုံကြီးကိုသာ မျက်စိကျလျက် ရှိနေသည်။

ကိုသိန်းမောင်မှာလည်း အလှည့်တိုင်းလိုလို ကိုးဖြစ်လိုက်၊ ရှစ်ဖြစ်လိုက် ဖြစ်နေသည့် မင်းအင်၏ဖဲကို မသင်္ကာဖြစ်လာ၏။ နောက်ပြီး မင်းအင်၏တပည့်နှစ်ယောက်မှာလည်း ဖဲဝိုင်းအလယ်တွင် လက်တွေ၊ ခြေတွေ ရှုပ်လာကြသဖြင့် ကိုသိန်းမောင်က သူတို့နှစ်ယောက်ကိုပဲ မျက်စိရှင်ရှင်ထားပြီး ကြည့်နေရသည်။

"ဘယ်လိုလဲ ကိုသိန်းမောင်... ခင်ဗျားငွေတွေက ဒီတစ်ခါ ထိုးတာ နည်းလှချေလား..."

မင်းအင်၏စကားကြောင့် ကိုသိန်းမောင်မှာ ကြီးရာမရဖြစ်သွားပြီး သူ့လက်တွင် ပတ်ထားသည့် နာရီကို ချွတ်ကာ ဝိုင်းအလယ်တွင် ချပြီး ထိုးလိုက်၏။

"ရော့ဗျာ... ဒီနာရီကို ငွေနှစ်ရာနဲ့ ဖြတ်ပြီး ထိုးတယ်..."



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဖဲဝိုင်းက အရှုံးအနိုင်ကြမ်းလာသည်နှင့်အမျှ အလျော်အစားတွေကလည်း ကြောက်ခမန်းလိလိပင် ဖြစ်လာသည်။ မှတ်ကြီးနှင့် အတူ အခြားထိုးသားတွေမှာ ကိုသိန်းမောင်လောက် မရှုံးကြသဖြင့် ဘာသိဘာသာပင် နေလိုက်ကြသည်။

"ဟုတ်ပြီ ... ငွေသားက စုစုပေါင်း နှစ်ရာ ... နာရီက နှစ်ရာဆိုတော့ ငါ့ရမှာ မနည်းဘူး"

လောဘမီးတွေ ဟုန်းဟုန်းတောက်နေသည့် မင်းဒင်က စီးစီးပိုးပိုး ပြောနေ၏။ သူ့ဘေးမှ တပည့်နှစ်ယောက်မှာလည်း ဝိုင်းထဲမှာ ထိုးထားသည့် နာရီနှင့် ငွေသားတွေကို ကြည့်ကာ လက်တပြင်ပြင်နှင့် ဖြစ်နေကြသည်။

ထိုအချိန်မှာပင် ...

မှတ်ကြီးက ကိုသိန်းမောင်ချပြီး ထိုးထားသည့်နာရီပေါ်မှ လက်တံတွေကို ကြည့်လိုက်ရာ... ဆယ့်နှစ်နာရီထိုးရန် စက္ကန့်အနည်းငယ်သာ လိုတော့သည်။

❑





"ဟေ့လူ ... ဒါ ဘာလုပ်တာလဲ။ ခင်ဗျားလက်ထဲမှာ ခိုးထားတဲ့ ဖဲကို အခုချက်ချင်း အောက်ချလိုက်... ခင်ဗျားတို့ မတရားမလုပ်နဲ့..."

ရုတ်တရက် ကြားလိုက်ရသည့် ကိုသိန်းမောင်၏ အသံကြောင့် ထိုးသားများအားလုံးက မင်းဒင်တပည့်၏လက်နောက်တွင် ဝှက်ထားသည့် ဖဲကို ဝိုင်းကြည့်လိုက်ကြသည်။ ထိုသူကလည်း ချက်ချင်းဆိုသလို ကိုသိန်းမောင်၏ အင်္ကျီကော်လာစကို လှမ်းဆွဲလိုက်ပြီး ...

"မတရားလုပ်တော့ရော... ခင်ဗျား ဘာလုပ်ချင်လို့လဲ..."

ကိုသိန်းမောင်မှာလည်း သူရှုံးထားသည့်ငွေတွေက မနည်းတော့သဖြင့် တစ်ကိုယ်လုံး ထူပူလာပြီး အင်္ကျီကော်လာစကို ဆုပ်ကိုင်ထားသော မင်းဒင်၏တပည့်ကို ဆောင့်တွန်းလိုက်၏။ တစ်ချိန်တည်းမှာပင် သူ့လက်တစ်ဖက်က လွယ်အိတ်ထဲမှ ဓားမြှောင်ကို ဆွဲထုတ်ယူမည် ပြုလိုက်စဉ်...

"ရှပ်..."

"အား..."

"ဟာ..."



www.burmeseclassic.com

လက်ခနဲ လှုပ်ရှားသွားသော ငှက်ကြီးတောင်ခါးတစ်လက်က ကိုသိန်းမောင်၏ လက်ညှိုးနှင့် လက်ခလယ်ပေါ်သို့ ကျရောက်သွား၏။ လက်ညှိုးက တိခနဲ ပြတ်ကျသွားသည်။ တစ်ချိန်တည်းမှာပင် နောက်ထပ် ငှက်ကြီးတောင်ခါးဦးချွန်တစ်ခုက ကိုသိန်းမောင်၏ ရင်ညွန့်မှ နောက်ကျောအထိ ထိုးဖောက်ဝင်သွား၏။

"ဗွိ..."

"အား..."

ကျယ်လောင်သောအော်ဟစ်သံကြီးနှင့်အတူ ကိုသိန်းမောင်မှာ တန်းလန်းကြီး စိုက်ဝင်နေသော ငှက်ကြီးတောင်ခါးကို သွေးရူးသွေးတန်း ဖြင့် ဆွဲနှုတ်ယူဖို့ ကြိုးစားနေ၏။

မှတ်ကြီးနှင့်အတူ အခြားဖဲသမားများမှာလည်း ထိုမြင်ကွင်း ကြောင့် ပြန့်ကျဲနေသော ငွေစတွေကိုပင် မကောက်ယူနိုင်တော့ဘဲ ပြေးမိ ပြေးရာ ပြေးကြသည်။

ထိုနေ့က သေပြေးရှင်ပြေးပြေးလာခဲ့ရသော မှတ်ကြီးမှာ အိမ်သို့ ပြန်ရောက်မှ သူ့အိတ်ထဲမှ ငွေစတွေကို ပြန်ပြီး ရေတွက်မိသည်။ ထိုပိုက်ဆံတွေကြားတွင်တော့ မကြည့်ဖြစ်လိုက်သည့် သူ၏ကိုးကြိမ်မြောက် ဖဲနှစ်ချပ်ကိုပါ ကျိုးကြေနေလျက် တွေ့လိုက်ရသည်။ ထိုဖဲနှစ်ချပ်မှာ တစ်ချပ်က ဒိုင်းမွန်းတစ် ဖြစ်ပြီး ကျန်တစ်ချပ်က ဒိုင်းမွန်းရှစ် ဖြစ်နေ သည်။

❑







အခန်း ( ၁၀ )

လရောင်ငွေ့ငွေ့လေးကျနေသည့် သချိုင်းမြေတစ်ခုလုံးမှာ ပိန်းပိတ်အောင် ဖုံးလွှမ်းနေသည့် မီးခိုးငွေ့တွေကြောင့် အုတ်ဂူဖြူဖြူတွေ နှင့် ပြိုပျက်နေသော ဇရပ်အိုကြီးကို ခပ်ရေးရေးမျှသာ မြင်ရသည်။ ထိုဇရပ်အိုကြီးပေါ် အုပ်မိုးနေသည့် ညောင်ပင်ကြီးများ၊ ကုက္ကိုပင်ကြီး များ၏ အကိုင်းအခက်တွေက လေတိုက်တိုင်း တရှဲရှဲမြည်နေကြသော မီးခိုးငွေ့တွေကြားတွင် တငြိမ့်ငြိမ့် လှုပ်ခတ်နေကြသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မုတ်ကြီးအဖို့ ဒီနေရာ ဒီပတ်ဝန်းကျင်တွေက အစိမ်းသက်သက်တော့ မဟုတ်။ ဘယ်နေရာ ဘယ်အပင်အောက်တွင် ဘယ်သူ့အုတ်ဂူ ရှိသည်ကအစ အလွတ်ပင်ရနေ၏။ သို့သော် ဒီတစ်ခါ သူ့ခြေလှမ်းတွေက ဇရပ်အိုကြီးအနားသို့ ရောက်ခါမှ အလိုလိုနေရင်းလေးလံလာကာ နှာခေါင်းထဲသို့တိုးဝင်လာသော အနံ့ဆိုးကြီးတစ်ခုကြောင့် ရင်တစ်ခုလုံး ဖြောင်းဆန်နေအောင် လှုပ်ရှားလာ၏။

"ဟင် ... ဘာအနံ့ကြီးလဲ ... ငါ ဒီအနံ့မျိုးကို ဘယ်မှာ ရခဲ့ဖူးပါလိမ့်..."

ထိုအတွေးနှင့်အတူ... သူ့တစ်ကိုယ်လုံး အေးစက်တောင့်တင်းလာသည်။ တစ်ခါတစ်ခါ ဝမ်းခေါင်းသံကြီးဖြင့် အော်လိုက်သည့်တောက်တဲ့တစ်ကောင်၏အသံက ဇရပ်အိုခေါင်မိုးအစပ်ဆီမှ ကြားနေရသည်။ ထိုစဉ်မှာပင် သူ့နောက်ကျောဆီမှ ရှည်လျားသောအရိပ်တစ်ခုအုပ်မိုးကျလာပြီး အေးစက်စက်အထိအတွေ့တစ်ခုက သူ့ပခုံးပေါ်သို့ ဖွဖွလေး လာထိ၏။

မုတ်ကြီးက ထိုအထိအတွေ့နှင့်အတူ နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ...





"ဟင်... ကို... ကိုဘဆောင်..."

အမှန်တကယ်ပင် ကိုဘဆောင်တစ်ယောက် စောင်အနီကွက်ကျားကြီးကို ခြုံပြီး သူ့နောက်ကျောတွင် မားမားကြီး ရပ်နေ၏။

မုတ်ကြီးမှာ သူ့မျက်လုံးတွေကိုပင် သူ မယုံကြည်နိုင်လောက်အောင် ဖြစ်သွား၏။ တစ်ချိန်တည်းမှာပင် သူ့နှလုံးသားတွေပေါက်ကွဲထွက်တော့မလို တုန်ခါနေပြီး ဒူးတွေကလည်း ကြောက်ရွံ့စိတ်ကြောင့် ခွေညွတ်ကျတော့မလို ဖြစ်နေ၏။

ထိုသို့ သည်းခြေပျက်မတတ် တုန်လှုပ်သွားသောမုတ်ကြီး၏ အမူအရာကို ကြည့်ကာ ကိုဘဆောင်က အသံနက်ကြီးဖြင့် အူတက်မတတ် ဟားတိုက်ရယ်မောလိုက်သည်။ ထို့နောက် ကိုဘဆောင်က

"ဘယ်လိုလဲ မုတ်ကြီး ငွေတွေတော်တော်များများ ရနေပြီလား... ဒီနေ့ဟာ မင်းအတွက် ရှစ်ရက်မြောက်နေ့ကို ရောက်လာပြီနော်... ကိုးရက်ပြည့်တဲ့နေ့မှာ ဒီထက်ပိုပြီး ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်တွေကို မင်း ကြုံရလိမ့်မယ်"

"ဗျာ... ဘယ်... ဘယ်လို"

မုတ်ကြီး၏ အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသည့် မေးခွန်းတွေမဆုံးခင်မှာပင်... ကိုဘဆောင်၏ ဖြူဖပ်ဖြူလျော်ဖြစ်နေသည့် မျက်နှာကြီးမှာ စောင်အနီကွက်ကျားကြီးအောက်သို့ တိုးဝင်ပျောက်ကွယ်သွားပြီး တစ်ခဏအတွင်းမှာပင် ခန္ဓာကိုယ်ကြီးတစ်ခုလုံး မီးကျည်မီးခဲတွေပေါက်ကွဲလွင့်စင်သလို အစိတ်စိတ်အမွှာမွှာ ပြန့်ကွဲပျောက်ကွယ်သွား၏။

"ကိုဘဆောင်... ကိုဘဆောင်..."



www.burmeseclassic.com

www.burmeseclassic.com



ကျိန်းစပ်နေသော မှတ်ကြီး၏ မျက်လုံးတွေက မီးကျည်မီးခဲတွေကြားတွင် ကိုဘဆောင်ကို ကြိုးစားပြီး ရှာဖွေကြည့်နေမိသည်။ သူ့ပါးစပ်ကလည်း မရေမရာဖြင့် ပြောသွားသည့် ကိုဘဆောင်ကို အသံကုန်ဟစ်ပြီး အော်ခေါ်နေမိသည်။

"နေဦး ... နေဦးလေ ကိုဘဆောင်..."

❑





"ကိုဘဆောင်... ကိုဘဆောင်..."

မောဟိုက်နေသော သူ့တစ်ကိုယ်လုံးမှာ ချွေးသီးချွေးပေါက်တွေ ကျနေပြီး ပူစပ်ပူလောင်ကြီးဖြစ်ကာ အိပ်ရာမှ လန့်နိုးသွား၏။ မှတ်ကြီးမှာ အိပ်ရာမှ ရုတ်တရက် ထပြီး ဘေးပတ်ဝန်းကျင်ကို ကယောင်ကတမ်း ရှာဖွေနေမိပြန်သည်။ သို့သော် အိပ်မက်ထဲမှ ကိုဘဆောင်၏ မျက်နှာနှင့် စကားသံတွေက သူ့အနားတွင် ဝေ့ဝဲ ပျံ့လွင့်နေတုန်းပင်...။

"ဒီနေ့ဟာ ငါ့အတွက် ရှစ်ရက်မြောက်နေ့တောင် ဖြစ်လာပြီ။ ကိုဘဆောင် အိပ်မက်ထဲမှာ ပြောသွားသလို ကိုးရက်ပြည့်တဲ့နေ့မှာ ငါ ဘာတွေ ကြုံရဦးမှာလဲ... နောက်ပြီး ကိုးရက်ပြည့်သွားပြီးရင် ဒီအဆောင်ကြေးပြားလေးကို တခြားတစ်ယောက်ယောက်ကို လက်ဆင့်ကမ်းပေးရမယ်တဲ့။ ဘယ်သူ့ကို ပေးရမှာလဲ... မပေးခဲ့ရင်ရော ငါ ဘာတွေဖြစ်မှာလဲ..."

ထိုအတွေးနှင့်အတူ မှတ်ကြီး၏ခေါင်းတွေက တဆစ်ဆစ်ကိုက်ခဲလျက်ရှိနေသည်။ ပြီးတော့ နေ့စဉ်လိုလို အအိပ်ပျက်၊ အစားပျက်တွေ ဖြစ်လာခဲ့သဖြင့် လူက သိသိသာသာကြီး ပိန်ချုံးကျသွား၏။ ဒီကြားထဲ ကစားပွဲပြီးတိုင်း မြင်နေရသည့် သွေးပျက်ထိတ်လန့်စရာ အနိဋ္ဌာရုံမြင်ကွင်းတွေကြောင့် အလိုလိုနေရင်း သူ့စိတ်တွေက ကစဉ့်ကလျားဖြစ်ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့… မှတ်ကြီး …နင့်မလဲ တစ်နေ့တစ်နေ့ အချိန်မတော် အချိန်တော်မှ ပြန်ပြန်လာ… ကိုယ့်မိန်းမကိုလည်း နည်းနည်း ပါးပါး ဂရုစိုက်ပါဦးဟဲ့။ အခုတောင် နင့်မိန်းမ ထွေးခင်က ဗိုက်နာနေသတဲ့။ တို့အိမ်မှာက ယောကျ်ားသနာလည်း ရှိတာ မဟုတ်ဘူး။ ညရေးညတာ အရေးအကြောင်းရှိရင် ဘယ်လိုလုပ်မလဲ…"

ရုတ်တရက် ကြားလိုက်ရသော ယောက္ခမဒေါ်ဒေါင်းစိန်၏ အသံကြောင့် မှတ်ကြီး၏ မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွား၏။ တစ်ချိန်တည်းမှာပင် မကြာမီကလေးတစ်ယောက်အဖေဖြစ်တော့မည့် အဖြစ်ကို တွေးရင်း မှတ်ကြီးတစ်ယောက် ပီတိဝေဖြာနေ၏။ ထို့နောက် သူ့မိန်းမ ထွေးခင်ရှိရာ အခန်းထဲသို့ပြေးဝင်သွားပြီး အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

"ဘယ်လိုလဲ ထွေးခင်… နေသာရဲ့လား"

"ကျွတ်… ကျွတ်… အမလေး ဘယ်လိုပြောလိုက်တာလဲ ကိုမှတ်ကြီးရယ်… ဒီနေ့တော့ မွေးလိမ့်မယ်ထင်တာပဲ… ရှင်လည်း ဒီတစ်နေ့တော့ ဘယ်မှ မသွားပါနဲ့နော်… ကျုပ် အနားမှာ ရှင်ရှိနေမှ ဖြစ်မှာ"

ထွေးခင်၏ တိုးဖျော့လွန်းနေသည့်လေသံက မှတ်ကြီး၏ နှလုံးအိမ်ကို ဆွဲယူဖြစ်ညှစ်လိုက်သလို ခံစားရ၏။ ပြီးတော့ ဒီနေ့ မဖြစ်မနေ ကစားရမည့် ရှစ်ရက်မြောက် ကစားပွဲကလည်း သူ့ဦးနှောက် ထဲတွင် သံပတ်တစ်ခုလို တင်းနေသည်။





"အေးပါ ထွေးခင်ရာ… ငါ ရွာလယ်ပိုင်းက လက်သည် ဒေါ်ပြားကြီးကို သွားပြောထားလိုက်ဦးမယ်။ နောက်ပြီး နင့်အမေ ဒေါ်ဒေါင်းစိန်လည်း အနားမှာ ရှိနေမှာပဲဟာ … ဘာမှစိတ်မပူစမ်းပါနဲ့"

မှတ်ကြီးက ပြောပြောဆိုဆို အခန်းဝမှ လှည့်ထွက်လာပြီး ရွာအလယ်ပိုင်းမှ ဒေါ်ပြားတို့အိမ်သို့ ထွက်လာခဲ့သည်။

သူလျှောက်လာရာ ရွာလမ်းတစ်လျှောက်လုံးမှာလည်း ကိုဘဆောင် တစ်ချိန်က ပြောသွားခဲ့သည့်စကားတွေက နားနှစ်ဖက် နားကပ်ပြီး ပြန်ပြောနေသလို ကြားနေရသည်။

"တစ်နေ့ကို နေ့ဆယ့်နှစ်နာရီနဲ့ ညဆယ့်နှစ်နာရီကြားမှာ ကိုးပွဲပဲ ကစားရမယ်၊ ကိုးနဲ့ပဲ နိုင်မယ်။ ကိုးရက်တိတိကစား၊ ရပ်ပစ် လိုက်လို့ မရဘူး…"

"ရပ် ပစ် လိုက် လို့ မ ရ ဘူး …"

"ရပ် ပစ် လိုက် လို့ မ ရ ဘူး …"

အကြိမ်ကြိမ်အဖန်ဖန် ပြန်ကြားနေရသော ကိုဘဆောင်၏ စကားတွေကြောင့် သူ့ခေါင်းတစ်ခုလုံး တဆစ်ဆစ် ကိုက်ခဲနေ၏။ ပြီးတော့ မီးဖွားလုဖွားခင်ဖြစ်နေသော သူ့ဇနီး ထွေးခင်၏ မျက်နှာမှာလည်း မျက်လုံးထဲတွင် ဆီဆုံတစ်ခုလို ကြိမ်ဖန်များစွာ သွက်သွက်လည်နေတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေ တရွေ့ရွေ့ကုန်လာသည်နှင့် မှတ်ကြီး၏ စိတ်တွေက ဂနာမငြိမ်တော့... သူ့ဦးနှောက်ထဲမှာလည်း ဘာတွေမှန်းမသိ နောက်ကျိကျိဖြစ်နေ၏။ မနက်က လက်သည်မိန်းမကြီး ဒေါ်ပြားကို သွားခေါ်ခဲ့စဉ်က ရွာလမ်းမပေါ်တွင် သူနှင့် ဆုံခဲ့သည့် ကိုဘတူ၏ ပြောစကားအရ ဖဲဒိုင်ခံသော ချက်ကြီးတို့အိမ်ကို စိတ်က ရောက်နေ၏။ ဒီနေ့မှ ဖြစ်ချင်တော့ ချက်ကြီးတို့အိမ်ရှိ ဖဲဝိုင်းက မြို့ပေါ်မှ ဒိတ်ဒိတ်ကြဲချမ်းသာသည့် ဆေးလိပ်ခုံပိုင်ရှင်တစ်ယောက် ဒိုင်ကိုင်သောပွဲလည်း ဖြစ်နေ၏။

လက်နောက်ပစ်ရင်း ခေါက်တုံ့ခေါက်ပြန်လျှောက်နေသော သူ့ခြေလှမ်းတွေက ဝါးခြမ်းပြားတွေ ခင်းထားသည့် ကြမ်းပြင်ပေါ်တွင် တဂျွမ်းဂျွမ်းနှင့် မြည်နေ၏။

"အား... အမလေး... ကျွတ်... ကျွတ်... ကျွတ် သေပါပြီ..."

အိပ်ခန်းအတွင်းမှ ကြားနေရသော ထွေးခင်၏ နာနာကျင်ကျင် အော်နေသံက သူ့နားထဲသို့ သံရည်ပူတွေ လောင်းချလိုက်သလို ဖြစ်နေသည်။

ထိုအချိန်မှာပင်...

"ဒူ... ဒူ... ဒူ..."





ရွာဦးကျောင်းက ညနေငါးနာရီထိုးခတ်သံကို ကြားလိုက်ရသည်။ ထိုအသံဆုံးသည်နှင့် ကျောင်းထိုင်ဆရာတော်၏ စာချသံနှင့် အတူ ကိုရင်တွေ၏ စာအံသံတွေ ပရိတ်ရွတ်သံတွေက ညနေခင်းထဲတွင် ဝေါခနဲ ပြိုကျသလာသလို စီစီညံညံနှင့် ဖြစ်ကုန်သည်။

ထိုအသံများကို ကြားလိုက်မိသည်နှင့် မှတ်ကြီး၏တစ်ကိုယ်လုံးမှာ တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးသည့် ကြက်သီးမွေးညင်းတွေ တဖြန်းဖြန်း ထသွားပြီး တစ်ကိုယ်လုံး တုန်ယင်သွား၏။ တစ်ချိန်တည်းမှာပင်... သူ့စိတ်တွေက လှုပ်လှုပ်ရှားရှားဖြစ်လာပြီး ချက်ကြီးတို့အိမ်မှ ဖဲဝိုင်းကိုသာ တဖျတ်ဖျတ်နှင့်ပြေးပြီး မြင်ယောင်နေမိသည်။ နောက်ပြီး ဖဲချပ်ကိုင်နေကျ သူ့လက်နှစ်ဖက်ကလည်း တဆတ်ဆတ် တုန်ယင်လာ၏။

ဒီအချိန်မှာ မှတ်ကြီး၏ ချုပ်တည်းထားသည့် စိတ်တွေက ဘယ်လိုမှ ထိန်းချုပ်လို့ မရတော့...။ သူ ဘာလုပ်ရမည်လဲ...။

"ဟူး..."

မှတ်ကြီးက သက်ပြင်းတစ်ချက်ကို ချရင်း ကိုဘဆောင်၏ ကြေးပြားဝိုင်းလေးကိုလည်း အင်္ကျီအိတ်ကပ်ထဲသို့ အလိုလို ထည့်မိရက်သား ဖြစ်သွားသည်။

ထို့နောက် ...

ဖဲဝိုင်းရှိရာ ချက်ကြီးတို့ ရွာဘက်ဆီသို့ မှတ်ကြီးတစ်ယောက် သုတ်ခြေတင်လေတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီး၏ဖဲတွေက ထုံးစံအတိုင်း ကိုးဂဏန်းချည်းသာ အထပ်ထပ် ကျနေလေရာ ဒိုင်လုပ်သူက မျက်စိမျက်နှာ ပျက်နေ၏။ အိမ်ရှင်ချက်ကြီးတို့ လင်မယားမှာလည်း ဖဲဝိုင်းဘေးတွင် တောက်တိုမည်ရ လုပ်ပေးနေရင်း အံ့အားသင့်နေမိကြသည်။

ဒါတင်မကသေး ငွေနှင့်၊ ကြေးနှင့်ဖြစ်နေသော မှတ်ကြီးအတွက် ချက်ကြီးတို့ လင်မယားက ဘေးမှနေပြီး ရေနွေးငှဲ့ပေး၊ ဆေးလိပ် မီးညှိပေးစသဖြင့် သဒ္ဓါကြေးရလိုရငြား လုပ်ပေးနေကြသည်။ မှတ်ကြီးကလည်း လက်ဖွာသူမို့ ချက်ကြီးတို့ အကောက်ပန်းကန်ပြားထဲသို့ ငွေစတွေ ထည့်ပေးကာ ပါးစပ်ကလည်း သူ့ဉာဉ်အတိုင်း စကားကြီး စကားကျယ်တွေ ပြောစပြုလာပြန်သည်။

"ဒီမှာ ကိုချက်ကြီးနဲ့ မကြွက်နီ... လူဆိုတာ အမြဲတမ်းတော့ ကံမဆိုးနိုင်ဘူးဗျ။ လောကကြီးမှာ အလှည့်အပြောင်းဆိုတာ ရှိတတ်စမြဲပဲ... ခင်ဗျားတို့ မြဲမြဲမှတ်ထား"

ဒေါ်ကြွက်နီနှင့် ကိုချက်ကြီးမှာ မကြားချင်ဘဲ ကြားနေရသည့် မှတ်ကြီး၏ မဖြစ်ညစ်ကျယ် ဒဿနတွေကို ကြိတ်မှိတ်နားထောင်





နေရသည်။ တကယ်တော့ ဖြစ်နိုင်လျှင် ဖဲဝိုင်းဘေးမှာ ချထားသည့် ရေနွေးအိုးဖြင့် သူ့ခေါင်းကို ထုရိုက်ခွဲပစ်ချင်နေ၏။

"ကဲ... ဒီတစ်လှည့်ပြီးရင်တော့ ကျုပ်ပြန်မယ်။ အိမ်မှာ မိန်းမကလည်း မီးဖွားဖို့ နေ့လား ညလားပဲ။ ကျုပ် မရှိလို့ မဖြစ်ဘူးဗျ"

ကစားပွဲက ကိုးလှည့်ပြည့်သွားပြီဖြစ်သဖြင့် မှတ်ကြီးက တစ်ဝိုင်းလုံးကို အချိုသတ်စကားဆိုလိုက်သည်။ ဒိုင်လုပ်သူမှာလည်း မကစားခင်ကတည်းက ကိုးလှည့်ပဲကစားမည်ဟု ပြောထားသော မှတ်ကြီးကို ဘာတစ်ခွန်းမှ မပြောသာဘဲ ဖြစ်နေ၏။

ထို့နောက် သူ၏ ကိုးလှည့်မြောက် ဖဲကို အားလုံး၏ ရှေ့တွင် မကြည့်ပင် မကြည့်တော့ဘဲ လှန်ချပြလိုက်သည်။

သူ့ဖဲက အမှန်တကယ်ပင် 'ကိုး' ဖြစ်နေ၏။

❑



www.burmeseclassic.com

www.burmeseclassic.com



အဌမမြောက် ကစားပွဲ ကိုးပွဲ ပြီးမြောက်သွားသော်လည်း ခါတိုင်း ကစားပွဲတွေအပြီးတွင် မှတ်ကြီး မြင်နေကျ အနိဋ္ဌာရုံမျိုးတွေကို ဒီတစ်ခါတော့ အရိပ်အယောင်မျှပင် မတွေ့ရ။ ဒါကိုပင် မှတ်ကြီး၏ စိတ်ထဲတွင် ဝမ်းပဲ သာရမလိုလို၊ ဒဂါးပြားလေး၏အစွမ်းသတ္တိ ပြယ်သွားပြီလားဟု စိုးရိမ်ရမလိုလို တထင့်ထင့်နှင့် ဖြစ်နေ၏။

လယ်ကွင်းတွေဆီမှ ဖြတ်တိုက်လာသော ဆောင်းဦးလေအေးတွေက မှတ်ကြီး၏ ချွေးတွေ၊ သံတွေ ရွှဲနစ်နေသော ခန္ဓာကိုယ်ကြီးကို တရစပ် ဝင်တိုးပြီး တိုက်ခတ်နေ၏။ သို့သော် မှတ်ကြီးအဖို့ နည်းနည်းလေးမှ မောပန်းရကောင်းမှန်း မသိ။ ရွာသို့ မြန်မြန်ပြန်ရောက်ဖို့သာ သူ့ခြေထောက်တွေကို တက်သုတ်ရိုက်ပြီး နှင်နေရသည်။

"ဒီအချိန်ဆို ထွေးခင်တစ်ယောက် မွေးပြီးလောက်ရောပေါ့။ ယောက်ျားလေး မွေးခဲ့ရင်တော့ ငါ့ရဲ့ကျေးဇူးရှင် ကိုဘဆောင်ကို ဂုဏ်ပြုတဲ့အနေနဲ့ 'ဘမောင်'လို့ နာမည်ပေးရမယ်။ မိန်းကလေး မွေးခဲ့ရင် ထွေးခင်ကို ကျေးဇူးဆပ်တဲ့အနေနဲ့... အဲ ... ဘယ်လိုနာမည်မှည့်ရင် ကောင်းမလဲ... ထွေးယဉ်... ထွေးသင်... ခင်ယဉ်... ဟာ... ဘာတွေမှန်းလဲ မသိတော့ဘူး"

မှတ်ကြီးက ကန်သင်းရိုးတွေပေါ် မပြေးရုံတမည် လမ်းလျှောက်လာရင်း စိတ်ကူးတွေ အမျိုးမျိုး ယဉ်နေမိ၏။ ပြီးတော့ ထိုစိတ်ကူးတွေနှင့်အတူ ပဆိုးကို စလွယ်သိုင်းကာ အစအဆုံး မရသည့် သီချင်းတစ်ပုဒ်ကိုလည်း လေတချွန်ချွန်နှင့်ပင် ညည်းရင်း လျှောက်လာ၏။





တစ်ခါတစ်ခါ ကန်သင်းရိုးဘေးတွင် အလေ့ကျပေါက်နေသည့် မြက်ရိုင်းပင်တွေကိုလည်း လက်လှမ်းမီရာ ဆွဲနုတ်လိုက်၊ ခြေဖြင့် ခတ်လိုက် လုပ်ကာ ညမှောင်မှောင်ထဲတွင် တစ်ယောက်တည်း အူမြူးချင်တိုင်း မြူးနေတော့သည်။

လက်ထဲရှိဖဲနိုင်လာသည့် ငွေတွေကလည်း သူတို့မိသားစုအတွက် လောက်ငရုံမျှမက စပါးလေး၊ ပဲလေးပင် ဝယ်ပြီး လှောင်ထား၍ ရနိုင်ပြီဖြစ်သည်။ နောက်ပြီး ယောက္ခမကြီးအတွက် လာမည့်မိုးဦးကျတွင် လယ်နှင့်နွားကို ငှားပြီး ဝမ်းစာ စပါးစိုက်ပျိုးပေးနိုင်ပြီဖြစ်သည်။

ထိုအတွေးတွေနှင့်အတူ တက်သုတ်ရိုက်ပြီး လျှောက်လာနေသော မှတ်ကြီးမှာ သူတို့ရွာထိပ်သို့ ရောက်မှန်းမသိ ရောက်လာ၏။

"အူး... ဝူး... ဝူး"

ရုတ်တရက် ဆွဲဆွဲငင်ငင်ကြီး အူလိုက်သည့် ခွေးအူသံကြီးက ရွာမြောက်ပိုင်းထိပ် ရေတွင်းပျက်ကြီးဆီမှ ထွက်ပေါ်လာသည်။ ထိုအသံကြီးနှင့်အတူ ရေတွင်းမှ ရေကို ပုံးဖြင့်ငင်ကာ ရေခပ်ချိုးနေသည့် ဆံပင်ဖားလျားနှင့် မိန်းမတစ်ယောက်ကိုလည်း လရောင် မှုန်မွှားမွှားအောက်တွင် လှမ်းမြင်နေရ၏။

"ဟင်... ဒီလောက် ရာသီဥတုက အေးရတဲ့အထဲ... ဘယ်သူများ ဒီအချိန်ကြီး ရေတွေ ခပ်ချိုးနေတာပါလိမ့်"

ထိုအတွေးမဆုံးခင်မှာပင် မှတ်ကြီး၏ အသိစိတ်က တစ်စုံတစ်ရာကို သတိရသွား၏။

"ဒီ... ဒီမြောက်ပိုင်းက ရေတွင်းကြီးက နှစ်ပေါင်းတော်တော်ကြာ ပျက်စီးနေခဲ့တာပါ... အခုမှ ဘယ်လိုဖြစ်ပြီး ရေတွေ



www.burmeseclassic.com

www.burmeseclassic.com

ပြန်ပြည့်နေရတာလဲ''

ဇဝေဇဝါဖြစ်နေသော မှတ်ကြီး၏ မျက်လုံးတွေက ဆံပင်ဖားလျားနှင့် မိန်းမကိုသာ လှမ်းကြည့်နေမိသည်။ ပြီးမှ ရွာအဝင်လမ်းသို့ ဆက်လျှောက်လာရင်း

''အေးလေ... ငါကလည်း ရွာမှာ အချိန်ပြည့်ရှိနေတာမှ မဟုတ်ဘဲ၊ ဒီရေတွင်းကြီးက ရေတွေ ပြန်ပြည့်ချင်လည်း ပြည့်နေမှာပေါ့ ... ငါမှ မသိတာ''

ထိုစဉ်မှာပင် ခွေးအူသံရှည်ကြီးကို ကြားလိုက်ရပြန်၏။

''အူး... ဝူး... ဝူး...''

''အူး... ဝူး ... ဝူး...''

ဒီတစ်ခါ အူလိုက်ပြန်သည့်ခွေးအူသံက ရွာအဝင်လမ်းမ အလယ်ဆီမှ ဖြစ်သည်။ ထိုအသံကြီးမဆုံးခင်မှာပင် နောက်ထပ် ဆင့်ကာဆင့်ကာ အူလိုက်ကြသည့် ခွေးအူသံတွေက တိတ်ဆိတ်နေသော ညသန်းခေါင်အချိန်ကြီးတွင် ကာလပျက်သလို ကျွက်ကျွက်ညံကုန်သည်။

ဘာပဲပြောပြော တိတ်ဆိတ်နေသည့် အခုလိုအချိန်မျိုးတွင် ရွာလမ်းမပေါ်မှာ တစ်ယောက်တည်း လျှောက်နေမိသည့် မှတ်ကြီးမှာ အနည်းငယ်ပင် စိတ်က ချောက်ချားလာ၏။

တဖြည်းဖြည်း လျှောက်လာရင်း ရွာတောင်ပိုင်းအစွန်မှ သူတို့အိမ်ကလေးကို လှမ်းမြင်နေရပေပြီ။ ထိုခပ်ကုတ်ကုတ်အိမ်ကလေးထဲတွင် မီးရောင်တစ်စနှစ်စ လင်းလက်နေသည်ကို တွေ့လိုက်ရသည်။

❑





''အမလေး သမီးရယ်... အဖြစ်ဆိုးလှချေလား...၊ အီး... ဟီး... ဟီး... ဘယ်လိုဘဝ ဝဋ်ကြွေးတွေကြောင့် ညည်း ဒီဘဝမှာ ဒုက္ခတွေနဲ့ လာကြုံရတာလဲအေ... ပြောပါဦး... အမေ့ကို ပြောပါဦး... သမီးလေး ထွေးခင်ရဲ့...''

အိမ်အဝင်ဝအရောက်...

ကြားလိုက်ရသည့် ယောက္ခမဖြစ်သူဒေါ်ဒေါင်းစိန်၏ ငိုသံကြောင့် မှတ်ကြီး၏ နှလုံးသွေးကြောတွေ ဆောင့်ဆွဲခံလိုက်ရသလို အောင့်သွားပြီး မိုက်ခနဲပင် ဖြစ်သွား၏။

''ဟင်...''

အိမ်ကုတ်ကုတ်လေးထဲသို့ ကမူးရှူးထိုးနှင့် မှတ်ကြီး ပြေးဝင်သွားလိုက်၏။ သူတို့အိမ် ကျဉ်းကျဉ်းကျုတ်ကျုတ်ကလေးထဲတွင်တော့...

ကိုယ်ဝန်အရင့်အမာကြီးနှင့် ထွေးခင်မှာ မီးမဖွားနိုင်ဘဲ ပက်လက်အနေအထားနှင့် ပုံပျက်ပန်းပျက် သေဆုံးနေပေပြီ။

ထိုအခါမှ မှတ်ကြီး ခေါင်းထဲရောက်လာသည့်အတွေးတစ်ခုက

''ဟင်... ဒီတစ်ခါ ကစားပွဲအပြီးမှာ မြင်ရတဲ့အနိဋ္ဌာရုံက ငါ့မိန်းမ ထွေးခင်ကိုယ်တိုင်ရဲ့ အနိဋ္ဌာရုံ ဖြစ်နေပါပေါ့လား...''

❑



www.burmeseclassic.com

www.burmeseclassic.com







အခန်း ( ၁၁ )

"ထွေးခင်... ထွေးခင်... ဟာ"

တစ်ဆို့နေသော သူ့လည်ချောင်းအတွင်းမှ နောက်ထပ်အသံတို့က ထွက်မလာ...။ ရင်ထဲတွင် မွန်းကျပ်ကျပ်နှင့် ဆောက်တည်ရာ မရဖြစ်နေ၏။ ထို့နောက် သိမ့်ခနဲ ရှိုက်သံနှင့်အတူ မှတ်ကြီး၏ ဗလုံးဗထွေး ငိုချလိုက်သည့်အသံကြီးကြောင့် အသုဘအလောင်းဘေးတွင် ထိုင်နေကြသူတွေအားလုံး နောက်သို့ အလိုလိုဆုတ်သွားမိကြသည်။

"ငါ... ငါရောက်လာပြီလေ ထွေးခင်... ငါ နှင့်အတွက် ပိုက်ဆံတွေ သွားရှာတာဟ ... နင် ထကြည့်စမ်းပါဦး"

ထို့နောက် ဘေးတွင် ထိုင်နေကြသည့် လက်သည်မိန်းမကြီး ဒေါ်ပြားဘက်သို့ လှည့်ကာ အရူးတစ်ယောက်လို ဖြစ်နေသော လေသံဖြင့်...





www.burmeseclassic.com

www.burmeseclassic.com



"ဒေါ် ... ဒေါ်ပြား ကျုပ်ကို ပြောစမ်းပါဦးဗျာ။ အခု ဘယ်လို တွေ ဖြစ်ကုန်တာလဲ.... အီး ဟီး ဟီး..."

"မင်းမိန်းမ ထွေးခင်က အာဟာရကလည်း မရှိ... အားအင် တွေကလည်း ပြတ်နေတော့ ကိုယ်ဝန်ကို မညှစ်နိုင်ရှာဘူး မှတ်ကြီးရဲ့။ ငါလည်း တတ်သလောက်တော့ အစွမ်းကုန် ကြိုးစားတာပဲ မှတ်ကြီးရယ် နင့်မိန်းမရဲ့ ကံပေါ့..."

မှတ်ကြီးက ဒေါ်ပြား၏ စကားတွေကို မျက်ထောက်နီကြီးနှင့် ကြည့်ပြီး နားထောင်နေရာမှ ဝါးအခင်းကြမ်းပြင်တွေကို သူ့လက်သီး တွေနှင့် ထုပြီး ငိုနေပြန်သည်။ တစ်ချိန်လုံး သူ့ကို မျက်စောင်းခဲက စိုက်ကြည့်နေသည့် ဒေါ်ဒေါင်းစိန်က ထိုအခါမှ...

"ဟဲ့... သေခြင်းဆိုး... အခုမှလာပြီး လူမြင်ကောင်းအောင် ငိုပြမနေနဲ့... ငါ့သမီးသေရတာ နင့်ကြောင့်၊ နင့်ရဲ့ လူမဆန်တဲ့ မိုက်ဇာတ်တွေကြောင့် စားရမဲ့သောက်ရမဲ့ဖြစ်ပြီး အခုလို အဖြစ်ဆိုးရတာ။ အီး ဟီး... ဟီး... ငါ နင့်မျက်နှာကို မမြင်ချင်ဘူး မှတ်ကြီး... နင် အခုချက်ချင်း ငါ့အိမ်ပေါ်က ဆင်း...၊ အမလေး အရပ်ကတို့ရယ်... ဒင်းကြောင့် ကျုပ် သမီးလေး သေရတာပါတော်... အီး ဟီး ဟီး ဟီး"

မှတ်ကြီးကတော့ သူ့မိန်းမထွေးခင်၏အလောင်းကို ငေးငေး ကြီး စိုက်ကြည့်နေကာ ကျောက်ရုပ်တစ်ခုလို ငြိမ်သက်တောင့်တင်း နေ၏။ ဒေါ်ဒေါင်းစိန်၏ ဆူပူကြိမ်းမောင်းနေသည့်အသံတွေကိုလည်း သူ့နားထဲတွင် နည်းနည်းမှ ကြားပုံမပေါ်ဘဲ ရင်တစ်ခုလုံး မီးအမြှုက်ခံ ထားရသူလို ဖြစ်နေ၏။





ခဏကြာမှ သူ့ပခုံးနှစ်ဖက်ကို လာပြီး ခပ်ကြမ်းကြမ်းဆုပ်ကိုင် ဖျစ်ညှစ်လိုက်သည့် ကိုဘတူကြောင့် မှတ်ကြီး သတိပြန်ဝင်လာသလို ဖြစ်လာသည်။ ထိုအခါမှ ဒေါ်ဒေါင်းစိန်၏အသံကလည်း ခုနစ်သံချီ ဆက်ပြီး အော်ဟစ်ငိုယိုပြန်သည်။

"အီး ဟီး ဟီး ... အဖြစ်ဆိုးလိုက်တာ ထွေးခင်ရဲ့... ညည်း ဒုက္ခတွေက သေတဲ့အထိ မအေးပါလား... ဘာမှ လက်ကြော မတင်းတဲ့ အကောင်ကိုမှ လင်လုပ်မိမှတော့ ညည်းအသေ ဆိုးနဲ့ သေရပြီပေါ့..."

"တော်ပါတော့ ဒေါ်ဒေါင်းစိန်ရယ်... ညည်းမလဲ ပင်ပန်းနေပါပြီ။ ပြီးတာတွေလည်း ပြီးကုန်ပြီပဲဟာ။ မှတ်ကြီးလည်း သူ့မိန်းမ ပဲအေ ... ဒီလိုတော့ ပစ်ပစ်ခါခါတွေ မပြောပါနဲ့..."

အနားက လူတွေက ဒေါ်ဒေါင်းစိန်ကို ချော့ချော့မော့မော့နှင့် ကျောသပ်ရင်သပ် စကားတွေ ပြောကာ နှစ်သိမ့်ပေးနေကြသည်။ ထိုအခါ မှ ဒေါ်ဒေါင်းစိန်ကလည်း အင်္ကျီလက်မောင်းကို ပင့်ကာပင့်ကာနှင့် အငိုတစ်ဝက်နှင့် ပြောပြန်သည်။

"ညည်းတို့က ဒင်းအကြောင်းကို ဘယ်လောက် သိကြလို့ လဲ... ကိုယ့်မိန်းမလုပ်တဲ့သူ မွေးခါနီး ဖွားခါနီးမှာတောင် အနားမှာနေပြီး တစ်ချက်ကလေး စောင့်ရှောက်ဖို့ သတိမရတဲ့ အကောင်ကို... အီး ဟီး"

ထိုစကားဆုံးသည်နှင့် တစ်ပြိုင်နက် ဒေါ်ဒေါင်းစိန်က မှတ်ကြီး ကို ကြည့်ရင်း ဒေါသစိတ်တွေ တရိပ်ရိပ်တက်လာကာ ကုန်းပြီး အော်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့အကောင် မှတ်ကြီး ... နင် အခုချက်ချင်း ငါ့မျက်စိအောက်က ထွက်သွား... ထွက်သွား... အီး ဟီး..."

တဖြည်းဖြည်းတင်းမာလာသောအခြေအနေကြောင့် မှတ်ကြီးဘေးမှ ကိုဘတူက မှတ်ကြီးကို ချော့ကာ မော့ကာနှင့် အပြင်သို့ ခေါ်ထုတ်သွား၏။

"လာကွာ... မှတ်ကြီး၊ ငါတို့အိမ်ဘက်သွားရအောင်.. အိမ်ကျတော့ မင်း စိတ်ပြေလက်ပျောက်ကလေးဖြစ်အောင် နည်းနည်းပါးပါး ချလိုက်..."

ကိုဘတူ၏စကားကြောင့် အခုချိန်တွင် အမှန်တကယ်လိုအပ်နေသည့် အရာမှာ အရက်ပြင်းပြင်းတစ်ခွက်မှန်း မှတ်ကြီး ဖျတ်ခနဲသတိရသွား၏။ ထို့နောက် မှတ်ကြီးက သူ့အကျီအိတ်ထဲမှ ဖဲနိုင်လာသည့် ငွေစတွေကို လက်တစ်ဆုပ်စာ နှိုက်ယူကာ ယောက္ခမဖြစ်သူ ဒေါ်ဒေါင်းစိန်၏ရှေ့ ဝါးအခင်းကြမ်းပြင်ပေါ်ကို ပစ်ချလိုက်ရင်း...

"ဒီမှာ... ကျုပ် ခင်ဗျားပြောသလို အလကားကောင်မဟုတ်ဘူး... ပိုက်ဆံရှာနေတာ။ ခင်ဗျားတို့သားအမိသုံးဖို့ ပိုက်ဆံရှာနေတာ... ရော့... သုံး... သုံးကြစမ်း..."

တချွင်ချွင်နှင့်ကျလာသော ငွေစတွေက ကြမ်းပြင်ပေါ်တွင် ဖွေးဖွေးလှုပ်နေ၏။ ထိုအခါမှ ဒေါ်ဒေါင်းစိန်နှင့် အခြားသူများမှာလည်း မှတ်ကြီး၏ မျက်နှာကို ကြည့်လိုက်မိကြသည်။

မှတ်ကြီးကတော့ မျက်ရည်စတွေကို လက်ဖမိုးဖြင့် သုတ်ရင်း ကိုဘတူနှင့်အတူ အိမ်ပေါ်မှ ဆင်းသွားတော့သည်။

❑





အချိန်ကြာလာသည်နှင့် ခွက်ရေတွေ စိပ်လာသော မှတ်ကြီးမှာ တစ်ကိုယ်လုံး ယိုင်ထိုးနေ၏။ သူ့ဘေးမှာ အတူတူယှဉ်သောက်နေသော ကိုဘတူမှာလည်း ဘယ်အချိန်ကတည်းက မူးပြီး အိပ်ပျော်နေသည် မသိ။ တုတ်တုတ်မျှ မလှုပ်တော့။ မှတ်ကြီးက ပုလင်းထဲမှ လက်ကျန်အရက်တွေကို ရေပင် မရောတော့ဘဲ မော့သောက်ချလိုက်ပြီး ကိုဘတူတို့အိမ်မှ တစ်ယောက်တည်း လှည့်ထွက်လာခဲ့သည်။

မည်းမှောင်နေသော ရွာလမ်းတစ်လျှောက်လုံးမှာ သူ့ခြေလှမ်းတွေက ဦးတည်ရာကင်းမဲ့နေသည်။ တစ်ချိန်တည်းမှာပင်... မိသားစုအနှောင်အဖွဲ့မရှိတော့သည့်အတူတူ ဖြစ်ချင်ရာ ဖြစ်စေတော့ဆိုသည့် သူ့စိတ်က အိမ်ကိုပင် မပြန်ချင်တော့။ သံယောဇဉ်နှင့် အသိုက်အဝန်းဆိုသည့်ဝေါဟာရတွေကလည်း သူ့အတွက် ဘာတစ်ခုမှ မလိုအပ်တော့...။ ယောက္ခမဆိုသည်မှာလည်း သမီးရှိစဉ်ကသာ သူ့အတွက် ဆွေးမျိုးဖော်ကြောဖက်ဖြစ်ခဲ့သော်လည်း အခုတော့ တစ်ကမ္ဘာစီ ဝေးကွာလွန်းသွားပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

မှတ်ကြီးတစ်ယောက် လျှောက်မိလျှောက်ရာဆီ မူးမူးရူးရူးဖြင့် လျှောက်လာမိခဲ့သည်မှာ ဘယ်နေရာတွေကို ရောက်လို့ ရောက်နေမှန်း မသိ။ သူ သတိထားမိသည့်အချိန်တွင် တစ်ကြိမ်တစ်ခါမှ ရောက်ဖူးခြင်း မရှိသည့် လယ်ကွင်းပြင်ကျယ်ကြီးအလယ်သို့ ရောက်နေ၏။ လရောင် မှုန်မွှားမွှားကျနေသော်လည်း အရှေ့အနောက်တောင်မြောက်တွေ မှတ်ကြီး မသိတော့ သောက်ထားသည့် အရက်အရှိန်ကြောင့် ကိုယ်ခန္ဓာ တည့်မတ်ဖို့တောင် မနည်းကြိုးစားပြီး လျှောက်နေရသည်။ ထို့နောက် သူ ယိမ်းထိုးပြီး လှမ်းလျှောက်နေသည့် ခြေလှမ်းတိုင်းမှာ အင်္ကျီအိတ်ထဲမှ ငွေစတွေ လှုပ်ခတ်နေသံကို တချွင်ချွင် ကြားနေရသည်။

ထိုအခါမှ သူ့လက်တစ်ဖက်က အင်္ကျီအိတ်ကပ်ကို ပြန်စမ်းကြည့်မိလိုက်၏။

"ဟင်... ငါ့အိတ်ထဲမှာ ငွေစတွေ ကျန်နေသေးပါလား... အရက် ... အရက်။ ဒီအချိန်မှာ ငါနဲ့အတူ အမြဲရှိနေမှာက အရက်... ဟုတ်တယ်... အရက် ထပ်သောက်ရမယ်"

ထိုအတွေးနှင့်အတူ မှတ်ကြီး၏ ခြေလှမ်းတွေက ဘယ်ယိုင်ညာနင်းဖြင့် ခပ်လှမ်းလှမ်းမှ လှမ်းမြင်နေရသော မီးရောင်တလက်လက်နှင့် လူနေအိမ်လိုလို အဆောက်အဦတစ်ခုကို လှမ်းတွေ့လိုက်ရသည်။

မှတ်ကြီးက ထိုနေရာသို့ ရောက်သည်နှင့် ဝေဝါးနေသော သူ့မျက်လုံးအစုံကို အတင်းဖြဲကာ ကြည့်လိုက်မိ၏။

"ဟင်... ဒါ လူနေတဲ့အိမ်မှ မဟုတ်တာ... ဇရပ်အိုကြီး တစ်ဆောင်ပဲ"





ထိုဇရပ်အိုကြီးတွင် အောက်လင်းမီးတစ်လုံး ထွန်းညှိထားပြီး ထိုအောက်လင်းမီးရောင်အောက်တွင်လည်း လူတွေ လှုပ်လှုပ်ရှားရှားနှင့် တွေ့နေရသည်။ မှတ်ကြီးက သေချာအောင် သူ့မျက်စိတွေကို ပွတ်သပ်ပြီး ထပ်ကြည့်လိုက်၏။

သေချာပါသည်။ ထိုဇရပ်အိုပေါ်တွင်တော့ မတ်တတ်ရပ်သည့်သူက ရပ်၊ ဝိုင်းဖွဲ့ထိုင်သည့်သူက ထိုင်နှင့် စကားသံတွေပါ ကြားနေရသည်။

"ဟင် ... ဒါ မဟုတ်မှလွဲရော ဖဲဝိုင်းပဲ ဖြစ်မယ်"

ထိုအတွေးနှင့်အတူ မှတ်ကြီး၏ လက်တွေက တုန်တုန်ယင်ယင်နှင့် ကိုတဆောင်၏ ကြေးဒင်္ဂါးပြားလေးကို ဆုပ်ကိုင်မိလျက်သား ဖြစ် သွားသည်။ နောက်ပြီး သူ၏ ကိုးရက်မြောက်နေ့ကိုလည်း ချက်ချင်း ပြန်သတိရသွား၏။

"ဒီတစ်ကြိမ်ဟာ ငါ့အတွက် နောက်ဆုံးအကြိမ် ကစားရမယ့်ပွဲပဲ... အဲ... ဒါပေမဲ့ ငါ ကစားရမယ့်အချိန်က ကျမှ မကျသေးတာ။ အခုမှ အလွန်ဆုံးရှိလှ ည တစ်ချက်တီး နှစ်ချက်ပေါ့။ အို... ရှုပ်ပါတယ်... ဖြစ်ချင်ရာဖြစ် ဖဲချပ်တွေကို ကိုင်နေရရင် တော်ပြီ..."

သူ တဖြည်းဖြည်း ဇရပ်အိုကြီးအနားသို့ တိုးကပ်သွားသည်နှင့်အမျှ မြင်ကွင်းကို သဲသဲကွဲကွဲမြင်လာရသည်။ အမှန်တကယ်ပင် ဇရပ်အိုပေါ်မှာ ဖဲဝိုင်းဖြစ်နေ၏။ အချို့က မတ်တတ်ရပ်လျက်၊ အချို့မှာ စောင်ကြားကြီးတွေ၊ ခေါင်းပေါင်းစကြီးတွေကို ခြုံပြီး လူနှစ်ဆယ်နီးပါးမှာ ဟေးခနဲ ဝါးခနဲ ပွဲဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီးက ဒယိမ်းဒယိုင်ခြေလှမ်းတွေနှင့် ဇရပ်အိုပေါ်သို့ တက်သွား၏။ သူ ဇရပ်အိုပေါ်သို့ ရောက်သည်နှင့် ဖဲဝိုင်းထဲမှ လူတစ်ယောက်က သူ့ကို ခြေဆုံးခေါင်းဖျား လှမ်းကြည့်နေသည်ကို ဝိုးတဝါး အလင်းရောင်နှင့် မြင်လိုက်ရသည်။ သူ လှမ်းမြင်နေရသော ဖဲဝိုင်းမှလူမှာ မျက်နှာတစ်ဝက်တစ်ပျက်သာ ဖော်ထားပြီး ခေါင်းတစ်ခုလုံးကို တဘက်စောင်ကြားကြီးနှင့် လုံအောင် မေးသိုင်းချည်ထား၏။ ထိုသူက မှတ်ကြီးကို မြင်လိုက်သည်နှင့် ရှေ့သွားတွေကို တမင်စီကာ ရယ်ပြလိုက်ပြီး

"ဘယ်လိုလဲ... ဖဲ... ဖဲရိုက်... ရိုက်... ချင်လို့... လို့... လား...၊ ခင် ခင်ဗျား ရိုက် ရိုက်ချင်ရင်... ကျုပ် နေ... နေရာက ဝင်.. ဝင်လေ..."

ထိုသူက အထစ်ထစ်အငေါ့ငေါ့ပြောပြီး မှတ်ကြီးကို ဖဲဝိုင်းတစ်နေရာစာရအောင် ဖယ်ပေးလိုက်သည်။ မှတ်ကြီးကလည်း လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော ဒင်္ဂါးပြားကို ပါးစပ်ထဲတွင် မသိမသာ ထည့်ငုံလိုက်ပြီး ဖဲဝိုင်းထဲသို့ ဇွတ်ခနဲ ဝင်ထိုင်လိုက်တော့သည်။

❑







အိတ်ထဲတွင် ရှိသမျှ ပိုက်ဆံတွေကို ချထိုးနေသော မှတ်ကြီးမှာ အချိန်မကျသေးဘဲ ကိုးတွေနှင့် နိုင်နေသည့် ဖဲများကြောင့် အံ့အားသင့်နေမိသည်။ သူ့ကို အလှည့်တိုင်း အလျော်ပေးနေရသည့် ဒိုင်လုပ်သူမှာလည်း ဘေးမှ အပေါင်းအသင်းတွေနှင့် တဟေးဟေး တဟားဟားပင် ရယ်မောနေပြန်သည်။

"ဖြောင်း"

"ကိုး... "

မှတ်ကြီးက သူ့လက်ဖဝါးထဲသို့ ရိုက်ချလိုက်သည့် ဖဲမှာ ကိုးဖြစ်နေပြန်သဖြင့် ဝမ်းသာအားရ အော်လိုက်ပြန်သည်။

ဒိုင်လုပ်သူကလည်း မှတ်ကြီး ကိုး ဟု အော်လိုက်တိုင်း သူ့ဖဲကိုပင် ခင်းပြမနေတော့ဘဲ မှတ်ကြီး ထိုးသလောက် ငွေတွေကို ပေးလျော်နေ၏။ ဘေးမှ ထိုးသားများမှာလည်း ဒိုင်အစားခံရသည့်အလှည့်ရောသူတို့ ရသည့် အလှည့်ပါ တဝါးဝါးတဟားဟားနှင့် ရယ်မောနေကြသည်။

ဒီလောက် အူမြူးနေကြသည့် ဖဲဝိုင်းမျိုး မှတ်ကြီး ဘဝမှာ တစ်ကြိမ်တစ်ခါမှ မကြုံဖူးသဖြင့် တစ်ခါတစ်ရံ မှတ်ကြီးက ထိုသူတွေနှင့်ရောကာ ဟက်ဟက်ပက်ပက်ပင် လိုက်ရယ်လိုက်သေးသည်။ သို့သော် မှတ်ကြီးက သူ စပြီး ကစားကတည်းက ဒိုင်လုပ်သူ၏ဖဲမှာ ဖဲပွင့်



www.burmeseclassic.com

ဘယ်လောက်ပဲရှိနေ၍ သူ့ကို လျော်ပေးနေမှန်းမသိ။ နည်းနည်းတော့ စိတ်ဝင်စားလာသည်။

"ခင်ဗျားဖဲက ဘယ်လောက်ပဲရှိလို့ ကျုပ်ကို လျော်ရတာလဲ ပြစမ်းပါဦး..."

ထိုသူက မှတ်ကြီး၏ အမေးစကားတွေကို ဂရုမစိုက်ဟန်ဖြင့် သူ့နံဘေးမှ အခြားသူတွေကို တီးတိုးပြောဆိုကာ ရယ်မောနေပြန်သေးသည်။

နားမလည်နိုင်သည့်အကြည့်ဖြင့် သူတို့အားလုံးကို မှတ်ကြီးက စေ့စေ့ကြည့်လိုက်သည်။ မှတ်ကြီး၏လက်အောက်အိမ်မှ ထိုးသားမှာ စောင်ကြားကြီးကို ခေါင်းမြီးခြုံထားပြီး မျက်လုံးမျက်ဆန်တွေက သူ ကိုင်ထားသော ဖဲချပ်ကို ကြည့်နေသည်ဟု မထင်ရ။ ဖြည်းညင်းစွာ အပေါ်အောက် လှုပ်ရှားနေသည်။

မှတ်ကြီး၏ အထက်အိမ်မှ ထိုးသားမှာလည်း သူ့တစ်ကိုယ်လုံး ဖွေးဖွေးလှုပ်အောင် ကပ်နေသည့် ဖွဲမှုန့်တွေလိုလို၊ ဆန်ကွဲမှုန့်တွေ လိုလိုကြောင့် မျက်နှာကိုပင် သေသေချာချာ မမြင်ရချေ။

သည်လိုနှင့်... ဒိုင်လုပ်သူက ခြောက်လှည့်မြောက်ပွဲကို စတင်ရန် စကားဆိုလိုက်သည်။

"ကဲ... မကြေပွဲရှိရင် အောလို့ရတယ်နော်။ စိတ်ပါရင် အိတ်မှာ ပါသလောက် ထိုး"

"ဟင်... ငါ ဒီလိုပြောသံမျိုး ဘယ်ဖဲဝိုင်းမှာ ကြားဖူးခဲ့တာပါလိမ့်...၊ ...၊ ဒါ ဒါ ကိုသိန်းမောင်... ဟုတ်တယ်... ကိုသိန်းမောင် ပြောနေကျစကားပဲ..."





ဒိတ်ခနဲ တိုးဆောင့်သွားသော နှလုံးခုန်သံနှင့်အတူ မှတ်ကြီးက ဒိုင်လုပ်သူကို လှမ်းကြည့်လိုက်၏။ ကုလားဖန်ထိုးနေသည့် ဒိုင်၏ လက်တစ်ဖက်မှ လက်ညှိုးမှာ ငုံးတိတိကြီး ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ထိုသို့ ငုံးတိတိဖြစ်နေသည့် လက်ညှိုးဘေးမှ လက်ခလယ်မှာလည်း အကောင်းပကတိမဟုတ်တော့ဘဲ ဓားနှင့်အခုတ်ခံလိုက်ရပြီး မပြတ်ဘဲ ကျန်နေသည့် လက်ချောင်းလို ချုပ်ရာတွေ ဗရပွနှင့် အစင်းကြောင်းကြီး ဖြစ်နေ၏။

ထိုအခါမှ မှတ်ကြီးက သူ့ပါးစောင်ထဲတွင် ငုံထားသည့် ဒင်္ဂါးပြားကို တစ်ဖက်ပါးစောင်သို့ ပြောင်းငုံလိုက်ရင်း ဖရုပ်ပေါ်မှ လူတွေ အကုန်လုံးကို အကဲခတ်ဟန် မျက်လုံးဝေ့ကြည့်လိုက်၏။ အားလုံး၏ မျက်စိတွေကလည်း သူ့ပါးစပ်ထဲမှာ လှုပ်ရှားနေသော ဒင်္ဂါးပြားလေးကို လိုက်ပြီး ကြည့်နေကြလေသည်။

"ဟင်..."

သိပ်မကြာလိုက်... ခြောက်လှည့်မြောက် ဖဲနှစ်ချပ်ကို ဒိုင်က ဝေပေးလိုက်ပြန်၏။

"ဟား... ဟား... ဟား... ဟီး... ဟီး... ဟီး"

မှတ်ကြီးက ထိုဖဲနှစ်ချပ်ကို ကောက်ယူကြည့်လိုက်စဉ်မှာပင် အားလုံး၏ ရယ်မောသံတွေက ဖရုပ်အိုပေါ်တွင် ပြိုကျလာသလို ကြားလိုက်ရသည်။

မှတ်ကြီးဘေးမှ ဖဲသမားကတော့ ဆန်စက်ထဲမှ ထလာခဲ့သလား မသိ။ တစ်ကိုယ်လုံး ဖွဲမှုန့်၊ ဆန်ကွဲမှုန့်တွေ ဖွေးဖွေးလှုပ်အောင်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကပ်နေသည်။ ထိုဖဲသမားမှာ တဝါးဝါးတဟားဟားနှင့် အားရပါးရရယ်ပြီးသောအခါ တစ်ပတ်လည်သွားသော သူ့ဦးခေါင်းကို သူဘာသာသူ ပြန်ပြန်ပြီး တည့်မတ်နေရ၏။

ဒိုင်၏ဘေးတွင် ကပ်ထိုင်နေသည့် အသားမည်းမည်းနှင့် ဖဲသမားတစ်ယောက်ကလည်း ထူးထူးခြားခြားပင် လည်ပင်းက ရှည်လျားပြီး ငေါထွက်နေလေသည်။

ထိုအခါမှ...

''ဒီ... ဒီလူတွေအားလုံးက လူအစစ်တွေမှဟုတ်ရဲ့လား...''

မသင်္ကာဖြစ်လာသည့်မှတ်ကြီး၏ စိတ်တွေက ယောက်ယက်ခတ် လှုပ်ရှားလာသည်။ နောက်ပြီး ရင်တစ်ခုလုံး ဖြောင်းဆန်အောင် ဂနာမငြိမ်ဖြစ်လာကာ သောက်ထားသည့်အရက်တွေပင် ဘယ်ဆီ ရောက်ကုန်မှန်း မသိတော့။ ကြောက်လန့်တုန်လှုပ်လာ၏။

ထို့နောက် မှတ်ကြီးက ဖဲနှစ်ချပ်ကို ကပျာကယာကြည့်ပြီး ဝိုင်းအလယ်သို့ လှန်ချပြမည်ပြုလိုက်စဉ်မှာပင် သူ ထိုးထားသည့် ငွေတွေအတိုင်း ဒိုင်လုပ်သူက အလျော်ပေးထားနှင့်နေပြီ ဖြစ်သည်။

ပိုဆိုးသည်က သူ့ဖဲက နှစ်ဆကိုးဖြစ်နေသည်ကိုပင် ဒိုင်က သိနေကာ နှစ်ဆအလျော်ပေးထားပြီး ဖြစ်နေ၏။ မှတ်ကြီးက ထိုငွေတွေကို အင်္ကျီအိတ်ထဲသို့ ကောက်ထည့်လိုက်ပြီး...

''မဖြစ်ဘူး။ ဒီနေရာက မြန်မြန်ထွက်သွားမှ ဖြစ်မယ်။ ကိုးလှည့်ဖြစ်ဖို့ကလည်း နောက်ထပ် သုံးပွဲတောင် လိုသေးတယ်။ တော်ပြီ။ ပိုက်ဆံမရရင်လည်း နေပါစေတော့...''





မှတ်ကြီးက ထိုအတွေးနှင့်အတူ ဒိုင်လုပ်သူကို **အကဲခတ်**ရင်း လှမ်းပြောလိုက်၏။

''ကဲ... တော်ပြီဗျာ... ကျုပ်သွားစရာရှိသေးလို့...''

ပြောပြောဆိုဆို မှတ်ကြီးက သူ့ပါးစောင်ထဲမှ ဒင်္ဂါးပြားကို နေရာပြောင်း ငုံလိုက်၏။ ထိုအချိန်မှ ဒိုင်လုပ်သူက

''ခင်ဗျားက ဘယ်ကို သွားမှာလဲ... ခင်ဗျားမှာ သွားစရာ နေရာ မရှိတော့ဘူး''

''ဗျာ''

ဒိုင်လုပ်သူ ပြောလိုက်သည့် စကား၏အဓိပ္ပာယ်က တစ်မျိုးကြီး ဖြစ်နေသည်ဟု ခံစားလိုက်ရ၏။

''ဟုတ်တယ် ဟေ့လူ။ ဒီအချိန်မှာ ခင်ဗျား အနိုင်နဲ့ဝိုင်းလို့ ဘယ်ရမလဲ...''

ဘေးမှ ရပ်ကြည့်နေသည့်သူတွေကပါ မှတ်ကြီး၏ စကားကို ဝိုင်းပြီး ကန့်ကွက်နေကြသည်။

ထိုစဉ်မှာပင် ဒိုင်က နောက်တစ်ကြိမ်အတွက် ဖဲကို ဝေပေးနေတော့သည်။

တစ်ဝိုင်းလုံးရှိရှိသမျှလူတွေအားလုံးက မှတ်ကြီးကို မျက်လုံးစိမ်းတွေနှင့် ဝိုင်းကြည့်နေကြသည်။ မှတ်ကြီးမှာ နောက်ဆုံးတော့ သူ့အိတ်ထဲမှ ပိုက်ဆံတွေကို ချပြီး ထိုးကာ ဝေထားသည့် ဖဲနှစ်ချပ်ကို ကောက်ယူကြည့်လိုက်ရသည်။

ဖဲကတော့ ကျနေကျအတိုင်း ကိုးပင် ဖြစ်နေသည်။ ထိုဖဲကို အောက်သို့ချပြလိုက်စဉ်မှာပဲ ဒိုင်ဖြစ်သူက သူ့ကို အလျော်ပေးထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြန်သည်။ မှတ်ကြီးက အလျော်ရသည့်ပိုက်ဆံတွေကို ချက်ချင်း လှမ်းမယူသေးဘဲ လက်တွန့်နေ၏။ ထို့နောက် ...

''ခင်ဗျား... ဖဲကိုလည်း ပြဦးလေဗျာ... ကျုပ်ကို ဘာဖဲနဲ့ လျော်တာလဲ...''

''ခင်ဗျား အလျော်ရရင် ပြီးတာပဲဟာ... ဘာကြောင့် ကျုပ်ဖဲကို စပ်စုချင်ရတာလဲ...''

တုံးတိတိပြောလိုက်သောဒိုင်၏စကားကြောင့် မှတ်ကြီးမှာ ပိုပြီး မသင်္ကာဖြစ်မိသွား၏။ မှတ်ကြီးက...

''မဟုတ်ဘူးလေဗျာ။ ကျုပ်က စပ်စုနေတာမဟုတ်ပါဘူး။ ခင်ဗျားက ကျုပ်ဖဲကိုတောင် မမြင်ရသေးဘဲ အလှည့်တိုင်း လျော်ပေးနေလို့ စိတ်ဝင်စားနေတာပါ...''

''ကဲ... ခင်ဗျား ဒီလောက်တောင် ကျုပ်ဖဲကို ကြည့်ချင်နေရင်လည်း ပြရတာပေါ့ဗျာ... ရော့ကြည့်''

ပြောပြောဆိုဆို ဒိုင်လုပ်သူက သူ့လက်ထဲမှ ဖဲနှစ်ချပ်ကို မှတ်ကြီး၏ရှေ့သို့ ချပြလိုက်၏။ မှတ်ကြီးက ထိုဖဲနှစ်ချပ်ကို ကောက်ယူပြီး ကြည့်လိုက်စဉ်မှာတော့...

''ဟင်...''

သူ မြင်လိုက်ရသည့် ဖဲချပ်တွေ၏ မျက်နှာပြင်ပေါ်တွင် ဖဲပွင့်များမဟုတ်ဘဲ ပွင့်ဟနေသည့် အသုဘခေါင်းတလားကြီးထဲတွင် သူ့မျက်နှာနှင့် ချွတ်စွတ်တူနေသည့်အလောင်းကြီး...။





တစ်ချိန်တည်းမှာပင် သူ့ခန္ဓာကိုယ်တစ်ခုလုံး လွင့်စင်ထွက်သွားမတတ် ဖြစ်သွား၏။ ချက်ချင်းဆိုသလို မှတ်ကြီး၏ နှလုံးခုန်သံတွေမှာလည်း ထိတ်လန့်စိတ်ကြောင့် ဆောင့်ပြီး ခုန်တက်သွား၏။

ပတ်ဝန်းကျင်တစ်ခုလုံးကို လှည့်ပတ်ပြီး ကြည့်လိုက်သော်လည်း သူ့ကို ကယ်မယ့်သူမရှိသည့်အပြင် အားလုံးက တဝါးဝါး တဟားဟားနှင့် ရယ်မောနေကြသည်။

လက်ထဲတွင် ကျောက်ရုပ်တစ်ရုပ်လို ဆုပ်ကိုင်ထားသော ဖဲနှစ်ချပ်ပေါ်မှ သူ့ရုပ်အလောင်းပုံကြီးကလည်း အမှန်တကယ်ပင် သူ စစ်စစ်ဖြစ်နေ၏။

ထိုအခါမှ ဖဲဝိုင်းတွင် အတူထိုင်ပြီး ရိုက်နေသည့် ဖဲသမားတွေ၏ ပုံပန်းသဏ္ဍာန်က သူနှင့်အတူ တစ်ချိန်က ဖဲရိုက်ခဲ့ဖူးပြီး ဖဲဝိုင်းမှာပင် သေဆုံးခဲ့သည့်လူတွေဟု ထင်မိလိုက်တော့သည်။

တစ်ယောက်က အသားမည်းမည်းနှင့် လည်ပင်း အဆမတန် ရှည်လျားနေသည့် ဖဲသမား ငဘ၊ ဖွဲမှုန့်တွေတစ်ကိုယ်လုံး ဖွေးဖွေးလှုပ်လှုပ် ကပ်နေသည့် ဆန်စက်မှ အလုပ်သမား၊ နောက်ပြီး လက်ညှိုးငုံးတိတိကြီး ပြတ်နေသည့် ဒိုင်လုပ်သူ ကိုသိန်းမောင်...။ အားလုံးက သူ မြင်တွေ့လိုက်ရသည့် အနိဋ္ဌာရုံတွေက လူတွေ...။

ထိုစဉ်... ရုတ်တရက် ကြောက်လန့်စိတ်တွေကြောင့် အဟောင်းသား ပွင့်ထွက်သွားသော မှတ်ကြီး၏ပါးစပ်ထဲမှ ကိုဘဆောင်၏ ကြေးဒင်္ဂါးပြားလေးက စရပ်ကြမ်းပြင်ပေါ်သို့ ဒေါက်ခနဲ ထွက်ကျလာ၏။

မှတ်ကြီးက ထိုဒင်္ဂါးပြားကို ကပျာကယာ ပြန်ကောက်ယူလိုက်သည့်အချိန်မှာပင် သူ့ခေါင်းထဲ၌ အတွေးတစ်ခုက ဖျတ်ခနဲ ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒီရက်ပိုင်း ငါ ဖဲနိုင်ခဲ့တာဟာ ဒီဒင်္ဂါးလေးကြောင့် ဖြစ်ရသလို သူတို့တွေ အသေဆိုးနဲ့ သေခဲ့ရတာဟာလည်း ဒီဒင်္ဂါးလေး ကြောင့်ပဲလား..."

ထိုအတွေးနှင့်အတူ သူ့အပေါ် အုပ်မိုးနေသည့် မျက်နှာတွေကို ကြည့်လိုက်သောအခါ အားလုံးက ဘာစကားတစ်ခွန်းမှ မပြောကြဘဲ လက်တွေကို ရှေ့သို့ ဆန့်တန်းကာ သူ့ထံမှ ဒင်္ဂါးပြားလေးကို တောင်းနေကြသည်။

"မပေးဘူး... မပေးဘူး ..."

သွေးရူးသွေးတန်းနှင့်အော်ဟစ်ရင်း မှတ်ကြီးက ဒင်္ဂါးပြားကို အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။ ထို့နောက် သူက အင်္ကျီ၏အပေါ် ကနေ လက်နှစ်ဖက်ဖြင့် တင်းတင်းကျပ်ကျပ် ဖိကိုင်ထား၏။ ထိုအချိန် မှာပင် ...

"ဟား ဟား ဟား ဟီး ဟီး...."

အားလုံးက တဟီးဟီး တဟားဟားနှင့် ရယ်မောရင်း လက်တွေကို ဆန့်တန်းကာ မှတ်ကြီးရှိရာသို့ တိုးကပ်လာနေကြသည်။

တုန်ယင်နေသော သူ့ခြေထောက်တွေက မသယ်ချင်လောက် အောင် လေးလံနေသည်။ ထို့နောက် ထိုင်ရာမှ အားယူထကာ နောက် ဆုတ် နောက်ဆုတ်ဖြင့် လှည့်ပြီး ပြေးတော့၏။

သူ ဖရုပ်ပေါ်မှ အဆင်းတွင် ...

"ဝုန်း..."

ထိုအသံကြီးနှင့်အတူ မှတ်ကြီး၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဖရုပ် ရှေ့မှ မြေပြင်တွင် အရုပ်ကြိုးပြတ် လဲကျသွား၏။ ထိုအချိန်မှာပင်





ဒင်္ဂါးပြားကို လိုက်တောင်းနေကြသူတွေအားလုံးမှာလည်း သူ့အပေါ် အုပ်မိုးပြီး ကြည့်နေကြကာ တဟားဟားနှင့် အော်ဟစ်ရယ်မောနေကြ၏။

ကြောက်မက်ဖွယ်ရယ်သံတွေကြားတွင် မှတ်ကြီးက ကြိုးစား ပြီး ထကာ ပြေးမိပြေးရာကို အသံကုန်ဟစ်အော်ပြေးပြန်သည်။

"ကယ်... ကယ်ကြပါဦး... ကယ်ကြပါ..."

နောက်မှလိုက်လာသည့်ခြေသံတွေက မီလုမီခင်ဖြစ်နေချိန်တွင် ရုတ်တရက် သူ့ရှေ့မှ လက်ပံပင်ကြီးနောက်က ဘွားခနဲ ထွက်လာသည့် လူရိပ်သဏ္ဌာန်တစ်ခုကို လရောင်အောက်တွင် တွေ့လိုက်ရ၏။ ထိုအရိပ် သဏ္ဌာန်က လူတစ်ယောက်ဟုပင် ပြောလို့မရလောက်အောင် ဝတ်ရုံ ဖားလျားချထားပြီး ခန္ဓာကိုယ်ကြီးက ရှေ့သို့ ကိုင်းကျနေ၏။

ထိုနေရာသို့ ရောက်သောအခါ ...

"ဟင်... ကို ... ကိုဘဆောင် ..."

လရောင်ကြောင့် ပြတ်ပြတ်ထင်ထင်မြင်လိုက်ရ၍ ထိုဝတ်လွှာ ရုံကြီး ခြုံထားသောသူမှာ ကိုဘဆောင် ဖြစ်နေမှန်း မှတ်ကြီး သိလိုက် ရသည်။ ပြီးမှ...

"ဟင်... မဟုတ်သေးပါဘူး။ ကိုဘဆောင်က သေပြီပဲ။ ငါ ဘာတွေ လျှောက်မြင်မိတာလဲ။ မဖြစ်နိုင်ဘူး... မဖြစ်နိုင်ဘူး"

မှတ်ကြီး၏နောက်က ညာသံပေးပြီး လိုက်လာကြသူတွေမှာ လည်း သူနှင့် အလွန်ပင် နီးကပ်လာ၏။

ထိုအချိန်မှာပင်...

မားမားကြီးရပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ကိုဘဆောင်က မှတ်ကြီး၏ လက်ကို လှမ်းဆုပ်ဖမ်းကိုင်လိုက်သည်။ ပြီးနောက် ခြုံထားသောစောင်အနီကွက်ကျားကြီးနှင့် လွှမ်းအုပ်ဖုံးကွယ်လိုက်လေတော့သည်။

ရုတ်တရက် မှတ်ကြီးမှာ ချက်ချင်း အမှောင်ကျသွား၍ ဘာဆိုဘာမှ မမြင်ရတော့...။

ဆိုးရွားသော အပုပ်နံ့တွေနှင့်အတူ ပြင်းထန်သော အနံ့ဆိုးကြီးကို ရှူရှိုက်နေရသဖြင့် စောင်အောက်တွင် မွန်းကျပ်လာကာ တစ်ခဏအတွင်းမှာပင် သတိလစ် မေ့မြောသွားတော့သည်။

❑





မှတ်ကြီးတစ်ယောက် သတိပြန်ရလာသောအခါ မိုးစင်စင်လင်းနေလေပြီ။ ပြီးတော့ သူ့ခန္ဓာကိုယ်ကလည်း တူးထားခါစ မြေကျင်းကြီး တစ်ခုထဲသို့ ရောက်နေ၏။

"ငါ.. ငါ ... ဘယ်လိုရောက်နေတာလဲ... ညက အဖြစ်တွေက ငါ အိပ်မက်တွေ မက်နေတာလား... ဒါမှမဟုတ် မူးမူးရူးရူးနဲ့ ကယောင်ချောက်ချားတွေ ဖြစ်မိနေတာလား..."

ထိုအတွေးများနှင့်အတူ မှတ်ကြီးက ပက်လက်လဲကျနေရာ မြေကျင်းကြီးထဲမှ လူးလဲပြီး ထထိုင်လိုက်၏။ ထိုစဉ်မှာပင်...

အဆက်မပြတ် ထွက်လာသော ကြေးစည်သံကြီးနှင့်အတူ လူသံတွေကိုပါ ကြားလိုက်ရသည်။

"ဒူ... ဝေ... ဝေ..."

ထိုအသံတွေကြားတွင်တော့ အော်ဟစ်ငိုယိုသံတစ်ခုကိုပါ ကြားလိုက်ရသည်။ ဒီအသံက သူ ရင်းရင်းနှီးနှီးကြားဖူးထားသည့် ငိုသံ...။

"အမလေး... သမီးလေး ထွေးခင်ရဲ့... အမေ့ကို တစ်ယောက်တည်း ထားခဲ့ပြီလား... အီး... ဟီး... ဟီး"



www.burmeseclassic.com

"ဟင်... ဒါ.. ဒါ ထွေးခင်ရဲ့အသုဘချလာတဲ့အသံတွေပဲ..."

မှတ်ကြီး မြေကျင်းကြီးထဲမှ မတ်တတ်ထပြီး ရပ်လိုက်၏။ မြေကျင်း၏ နှုတ်ခမ်းက သူ့ရင်စို့သာသာလောက် မြင့်နေသဖြင့် အသုဘ ချလာကြသည့်လူတွေကို အတိုင်းသား မြင်လိုက်ရပြီး သူရောက်နေသည့် နေရာမှာ သင်္ချိုင်းကုန်းကြီး ဖြစ်နေသည်ကို သိလိုက်ရသည်။

"ဟာ... ဟိုမှာ... ဟိုမှာ... ထွေးခင်အတွက် တူးထားတဲ့ မြေကျင်းထဲမှာ မှတ်ကြီး..."

"ဟော့ကောင် မှတ်ကြီး... ဒီကျင်းထဲမှာ ဘာဆင်းပြီးလုပ် နေတာလဲ အပေါ်ပြန်တက်စမ်း"

"ဟယ်... ကိုမှတ်ကြီးတစ်ယောက် သူ့မိန်းမအတွက် တူးထား တဲ့ ကျင်းကြီးထဲမှာတော့..."

ရုတ်တရက် ဝိုင်းအော်လိုက်သည့်လူသံတွေကြောင့် မှတ်ကြီး မှာ ဘာပြန်ပြောလို့ ပြောရမှန်းပင် မသိတော့... သူ့ရင်ထဲမှာလည်း ထွေးခင်နှင့်အတူ ဒီကျင်းကြီးထဲတွင် သူပါ ရောပြီး အပြီးအပိုင် မိုက် ဖာတ်ကို သိမ်းပစ်လိုက်ချင်နေ၏။

ထို့နောက် ရွာကလူတွေအကုန်လုံးက သူ့ကိုချော့မော့ပြီး ကျင်းနှုတ်ခမ်းပေါ်သို့ ဆွဲတင်လိုက်ကြသည်။ ထိုအခါမှ မှတ်ကြီးက ထွေးခင်၏ ခေါင်းတလားကြီးကို ဖက်ကာ လူးလိမ့်နေအောင် ငိုကြွေး နေတော့သည်။

❑







အခန်း ( ၀၂ )

ထွေးခင်၏ အသုဘချပြီးကတည်းက ကိုဘဆောင်၏ပုံရိပ် တွေကိုသာ မှတ်ကြီးမျက်လုံးထဲတွင် မြင်နေရသည်။ တစ်ခါတစ်ခါ ထို ပုံရိပ်တွေက သူ့ကို တစ်စုံတစ်ရာလှမ်းပြောနေသလို ပါးစပ်တွေက တလှုပ်လှုပ် ဖြစ်နေ၏။ စကားသံကိုတော့ မှတ်ကြီး ဘယ်လိုမှ မကြား ရ...။ ပိုဆိုးသည်က မှတ်ကြီးသွားရာနေရာနောက်ကို ကိုဘဆောင် တကောက်ကောက် လိုက်နေခြင်းပင်...။

အခုလည်း အိမ်ရှေ့ကွပ်ပျစ်ပေါ် ထမင်းစားနေသည့် မှတ်ကြီး အနားတွင် ကိုဘဆောင်တစ်ယောက်ရှိနေ၏။ မှတ်ကြီး ထမင်းလုတ် တစ်လုတ် ပါးစပ်ထဲကို ထည့်သွင်းလိုက်တိုင်း ကိုဘဆောင်က သွားရည် တမြားမြားနှင့် လိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မှတ်ကြီးက သူ စုပ်ပြီးသား အရိုးတစ်ချောင်းကို မြေပြင်ပေါ်သို့ ပစ်ချလိုက်ရာ ကိုဘဆောင်က ကပျာကယာ ပြေးပြီး လက်ခုပ်နှင့်ခံကာ မြိန်ရေယှက်ရေ ကိုက်ဖဲ့စားသောက်နေ၏။

"ဟင်"

မှတ်ကြီး၏ မျက်လုံးတွေက ကိုဘဆောင် ပြေးပြီး လက်ခုပ်နှင့် လိုက်ခံနေစဉ် မြေကြီးနှင့် ခြေထောက်တို့ ထိမနေကြသည်ကို တအံ့တဩနှင့်တွေ့လိုက်ရ၏။ မှတ်ကြီး ကိုဘဆောင်ကို ကြည့်ရင်း တုန်လှုပ်ချောက်ချားစ ပြုလာ၏။ ထို့နောက် ကိုဘဆောင်က အရိုးတွေဝါးပြီး ကုန်သွားသောအခါ မှတ်ကြီးကို ကြည့်ကာ လက်ဝါးဖြန့်ပြီး တောင်းနေပြန်သည်။

ထိုအခါမှ မှတ်ကြီး၏ ကြောက်လန့်တုန်လှုပ်လာသည့်စိတ်တွေက ရင်တစ်ခုလုံး ပြောင်းဆန်လာသည်။ သူ့လည်ချောင်းထဲမှာလည်း တစ်ဆို့ဆို့နှင့် နေမထိ ထိုင်မသာ ဖြစ်လာသောကြောင့် ချောင်းဟန့်ပြီး ခွဲသလိပ်တို့ကို ရှင်းကာ ထွေးထုတ်ပစ်လိုက်၏။

"ဟင်.."

စောစောက အစာထပ်တောင်းနေသော ကိုဘဆောင်မှာ မှတ်ကြီးထွေးထုတ်လိုက်သည့်ခွဲသလိပ်တို့ကိုပင် အပြေးအလွှား လက်ခုပ်နှစ်ဖက်နှင့်ခံကာ မြိန်ရေယှက်ရေ စကားသောက်နေပြန်သည်။

ထိုနေရာတွင် မှတ်ကြီး ဘယ်လိုမှ ဆက်မနေရဲတော့။ အိမ်ထဲသို့ ကပျာကယာ ပြေးဝင်လာကာ ပုံမပျက်နေလိုက်၏။ အိမ်ထဲမှာလည်း အသုဘလာမေးကြသော ရွာထဲက ညီ့သည်တွေနှင့် ပြည့်ကျပ်နေ၏။ မှတ်ကြီး အိမ်ထဲသို့ရောက်သည့်တိုင် မျက်လုံးထဲမှာ ကိုဘဆောင်၏ပုံရိပ်တွေက ကပ်ငြိပြီး ပါလာပြန်၏။ ထိုပုံရိပ်တွေကို မမြင်ချင်သောကြောင့်





မျက်စိနှစ်လုံးကို စုံပိတ်ထားသော်လည်း မှတ်ကြီး၏ အာရုံထဲတွင် ကိုဘဆောင်၏ အစာတောင်းနေပုံ၊ အညစ်အကြေးများကို စားနေပုံတို့ကို ပီပီပြင်ပြင် မြင်နေရပြန်သည်။

"သွား.. သွား... မလာနဲ့... ကျုပ်ဆီကို မလာနဲ့..."

ချောက်ချားတုန်လှုပ်လာသည့် မှတ်ကြီးမှာ သူ မြင်နေရသည့် ကိုဘဆောင်၏ပုံရိပ်တွေကို အတင်းအော်ဟစ်မောင်းထုတ်နေ၏။ သူ့ဘေးနားမှလူတွေကလည်း မှတ်ကြီး၏ အမူအရာနှင့် အမှတ်မထင်ထအော်လိုက်သည့်အသံကြောင့်

"ဟဲ့... မှတ်ကြီး နင်ဘာဖြစ်နေတာလဲ... စိတ်ကို ငြိမ်ငြိမ်ထားမှပေါ့ဟယ်..."

"မဟုတ်ဘူး... မဟုတ်ဘူး... ဟို ဟိုမှာ ကိုဘဆောင်လေ။ မတွေ့ဘူးလား။ သူ ကျုပ်ကို လိုက်နှောင့်ယှက်နေတယ်"

ကြားလိုက်ရသည့် မှတ်ကြီး၏ စကားကြောင့် အားလုံးက သူ့ကို ကြောင်စီစီနှင့် ပြန်ကြည့်ကြ၏။ တကယ်တော့ မှတ်ကြီးက လူတွေထင်သလို စိတ်ကယောင်ချောက်ချားဖြစ်သွားခြင်းမဟုတ်... သူ့လက်ထဲတွင် ကိုးရက်မြောက်သွားသော်လည်း တခြားတစ်စုံတစ်ယောက်ကို လက်ဆင့်ကမ်းပြီး မပေးဖြစ်သေးသည့် ကြေးဒင်္ဂါးပြားလေးကြောင့်သာ ဖြစ်သည်။

"ငါ ဒီမြင်ကွင်းတွေကို မြင်နေရတာဟာ ငါ့ဆီမှာရှိနေသေးတဲ့ ကြေးဒင်္ဂါးပြားလေးကြောင့်ပဲ ဖြစ်မှာ...၊ ဟုတ်တယ်... ဒီဒင်္ဂါးပြားဟာ လူတွေရဲ့ မတော်လောဘစိတ်တွေကို အ[illegible]ဟာ မသတ်နိုင်အောင် ဖျက်ဆီးနေတာ။ အခုပဲကြည့်... မတရား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရလာတဲ့ငွေတွေရဲ့ နောက်မှာ ဆုံးရှုံးသွားတဲ့ ငါ့သားမယားနဲ့အတူ အနိဋ္ဌာရုံတွေအားလုံးက ငါ့ကို နှိပ်စက်နေပြီ…''

ထိုအတွေးနှင့်အတူ မှတ်ကြီးက အင်္ကျီအိတ်ထဲမှ ဒင်္ဂါးပြားလေးကို နှိုက်ယူလိုက်ပြီး လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကာ

''ဒီလောက် ကောင်းကျိုးမပေးတဲ့ဒင်္ဂါးပြားကို မြစ်ထဲကို လွှင့်ပစ်လိုက်တာ အကောင်းဆုံးပဲ''

ပြောပြောဆိုဆို မှတ်ကြီးက မြစ်ကမ်းစပ်ရှိရာသို့ တစ်ဟုန်ထိုး ပြေးသွားတော့သည်။

❑





ကမ်းစပ်သို့ရောက်ခါမှ လက်ထဲတွင် ဆုပ်ကိုင်ထားသော ဒင်္ဂါးပြားလေးကို အသာဖြန့်ပြီး ကြည့်လိုက်ပြန်၏။ သူ့နှုတ်ဖျားမှလည်း…

''ငါ့ဘဝတစ်ခုလုံးကို လဲယူသွားတဲ့ မကောင်းတဲ့မိစ္ဆာဒင်္ဂါးပြား …၊ ခင်းကြောင့် လူ့အသက်ပေါင်းများစွာ အသေဆိုးနဲ့ သေခဲ့ရတယ်။ အကောင်းဆုံးကတော့…''

''ဟိတ်ကောင် မှတ်ကြီး… အခုရပ်လိုက်''

ထိုအချိန်မှာပင် သူ့နောက်ကျောဆီမှ အသံနက်ကြီးတစ်ခုကို ကြားလိုက်ရသည်။

''ဟင်… ကိုမင်းဒင်''

အသံလာရာသို့ လှည့်ကြည့်လိုက်သောအခါ ဓားရှည်တစ်ချောင်းကို လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလျက် သူ့ထံသို့ အပြေးအလွှားလာနေသော မင်းဒင်ကို တွေ့လိုက်ရသည်။ မှတ်ကြီးက မင်းဒင်ကို တွေ့လိုက်သည်နှင့် လက်ထဲမှာဆုပ်ကိုင်ထားသော ဒင်္ဂါးပြားကို ကိုယ်နှင့် ကွယ်ကာ နောက်တွင် ဖွက်လိုက်၏။

ထို့နောက် မင်းဒင်က အမူအရာပျက်နေသော မှတ်ကြီးကို ခြေဆုံးခေါင်းဖျားကြည့်ရင်း

''မင်းလက်ထဲမှာ ဖွက်ထားတဲ့ဟာက ဘာလဲ… ငါ့ကို ပြစမ်း''

''ဟို… ဟို… ဘာ… ဘာမှ မဟုတ်ပါဘူး ကိုမင်းဒင်''



www.burmeseclassic.com

www.burmeseclassic.com



တုန်ယင်နေသော မုတ်ကြီး၏အသံကြောင့် မင်းဒင်က ရှေ့သို့ တိုးလာပြီး ဖွက်ထားသောလက်ကို အတင်းဆွဲကာ ဒေါသတကြီးနှင့် မေးနေပြန်၏။

"ဟေ့ကောင် မင်းလက်ထဲက ဘာလဲလို့ မေးနေတယ်လေ။ ငါ့ကို ပေးမလား၊ မပေးဘူးလား။ ဒါပဲ ပြော…"

မုတ်ကြီးမှာလည်း နောက်ဆုတ်နောက်ဆုတ် ခြေလှမ်းများဖြင့် မင်းဒင်၏မျက်နှာကို စေ့စေ့စိုက်ပြီး ကြည့်နေ၏။ ထို့နောက် မုတ်ကြီးက…

"ကျုပ်လက်ထဲမှာ ဘာမှမဟုတ်ပါဘူး။ ဒဂါးပြားလေး တစ်ချပ်ပါ"

ထိုအခါမှ…

မင်းဒင်မှာ 'ဒဂါးပြား'ဟုဆိုလိုက်သည်နှင့် ပြီးခဲ့သည့် ရက်တွေက မုတ်ကြီးတစ်ယောက် ထိုဒဂါးဖြင့် ဖဲဝိုင်းတွေမှာ အနိုင်ယူသွားခဲ့သည်ကို သိထားပြီး ဖြစ်သဖြင့် မရမက သရဲဘီလူးစီးသလို အတင်းတောင်းတော့၏။

"ပေး… ပေးစမ်း… အဲဒီဒဂါးပြား…"

မင်းဒင်၏မျက်နှာပေါ်တွင် လိုချင်တပ်မက်သည့် လောဘမီးတွေက ဟုန်းဟုန်းတောက်နေ၏။ ထို့နောက် မုတ်ကြီးကလည်း

"မယူချင်စမ်းပါနဲ့ ကိုမင်းဒင်၊ ဒီဒဂါးပြားလေးကြောင့် ကျုပ်သားမယားနဲ့ သေကွဲကွဲခဲ့ရတယ်။ နောက်ပြီး …မမြင်သင့်၊ မမြင်အပ်တဲ့ အနိဋ္ဌာရုံတွေလည်း ဒီဒဂါးပြားလေးကြောင့်…"





"ဟေ့ကောင်… အပိုတွေ ပြောမနေစမ်းနဲ့… ပေးမလား မပေးဘူးလား ပြော"

မင်းဒင်၏ဓားကိုင်ထားသော လက်တစ်ဖက်က လေထဲတွင် လက်ခနဲ မြောက်တက်သွားပြီး တုံ့ခနဲ ရပ်နေ၏။ ထိုစဉ်မှာပင် မုတ်ကြီးက သူ့နောက်တွင် ဖွက်ထားသော လက်တစ်ဖက်ကို ရှေ့သို့ ဖြန့်ပြလိုက်၏။ သူ့လက်ဖဝါးထဲတွင်တော့ အကြိမ်ကြိမ် ပါးစပ်ထဲတွင် ကိုက်ငုံထားခဲ့သည့် ကိုဘဆောင်၏ကြေးဒဂါးပြားလေးက အနားထောင့်စွန်းတွေ ပွန်းပဲ့နေသည်။

"ခင်ဗျား ဒီဒဂါးပြားကို သိပ်ကို လိုချင်နေတယ် မဟုတ်လား ကိုမင်းဒင်…"

ထိုစကားနှင့်အတူ မုတ်ကြီးက နောက်သို့ ခြေလှမ်းအနည်းငယ် ဆုတ်လိုက်သည်။ မင်းဒင်ကလည်း သူ့ကို ပေးမည့်အထင်နှင့် ရှေ့သို့ တိုးလာချိန်မှာတော့ မုတ်ကြီးက လက်ထဲမှ ဒဂါးပြားကို အားကုန်လွှဲပြီး မြစ်ရေဆီသို့ လွှင့်ပစ်လိုက်တော့သည်။

တစ်ချိန်တည်းမှာပင်

မင်းဒင် ဆုပ်ကိုင်ထားသော ဓားရှည်အသွားထက်ထက်က မုတ်ကြီး၏ လည်ကုတ်ပေါ်သို့ အားကုန်လွှဲကျသွား၏။

"ဒုတ်"

"အား…"

မုတ်ကြီး၏အသံနက်ကြီးနှင့်အတူ သူ့ခန္ဓာကိုယ်က မြစ်ကမ်းဘေးမှ သောင်ခုံပေါ်သို့ ဝုန်းခနဲ ပြိုကျသွားတော့သည်။

ထိုစဉ်မှာပင်…

www.burmeseclassic.com



“ဟော့ကောင် မင်းဒင်… မလှုပ်နဲ့… မင်းကို ငါတို့ပုလိပ်တွေ ဝိုင်းထားပြီးပြီ”

ကမ်းခြေမှာ ထောင်းထောင်းထနေသော ဖုန်လုံးတွေနှင့်အတူ ရာဇဝတ်အုပ်တွေ၊ ပုလိပ်တွေနှင့် ရွာထဲမှထွက်လာကြသည့်လူတွေက မင်းဒင်ကို ဝိုင်းထားလိုက်ကြသည်။ ရွာသားတွေမှာ သွေးအိုင်ထဲတွင် လဲကျနေသော မှတ်ကြီးကို မြင်လိုက်သည်နှင့်…

“ဟင်… ဟိုမှာ မှတ်ကြီး ဒဏ်ရာနဲ့ လဲနေပါလား…”

“လုပ်… လုပ်ကြပါဦးဟေ့။ ဒီမှာ မှတ်ကြီး”

အမှန်တော့ ပုလိပ်တွေက စပါးပွဲစားကိုသိန်းမောင်ကို သတ်သည့်အမှုနှင့် မင်းဒင်ကို လာဖမ်းကြခြင်းဖြစ်ပြီး မထင်မှတ်ဘဲ မှတ်ကြီးကို ဓားနှင့်ခုတ်သည့်အမှုနှင့်ပါ ပက်ပင်းတိုးနေလေတော့သည်။

“မှတ်ကြီး… မှတ်ကြီး ဘယ်လိုဖြစ်ရတာလဲကွာ…”

ရွာမှလူတွေက မှတ်ကြီးကို ဆွဲပွေ့ထူလိုက်ချိန်မှာတော့ မှတ်ကြီးတစ်ယောက် အသက်ငွေ့ငွေ့လေးသာ ကျန်လျက် သူ့မျက်လုံးတွေက လေထဲသို့ ကြောင်တောင် ငေးစိုက်ကြည့်နေကာ တိုးဖျော့လွန်းသည့် အသံဖြင့်…

“ကို… ကိုတဆောင်… ကျုပ်ကို သွား… သွားခွင့်ပေးပါတော့”

တုန်တုန်ယင်ယင် ရေရွတ်ရင်း မှတ်ကြီးတစ်ယောက် ဇက်ကျိုးကျ သွားလေတော့သည်။

❏





နိဂုံး
(သို့မဟုတ်)
နောက်ဆုံးမှ ရေးတဲ့ အမှာစကား

ဖဲမှော်အောင်သူတစ်ယောက်၏ ဘဝဇာတ်လမ်းတစ်ပိုင်းတစ်စ ရော၊ ဖဲမှော်အောင်စေသည့် အဆောင်ဒင်္ဂါးပြားလေးပါ လက်စတုံး ကွယ်ပျောက်ချုပ်ငြိမ်းခဲ့ရလေပြီ။

အဲဒီအဖြစ်အပျက်တွေက ကြာတော့လည်း ကြာမြင့်လှပြီ ဖြစ်၏။ ၁၉၂၉ ခုနှစ်လောက်က ညောင်လေးပင်-မဒေါက်နယ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ညောင်လေးပင်-မဒေါက် မီးရထား လမ်းကို စတင်ဖွင့်လှစ်ပြီးခါစ …၊ ဆရာစံ၏ တောင်သူလယ်သမား အရေးတော်ပုံ မပေါ်ပေါက်ခင်ကာလအတွင်းမှာပင်။

ထိုစဉ်က မဒေါက်ဇာတိဖြစ်သော ကျွန်တော့်အဘိုးနှင့် အဘွား ပင် အိမ်ထောင်မကျသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



အဘွားပြောပြောသမျှ အိပ်ရာဝင်ပုံပြင်တွေထဲမှာ မှတ်ကြိုးနှင့် အဆောင်ဒဂါးပြားလေးအကြောင်းက ကျွန်တော့်စွဲလမ်းစိတ်ထဲ အချိန် အတော်ကြာသည်အထိ နေရာယူခဲ့ဖူးသည်။

သို့သော် အရွယ်ရောက်လာသည့်အခါကျတော့လည်း တချို့ ကိစ္စတွေက မေ့မေ့ပျောက်ပျောက် . . .။

အခုနောက်ပိုင်းမှာ အဆောင်လက်ဖွဲ့တွေအကြောင်း ဟိုက ဒီက သူပြော ငါပြောကြားနေရပြန်တော့ ငယ်ငယ်တုန်းက ကြားခဲ့ဖူးသည့် ဒင်္ဂါးပြားအဆောင်လက်ဖွဲ့လေးအကြောင်းကို ပြန်သတိရလာသည်။

အဆောင်လက်ဖွဲ့ဆိုတာ ဘာလဲ . . .။

❑





လန်ဒန်မြို့ရှိ လိုရင့်(ဇ်) စာအုပ်ထုတ်ဝေရေးတိုက် ( Lorenz Books ) မှ ထုတ်ဝေသည့် ကဝေပညာအဘိဓာန် ( Encyclopedia of Witchcraff ) စာအုပ်၊ စာမျက်နှာ ၃၀၂ တွင် အဆောင်လက်ဖွဲ့များကို အဓိပ္ပာယ်ဖွင့်ဆိုထားပုံမှာ . . .

"mystical telephone numbers summoning a specific power, be it god, angel, elemental force or a kind of luck"

ဟူ၏။

အဓိပ္ပာယ်မှာ . . .

"တန်ခိုးသိဒ္ဓိစွမ်းပကားများ ရရှိရန်အတွက်သော်လည်းကောင်း၊ ကံကောင်းစေရန်သော်လည်းကောင်း၊ ဒေဝတာများနှင့် အစောင့်အရှောက်ပုဂ္ဂိုလ်များကို ပင့်ဖိတ်ဆင့်ခေါ် ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်သဖွယ်ဖြစ်သည် . . ."

ဟု အနက်အဓိပ္ပာယ် ဖွင့်ဆိုထား၏။



www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်းလောကီပညာအလိုအရ အဆောင်လက်ဖွဲ့များကို (၁) သိဒ္ဓိဝင်ပစ္စည်း ( Charms ) (၂) အဆောင် ( Amulets ) (၃) လက်ဖွဲ့အစီအရင် ( Talismans ) ဟူ၍ သုံးမျိုးသုံးစား ခွဲခြားထားသည်။

သိဒ္ဓိဝင်ပစ္စည်းများ ( Charms)ဆိုသည်မှာ သဘာဝအလျောက် ဖြစ်ပေါ်နေသော ကျောက်တုံးကျောက်ခဲများ၊ သစ်ပင်အပိုင်းအစ အခက်အလက်များကို ဆိုလိုသည်။ လူက ဖန်တီးလုပ်ယူထားခြင်း မဖြစ်ရပေ။

ထိုသို့ လူဖန်တီးမှုမပါရှိဘဲလျက် ထူးထူးဆန်းဆန်း ပုံသဏ္ဍာန်ဖြစ်ပေါ်နေသော သဘာဝပစ္စည်းများတွင် တန်ခိုးသိဒ္ဓိရှိသည်ဟု အယူရှိကြ၏။ ဥပမာ– ကျောက်လိပ်၊ ကျောက်အမြှေတေ၊ ကျောက်လက်ဝါး၊ သစ်တံခါး၊ သစ်နွယ်ပင်ကွင်းထိုး . . . စသည်တို့ ဖြစ်ကြသည်။

အနောက်တိုင်းသားတို့က အပေါက်ပါသော ကျောက်တုံးများကို အထွတ်အမြတ်ထားပြီး ဆောင်တတ်ကြသည်။ ငွေရေးကြေးရေးကံကောင်းလိုလျှင် ပူဇီနာရွက်ကို ပိုက်ဆံအိတ်ထဲထည့်ပြီး ဆောင်လေ့ရှိကြ၏။

အဆောင် (Amulets) ဆိုသည်ကတော့ ကာယကံရှင်၏ မွေးရက်၊ မွေးနံ၊ ဂြိုဟ်နေ ဂြိုဟ်ထား အစရှိသည်တို့နှင့် ကိုက်ညီမှုရှိအောင် တွက်ချက်ချိန်ဆပြီး အမြဲတမ်း ကိုယ်နှင့်မကွာ ဆောင်ထားရမည့် အရာပင် ဖြစ်သည်။



BURMESE CLASSIC .com



မြန်မာလောကီပညာတွင်လည်း ပတ္တမြားကို ဆောင်ရမည်၊ နီလာလက်စွပ် ဝတ်ဆင်ရမည်။ နဝရတ်ကိုးသွယ် ဝတ်ရမည်၊ မြတ်စွာဘုရားရုပ်ပွားတော်ကို ကံ့ကော်သားဖြင့် ထုလုပ်ပူဇော်ပါ အစရှိသော လုပ်နည်းလုပ်ဟန်မျိုး တွေ့ရတတ်၏။

လက်ဖွဲ့အစီအရင် ( Talisman )ဆိုသည်ကား တစ်စုံတစ်ရာသော ရည်မှန်းချက် အောင်မြင်အောင် ရည်ရွယ်ပြီး ဂန္ဓာရီပညာရှင်က စီမံဖန်တီးလိုက်သောအရာပင် ဖြစ်၏။ အကြွေးတောင်း၍ ရစေရန်၊ စကား အချေအတင် ပြောဆိုအနိုင်ရစေရန်၊ မိမိမြတ်နိုးသောမိန်းကလေးက မေတ္တာတုံ့ပြန်စေရန်၊ ငွေဝင်စေရန် . . . စသဖြင့် ရည်ရွယ်ချက်အမျိုးမျိုး အောင်မြင်အောင် ‘ရေတို တစ်ခဏသုံး’ စီရင်ဖန်တီးထားသော လက်ဖွဲ့ပင်တည်း။ တစ်သက်လုံး အသုံးပြု၍ မရချေ။

ထိုသို့သော အစီအရင်မျိုးတွင် စာရွက်ပေါ် ဂဏန်းအင်းကွက်၊ ပုံသဏ္ဍာန် စသဖြင့် တစ်စုံတစ်ရာ မန်းမှုတ်၍လည်းကောင်း၊ သစ်သားပေရွက်တို့ပေါ် ရေးခြစ်ထွင်းထု၍လည်းကောင်း၊ ရွှံ့ဖြင့်အရုပ်လုပ်၍ လည်းကောင်း၊ လက်ဝတ်ရတနာများ၊ ဒင်္ဂါးပြားများကို မန်းမှုတ်စီရင်၍လည်းကောင်း ဖန်တီးလေ့ရှိကြ၏။

ယင်းအတတ်ပညာ အထွန်းကားဆုံးဒေသမှာ ယခင်ခေတ်ကာလက မက်ဆိုပိုတေးမီးယားအရပ်ဒေသ (ယခုအီရတ်ဝန်းကျင်) တွင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့လက်ဖွဲ့အစီအရင် ပညာကို လေ့လာလိုလျှင်ကား သရာဘူ ကိုးစောင်တွဲနှင့် ကဝေသာရကျမ်းတို့တွင် ကြည့်ရှုနိုင်ပါသည်။

တစ်ခုသတိပြုရန်မှာကား မည်သည့်အဆောင်က ဘယ်လောက်ပင် စွမ်းစွမ်း၊ မည်သည့်ပညာဖြင့် ဘယ်လိုပင် စီရင်စီရင် အဓိကကျသည့်က မိမိရင်ထဲတွင်ဆောင်ထားသော အရာပင် ဖြစ်၏။ လောဘတွေကို ဆောင်ထားသလား။ ဒေါသတွေကို ဆောင်ထားသလား။ မောဟတွေကိုများ ရင်ထဲမှာ ဆောင်ထားမိလေသလား။

ထိုအရာတွေကို ဆောင်ထားနေသမျှ ကာလပတ်လုံးတော့ လောကီအစီအရင်တို့သည် ကောင်းကျိုးပေးလိမ့်မည် မဟုတ်ပါ။ အဆောင်တကာ့ အဆောင်ထဲတွင် 'မေတ္တာအဆောင်'သာလျှင် အစွမ်းအထက်ဆုံး ဖြစ်လေတော့သည်။

သတိုးဇော

□ □ □








ထွက်ပြီ

ရတနာသိုက် စာပေတိုက်

အမှတ် - ၁၅၂ (ဘီ)၊ ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၄၆ လမ်းထိပ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၁၃၈ (မြေညီထပ်)၊ ၄၆လမ်း(အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၂၀၀၆၉၉၊ ၀၉ ၅၅၁၀ ၆၁၉၈၊ ၀၉ ၅၁ ၉၆၀၂၃၊ ၀၁ ၂၉၄ ၂၉၃



www.burmeseclassic.com